# မတ်ပွယ်မတ်ကျာ

# ဖူခင်းများ

ခင်မောင်ထွန်း (လမ်းမတော်)

ကျော်ညွန့်ရည်

စာပေ

"စီစဉ်သူ"

ဒေါ်ဝါဝါကျော်

**"ဒို့တာဝန်အရေးသုံးပါး"**

- ❖ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

**"ပြည်သူ့သဘောထား"**

- ❖ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် ၄ ရပ်**

- ❖ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ❖ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**"စီးပွားရေးဦးတည်ချက် ၄ ရပ်"**

- ❖ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်ရှိရေး။

**"လူမှုရေးဦးတည်ချက် ၄ ရပ်"**

- ❖ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ❖ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ❖ မျိုးချစ်စိတ်ဓာတ်၊ ရှင်သန်ထက်မြက်ရေး။
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ဖတ်ဖွယ် ဖတ်ရာ မှခင်းများ

ခင်မောင်ထွန်း(လမ်းမတော်)

## "ထုတ်ဝေမှုမှတ်တမ်း"


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၅၉၄၀၆၀၅ |
| မျက်နှာဖုံးခွင့်ပြုချက် | - | ၅၀၀၅၉၃၀၆၀၅ |
| ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင်လ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၉၀၀ ကျပ် |
| ထုတ်ဝေသူ | - | ဦးကျော်ညွန့် (မြ-၀၄၁၃၁) "ကျော်ညွန့်ရည်စာပေ" အမှတ် ၁၅၁/၁၅၃ (၄-လွှာ)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ်သူ | - | ဦးအောင်ကြီး (၀၇၆၂၆) တောက်တောက်ဝင်းအော့ဖ်ဆက်၊ အမှတ် ၁၆၉၊ ၃၃ လမ်း၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပုံနှိပ်သူ | - | ဦးကျော်စိန် (၀၂၉၀၉) ကျောက်စိမ်းအော့ဖ်ဆက် အမှတ် (၁၆၉)၊ (၃၃)လမ်း၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးဒီဇိုင်းနှင့် ကွန်ပျူတာစာစီ | - | ပုံရိပ် ကွန်ပျူတာ ၁၇၆၊ **မဟာဗန္ဓုလပန်းခြံလမ်း**၊ ရန်ကုန်။ ဖုန်း - **၃၇၉၅၀၄** |
| အတွင်းဖလင် | - | ပန်းချီ **မောင်မြင့်**အောင် (တောက်တောက်ဝင်း) |
| ဖြန့်ချိရေး | - | "ဂုဏ်ထူးစာပေတိုက်" အမှတ် (၁၉၂)၊ ၃၃-လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၆၅၉၀၊ ၃၈၆၅၉၅ |

## "မာတိကာ"


| စဉ် | အမည် | စာမျက်နှာ |
|---|---|---|
| ၁။ | သူတို့ဆီကမှုခင်းများ | ၁ |
| ၂။ | တံလျှပ်ကိုရေထင် ရွှေသမင်အလိုက်မှားသူများ သတိထားစရာ | ၇ |
| ၃။ | ကျွန်းပြန်ဘရင်နှင့် ကိုရွှေမိုးတို့ဇာတ်လမ်း | ၁၁ |
| ၄။ | ရာဇဝတ်ဘေး ပြေးမလွတ် | ၁၇ |
| ၅။ | အလိမ်မခံရစေချင်ပါ | ၂၃ |
| ၆။ | ဘဝရေစက်လား၊ မေတ္တာရေစင်ပြန်ကြောင့်လား | ၂၇ |
| ၇။ | တုန္နိုင်းမရသော မေတ္တာတံတိုင်းကြီးပမာ | ၃၃ |
| ၈။ | သတိထားသင့်သော အိမ်ရှင်နဲ့အိမ်ဖော်ပြဿနာများ | ၃၉ |
| ၉။ | အားနာရင်ခါးပါတတ်တယ်တဲ့ | ၄၃ |
| ၁၀။ | သူလည်းလေ ပုထုဇဉ်လူသားပေမို့ | ၅၁ |
| ၁၁။ | ဆရာချစ် ထိပ်ကွက်သွားခြင်း | ၅၇ |
| ၁၂။ | ဇနီးရဲ့အော်ငိုသံကိုအကြောင်းပြု၍ သဲလွန်စရလိုက်တဲ့ ဖြစ်ရပ်မှန် မှုခင်းတစ်ခု | ၆၄ |
| ၁၃။ | လူရော တိရစ္ဆာန်ပါသတ်တဲ့ မူးယစ်ဆေး | ၆၇ |
| ၁၄။ | ဒရိုင်ဘာဘက်ကကြည့်တော့လည်းမှန်တယ် ခရီးသည်ဘက်ကကြည့်တော့လည်းမှန်တယ် ဆိုတဲ့ ယတြာနဲ့ စေတနာ ပဋိပက္ခ | ၇၁ |

စဉ် အမည် စာမျက်နှာ


၁၅။ သာထူးချစ်တဲ့ ဝေး ၇၇

၁၆။ တို့ဆေးဆိုသည်မှာ တကယ်ရှိရဲ့လား ၉၅

၁၇။ အမေ့ကျေးဇူးနှင့် ဥပဒေအဆုံးအမ ခံယူတတ်ပါစေ ၁၀၁

၁၈။ ဆရာ ကျွန်တော့်ကို မနက်ဖြန်မှ ဖမ်းပါဆရာရယ် ၁၀၇

၁၉။ ဘိုးတော်ဆိုတိုင်း မယုံသင့်ပါ ၁၁၃

၂၀။ ယုံကြည်မှ စားသောက်ပါ ၁၂၀

၂၁။ ယုံသင့်မှယုံပါ၊ စိတ်ညှို့ပညာအကြောင်း သိကောင်းစရာ ၁၂၅

၂၂။ ဒေါသကြောင့်လား ကံတရားကြောင့်လား ၁၂၉

၂၃။ အရက်ကြောင့်လား လောဘကြောင့်လား ကံကြီးထိုက်တာလား ၁၃၅

၂၄။ စိတ်အလှနှင့် မှုခင်းများ ၁၄၁

၂၅။ အတတ်ဟောဆရာဆိုတိုင်း ယုံသင့်မှယုံပါ ၁၄၇

၂၆။ လိမ်စရာမရှိတော့လည်း ကြံမိကြံရာ ကြံမိတာပါတဲ့ ၁၅၃

၂၇။ ယုံလွယ်တော့ မှားပါတယ် ၁၅၇

၂၈။ ကားအဝယ်မမှားကြရအောင် ၁၆၁

# "အမှာ"

စာရေးသူနှင့် ကျွန်တော်တို့ သိကျွမ်းခဲ့သည်မှာ နှစ်ပေါင်း (၂၀)ပင် သိသိသာသာ ကျော်ခဲ့ပြီ။ သူသည် ''ခင်မောင်ထွန်း (လမ်းမတော်)'' ဟူသော ကလောင်အမည်ကို ယူထားခဲ့သော်လည်း သူ့ဇာတိမှာ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်မဟုတ်၊ လယ်တွင်း ကိုးခရိုင်ဇာတိဖြစ်သည်။ သို့ရာတွင် သူ့အဖို့ ကလောင်ကိုင်၍ ရပ်တည်ရန် အားပြုထောက်ကန်ပေးလျက် အရှိန်တင်ပေးခဲ့သော ဒေသမှာ လမ်းမတော်မြို့နယ် ဖြစ်ဖို့များသည်ဟု ယူဆရသည်။ ကျွန်တော့်မှာ ထိုသို့ယူဆချင်သော အကြောင်းရှိပါသည်။

ရန်ကုန်မြို့သည် မြို့ကွင်းမြို့ကွက် ယခုကဲ့သို့ မကျယ်ပြန့်မီက လမ်းမတော်ကို အနောက်ပိုင်း၊ ပုဇွန်တောင် ရေကျော်ကို အရှေ့ပိုင်း ဟူ၍ အသိအမှတ်များခဲ့ကြသည်ကို သတိထားမိပါသည်။ ရန်ကုန် အနောက်ပိုင်းသားတို့သည် မြစ်ဆိပ်နှင့် နီးခြင်း၊ ဈေးနား စည်ကားရာ အရပ်ဖြစ်ခြင်း၊ သိင်္ဂုတ္တရကုန်းမြေသို့ တက်ရာလမ်းကြောဖြစ်ခြင်း၊ စီးပွားရေးလုပ်ငန်း၊ ပွဲရုံလုပ်ငန်းတို့များပြားခြင်း၊ တစ်ချိန်က တိုင်းခြား လူမျိုးများ ဖောက်ကား ရောင်းဝယ်အခြေချရာဖြစ်ခြင်းတို့ကြောင့် လူသူ များပန်းခတ်မျှ စည်ကားသောအရပ်ဖြစ်နေခဲ့သည်။ လူသူများသော အခါ လူမှုကိစ္စတို့လည်း များမြောင် ရှုပ်ထွေးတတ်မြဲဖြစ်သည်။ ထို များမြောင် ရှုပ်ထွေးမှုတွင် အကောင်းရော အဲဆိုးပါ ရောနှောနေတတ်မြဲ

လည်းဖြစ်သည်။ ထို့ကြောင့် လမ်းမတော်ရှိရာ အနောက်ပိုင်းအရပ်သည် ရန်ကုန်မြို့တွင် ခေတ်သစ်မြို့ပြသဘောနှင့် ဦးစွာ ထိတွေ့ဆုံဆည်းရာ ဖြစ်သောကြောင့်လည်း အနှ၊ အကြမ်းမျိုးစုံတို့ နေ့စဉ်စုံလင်သော နေရာဖြစ်ခဲ့သည်။ ထိုသို့ဖြစ်ခြင်း၏အကျိုးဆက်မှာ ရေးစရာတွေ ပုံဖော်စရာတွေ၊ မှတ်တမ်းတင်စရာတွေ၊ သင်ခန်းစာယူစရာတွေ တစ်ပုံတစ်ပင်ရှိသည့် လူမှုအသိုက်အဝန်းကြီးဖြစ်နေပေသည်။

''ခင်မောင်ထွန်း(လမ်းမတော်)''သည် ဤလူမှုအသိုက်အဝန်းကြီးကို မြင်သာသောနေရာသို့ရောက်သွားသည်။ လမ်းမတော်မြို့နယ်တွင် တိုက်ပိုင်ရဲမှူး လုပ်ခဲ့ဖူးရာမှ မျက်မြင်ကိုယ်တွေ့တို့ကို ကလောင်သွေးခဲ့သည်လားမသိ။ စစ်ကြိုခေတ်က နာမည်ကြီးခဲ့သော ''လမ်းမတော်ဖိုးတုတ်''ဟူ၍ အရပ်ကသိကြသည့် ပုဂ္ဂိုလ်မျိုးသာ သူနှင့်ခေတ်ပြိုင်ဖြစ်လျှင် သူ့ကလောင်ဖျား၌ ထိုပုဂ္ဂိုလ်၏ လက်ရာခြေရာတို့ကို မှတ်တမ်းတင်ခဲ့လိမ့်မည်သာဖြစ်သည်။ ယခုသော် သူ့အစားထိုခေတ်၏ အစွန်းအစကို တစ်စိတ်တစ်ပိုင်း ချိတ်မိလိုက်သည့် ''မြောင်းမြမောင်ကို''က ''လမ်းမတော်ဖိုးတုတ်'' ဟူ၍ စာအုပ်တစ်အုပ်ရေးဖြစ်ခဲ့သည်။

''မြောင်းမြမောင်ကို''သည် တစ်ခေတ်က ထောင်မှူးဟုခေါ်ကြသော အကျဉ်းဦးစီးမှူးတစ်ဦးဖြစ်သည်။ ''ခင်မောင်ထွန်း(လမ်းမတော်)''သည် တစ်ခေတ်က ပုလိပ်အရာရှိဟု ခေါ်ကြသော ရဲအရာရှိတစ်ဦးဖြစ်သည်။ သူတို့နှစ်ဦးလုံး၏ အားသာချက်မှာ စာရေးရန်ကုန်ကြမ်းများ မျက်စိအောက်သို့ ရောက်လာတတ်ခြင်းဖြစ်သည်။ သူတို့နှစ်ဦးလုံးသည် ထိုအခွင့်အရေးများနှင့် ပြည့်ဝသူများ ဖြစ်သည်ဟု ဆိုသင့်ပါသည်။ သူတို့လိုပင် ရဲအရာရှိထဲမှ ရဲအရာရှိ တစ်ဦး၊ စံပယ်ပင်ဦးလတ် စသူတို့ ပေါ်ခဲ့သည့်နည်းတူ အကျဉ်းဦးစီးထဲမှ ရန်အောင်မောင်မောင်၊ မင်းသူရိန် စသူတို့ပေါ်ပေါက်ခဲ့သည်။

(ဂ)

စာရေးရန် ကုန်ကြမ်းဖြစ်သည့် လူ့စရိုက် လူ့ဘာဝများနှင့် အလွယ်တကူ ရင်းနှီးသော အသက်မွေးမှုတို့တွင် ဆရာဝန်နှင့် ကျောင်းဆရာတို့လည်း ပါတတ်ပြန်သည်။ ဤလေးမျိုးသော အသက်မွေးမှုတို့သည် စာရေးရန် ဓာတ်ခံရှိသူတို့အတွက် အပိုတွန်းအား ရနိုင်သော အလုပ်အကိုင်များဖြစ်သည်။ စာရေးခြင်း၌ ထို သာရည်ကြောရည်ကို ယူတတ်လျှင် လူ့စရိုက်သဘာဝကို များများ ရှာရန်မလို၊ ရသပေါ်အောင် ဖွဲ့စပ်ပုံလောင်းဖို့သာ လိုပေသည်။

ဆရာ"ခင်မောင်ထွန်း(လမ်းမတော်)"သည် ထိုအခွင့်အရေးကို ယူတတ် သုံးတတ်သူဟု ဆိုချင်သည်။ ယူရင်းသုံးရင်းဖြင့် ဇာတ်လမ်း တစ်ပုဒ်ဖြစ်အောင်ဖွဲ့ရသော အားထုတ်မှု အတတ်ပညာလည်းရှိသူ ဖြစ်သည်။ ထိုနည်းဖြင့် သူ့လက်ရာ သူ့အစီအမံတို့ မှုခင်းဝတ္ထု မှုခင်းစာစောင် ဂျာနယ်တို့၌ ပါခဲ့သည်။ ၁၉၅၉ ခုနှစ်ကပင် "ရဲကြေးမုံ" စာစောင်၌ သူ့လက်ရာပါခဲ့ရသည်။ ဤစာအုပ်တွင်ပါသော ဝတ္ထုတိုများသည် သူ၏လက်ရာများစွာမှ နမူနာ အစုအဝေးတစ်ရပ်သာ ဖြစ်ပါသည်။

ခင်မောင်ထွန်း(လမ်းမတော်)၏ မှုခင်းဝတ္ထုတိုများထဲတွင် ဇာတ်လမ်းသက်သက်ကို ဖတ်ရုံမျှမက၊ နောက်ဆစ်ဆင့် အတွေးပေါက်နိုင်ကြလျှင် တရားဥပဒေ၏ လက်တံရှည်မှု(Long arm of the law)နှင့် လူတို့၏ လောဘ၊ ဒေါသ၊ မောဟ စသော မိုက်မှားမှုများ (human follies)ကို သိသာနိုင်ပါလိမ့်မည်။ ဘဝတွင် ဆင်ခြင်အပ်သော လောကမျက်နှာစာတို့ကို ရသနည်းဖြင့် လှစ်ဟတင်ပြပေးသော "ရဲသူရိန်ဘွဲ့"ရ "ရဲကလောင်ရှင် အား ကျေးဇူးတင်ရပါသည်။

စာရေးခြင်း၌ စေတနာပါရှိရသည်ဟု ဆိုပါသည်။ ထိုစေတနာ ပါဝင်မှု အတိုင်းအဆကို စာဖတ်သူတို့က သိသာကြမြဲ၊ ခံစားကြမြဲ၊ လိုလားကြမြဲ၊ မှတ်သားတောင့်တကြမြဲဖြစ်သည်။ စကားပြေ ရသအဖွဲ့၌

မှုခင်းဝတ္ထုကြောင်းများသည် အချစ်ဝတ္ထုကြောင်းပြီးလျှင် သူတို့က ဒုတိယလိုက်မြဲဖြစ်သည်။ ထို့ကြောင့် သူ့လက်ရာကို မဖော်ညွှန်းဘဲ၊ အမွှန်းမတင်ရဘဲနှင့်လည်း နှစ်သက်စွာ ခံစားဖတ်ရှုကြလိမ့်မည်ဟု ယုံကြည်သဘောပေါက်ပြီးသားဖြစ်ပါသည်။ "ပြည်သူ့ထဲမှ မှုခင်းများ"ကို ဆက်၍ဖတ်ရင်း မှုခင်းကျဆင်းရေး၊ ပြည်သူ့ဘဝလုံခြုံရေး စိတ်ဓာတ်တို့ တိုးပွား၊ ပွားများနိုင်ကြပါစေကုန်။ ။

မောင်ဆုရှင်

၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက်

# သူတို့ဆီကမှုခင်းများ

စာရေးသူသည် ကမ္ဘာ့အင်အားကြီး နိုင်ငံတစ်ခုဖြစ်သော ဆိုဗီယက်ပြည်ထောင်စုသို့ ချစ်ကြည်ရေးခရီးရောက်ရှိခဲ့စဉ်က ဆိုဗီယက်စုံထောက် စာရေးဆရာအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ကို သူတို့ဆီက မှုခင်းဖြစ်ပွားမှုအခြေအနေနှင့် မြန်မာနိုင်ငံ အခင်းဖြစ်ပွားမှုအခြေအနေများကို တွေ့ဆုံဆွေးနွေးခဲ့စဉ်က တစေ့တစောင်းဆွေးနွေးခဲ့ရာမှ အချက်အလက်များကို စာဖတ်သူများအတွက် ဗဟုသုတအဖြစ် ရေးသားတင်ပြလိုက်သည်။

ကျွန်တော်သည် မွန်းလွဲ ၂ နာရီခွဲအချိန်ခန့်တွင် မင်္ဂလာဒုံလေဆိပ်သို့ ပြင်ပခရီးထွက်ခွာ၍ ရောက်ရှိခဲ့သည်။ ဒီခရီးစဉ်တွင် ကျွန်တော်က အဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါရမည်ဖြစ်သည်။ စာရေးဆရာ မုံရွာဝင်းဖေက အဖွဲ့၏အတွင်းရေးမှူး၊ စာရေးဆရာ ဒေါ်မစန္ဒာ (ဒေါ်ချိုချိုတင့်)တို့က အဖွဲ့ဝင်အဖြစ် လိုက်ပါကြမည်ဖြစ်ပါသည်။ ခရီးစဉ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ဆိုဗီယက်ပြည်ထောင်စုတို့ နှစ်နိုင်ငံ ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးအစီအစဉ်အရ ဆိုဗီယက်ပြည်ထောင်စု၏ ဖိတ်ကြားချက်ဖြင့် မြန်မာစာရေးဆရာအဖွဲ့ ကိုယ်စားလှယ်များ ဆိုဗီယက်ပြည်ထောင်စုသို့ လေ့လာရေးခရီးသွားရောက်ရန် စေလွှတ်ခြင်းဖြစ်ပါသည်။

ညနေ ၅ နာရီခွဲတွင် ရန်ကုန်မှထွက်ခွာ၍၊ ၎င်းမှ မော်စကိုမြို့သို့ လေယာဉ်ဖြင့် ခရီးဆက်ခဲ့ပါသည်။ ည ၈ နာရီတွင် အိန္ဒိယနိုင်ငံ ဘုံဘေလေဆိပ်သို့ ဆိုက်ရောက်ပါသည်။ လေယာဉ် ခေတ္တရပ်

နားပါသည်။ ဘုံဘေလေဆိပ်တွင် နာရီဝက်ခန့်ရပ်နားပြီး လေယာဉ် ဆက်လက်ထွက်ခွာခဲ့ပါသည်။ လေယာဉ်သည် ည သန်းခေါင်ကျော် ၁၂ နာရီခွဲအချိန်ခန့်တွင် UAE အာရပ်စော်ဘွားများနိုင်ငံမှ ရှားဂျားမြို့သို့ ခေတ္တဆင်းသက်ရပ်နားခဲ့ပါသည်။

ယူအေအီးနိုင်ငံသည် နိုင်ငံငယ်ကလေးဟု သိရသော်လည်း ရေနံဖြင့် ချမ်းသာကြွယ်ဝနေကာ ခေတ်မီခမ်းနားသော နိုင်ငံတကာ လေဆိပ်ကြီးဖြစ်နေသည်ကို တွေ့ရပါသည်။ လေဆိပ်အဆောက်အဦ ထဲတွင် အကောက်ခွန်လွတ်ဆိုင်များရှိရာ ထူးခြားချက်မှာ အချို့ဆိုင် များတွင် နောက်ဆုံးပေါ်ကားသစ်ကြီးများကို ဆုံလည်ခုံကြီးများပေါ် တင်၍ အကောက်ခွန်လွတ်ပစ္စည်းအဖြစ် ဆိုင်တင်ခင်းကျင်းရောင်းချ ထားသည်ကို တွေ့ရှိရပါသည်။ ရှားဂျားမြို့တွင် ၁ နာရီခန့် လေယာဉ် ရပ်နား ဆီဖြည့်ပြီး ဆက်လက်ထွက်ခွာခဲ့ကြပါသည်။ နောက်တစ်ရက် မြန်မာစံတော်ချိန် နံနက် ၈ နာရီခန့်တွင် ဆိုဗီယက်ပြည်ထောင်စု၏ မြို့တော်၊ မော်စကိုလေဆိပ်သို့ ရောက်ရှိခဲ့ကြပါသည်။ လေဆိပ်၌ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဦးအုန်းခိုင်နှင့် နှင့် ဒုတိအတွင်းဝန် ဦးစိုးလှိုင်တို့အပြင် ဆိုဗီယက်စာရေးဆရာအသင်းမှ နိုင်ငံခြား ဆက်သွယ်ရေးတာဝန်ခံ"မစ္စပာဲလင်"တို့ လာရောက် ကြိုဆိုကြပါသည်။ မြန်မာသံရုံးမှ အရာရှိများနှင့်ညှိနှိုင်း၍ ကျွန်တော်တို့နာရီများကို မော်စကိုစံတော်ချိန်နှင့်ကိုက်ညီအောင်တိုက်ကြပါသည်။ မော်စကို စံတော်ချိန်သည် မြန်မာစံတော်ချိန်ထက် (၃)နာရီခွဲ စောနေကြောင်း တွေ့ရှိရပါသည်။

ဆိုဗီယက်ပြည်ထောင်စု စာရေးဆရာအသင်းမှ နိုင်ငံခြား ဆက်သွယ်ရေးတာဝန်ခံ "မစ္စပာဲလင်"က ကျွန်တော်တို့အဖွဲ့ကို မော်စကို မြို့မှ ၁ နာရီခန့်သွားရသော စာရေးဆရာများညှိဂေဟာတွင် နေရာ ချထားပေးမည်ဖြစ်ကြောင်း၊ နောက်တစ်နေ့အစီအစဉ်တွင် ဆိုဗီယက်

စာရေးဆရာများအသင်းနှင့် ဆိုဗီယက်စုံထောက် စာရေးဆရာအသင်းများသို့ သွားရောက်တွေ့ဆုံ လေ့လာဆွေးနွေးရန် စီစဉ်ထားကြောင်းနှင့် အထူးသဖြင့် အဖွဲ့ခေါင်းဆောင်ဖြစ်သော ကျွန်တော်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တစ်ဦးဖြစ်သဖြင့် ဆိုဗီယက်စုံထောက်စာရေးဆရာအသင်းနှင့် သီးခြားတွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း ပထမနေ့ အစီအစဉ်ကို ရှင်းပြပါသည်။

ကျွန်တော်က ဘယ်စာရေးဆရာအသင်းကို အရင်သွားရမှာလဲလို့ မေးရာ စုံထောက်စာရေးဆရာအသင်းမှာ လမ်းကြောင်းသင့်၍ အရင်သွားရန် စီစဉ်ထားကြောင်းပြောသဖြင့် ကျွန်တော့်ဆန္ဒနှင့်ကိုက်ညီ၍ ဝမ်းသာပီတိဖြစ်ရပါသည်။ ကျွန်တော့်အနေဖြင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးဖြစ်၍ မြန်မာနိုင်ငံ အေးချမ်းသာယာမှုနှင့် မှုခင်းများများ ကျဆင်းနေခြင်းများကို ဆွေးနွေးညှိနှိုင်းခွင့်ရရှိမည်ဖြစ်သောကြောင့်ဖြစ်ပါသည်။

ကျွန်တော်တို့အဖွဲ့သည် မြင့်မားသော တိုက်တာများ ခန့်ညားလှပသော လမ်းများနှင့်တည်ဆောက်ထားသော မော်စကိုမြို့လယ်မှ ဖြတ်၍ (၁)နာရီကျော်ခန့် သွားရောက်ပြီးသည့်အခါ လမ်းမကြီးမှ လမ်းချိုးအကွေးတစ်ခုထဲသို့ လေးဖာလုံခန့် ဝင်လိုက်သောအခါ "ဝီရီရှိလ်ရာရ်နာ အမည်ရှိ စာရေးဆရာများ စည့်ရိပ်သာရှိသောခြံဝင်းကျယ်ထဲသို့ ရောက်ရှိကြပါသည်။ ရိပ်သာအဆောက်အဦကြီးမှာ သုံးထပ်အဆောက်အဦဖြစ်၍ ခန့်ညားကျယ်ပြန့်သော အခန်းများဖြင့် ဖွဲ့စည်းထားပါသည်။ အခန်းပေါင်း သုံးရာကျော်ရှိကြောင်းသိရပါသည်။ ရိပ်သာကြီး၏ ပတ်လည်သစ်တောကြီးများထဲတွင် စာရေးဆရာတစ်ဦးချင်း တည်းခိုနိုင်သော လုံးချင်းတစ်ထပ်တိုက်ငယ်များကို တည်ဆောက်ထားကြောင်း တွေ့ရပါသည်။ ဆိုဗီယက်စာရေးဆရာအသင်းဝင်များသည် ရိပ်သာကြီးနှင့် လုံးချင်းအဆောက်အဦများတွင် တစ်နှစ်တစ်ကြိမ် အခမဲ့ လာရောက်အပန်းဖြေ၍ ကြိုက်ရာစာများ ရေးသားပေးကြောင်း သိရှိရပါသည်။

ကျွန်တော့်ကို အဖွဲ့ခေါင်းဆောင်ဖြစ်၍ ပထမထပ် အခန်း နံပါတ် ၁၂၇ တွင် နေရာချထားပေးပြီး ဦးဝင်းဖေက အခန်းနံပါတ် ၁၀၄၊ မစန္ဒာက အခန်းနံပါတ် ၁၀၇ တို့တွင် အသီးသီးနေရာချထား ပေးပါသည်။

နောက်တစ်နေ့ နံနက် ၉ နာရီခွဲတွင် "မစ္စဟဲလင်"နဲ့အတူ ကျွန်တော်တို့အဖွဲ့ကို စကားပြန်အဖြစ် တာဝန်ယူပေးမည့် ဆိုဗီယက် အမျိုးသမီး "မစ္စဂါလီနာမီနီနာ" မြန်မာအမည် ဒေါ်စိန်တင်တို့ ရောက်ရှိလာကြပါသည်။ ဒေါ်စိန်တင်မှာ ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာ သင်ကြားခဲ့သူတစ်ဦးဖြစ်ပါသည်။ ကျွန်တော်တို့အဖွဲ့သည် သူတို့နဲ့အတူ ဆိုဗီယက်စုံထောက် စာရေးဆရာအသင်းသို့ သွားရောက်ကြပါသည်။

မော်စကိုမြို့ကြီး၏ အလယ်ဗဟိုခန့်တွင်ရှိသော နာမည်ကျော် အာရ်ဘာတ် လမ်းမကြီးပေါ်ရှိ မော်စကို စုံထောက်စာရေးဆရာအသင်း တိုက်သို့ ရောက်ရှိကြပါသည်။

ကျွန်တော်တို့အဖွဲ့ကို ဆိုဗီယက်စုံထောက် စာရေးဆရာ အသင်းဥက္ကဋ္ဌ အက်ဒဝါခရုစကီနှင့် စုံထောက်စာရေးဆရာများက ကြိုဆို နှုတ်ဆက်ကြပါသည်။

ဆိုဗီယက် စုံထောက်စာရေးဆရာဥက္ကဋ္ဌက ဆိုဗီယက်စာပေနှင့် ပတ်သက်၍ အောက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

"မှူခင်းစာပေနှင့် လူမှုရေးအခြေအနေသည် ဆက်စပ်မှုရှိနေကြောင်း၊ ဆိုဗီယက်စုံထောက်ဝတ္ထုနှင့် အနောက်တိုင်းမှ စုံထောက် ဝတ္ထုများသည် အခြေခံသဘောတရားချင်း မတူညီကြောင်း အနောက် နိုင်ငံမှ စုံထောက်ဝတ္ထုများသည် အပျော်ဖက်၍ ဇာတ်လမ်းဆင်ခြင်းဖြစ်၍ ဆိုဗီယက်စုံထောက်ဝတ္ထုများသည် ဖြစ်ရပ်မှန်များကို အခြေခံ၍ ပညာ ပေးခြင်းဖြစ်ကြောင်း၊ သို့သော် ယခုအခါ အနောက်တိုင်း စုံထောက် ဝတ္ထုများကို ဘာသာပြန်၍ ရေးသားထုတ်ဝေလျက်ရှိကြကြောင်း။

ဆိုဗီယက်ပြည်ထောင်စုတွင် မှုခင်းဖြစ်ပွားမှုအနေနှင့် ယခုအခါ ၄ မိနစ်လျှင် တစ်ကြိမ်လူသတ်မှုဖြစ်ပွားလျက်ရှိကြကြောင်း၊ ၆ မိနစ်လျှင် တစ်ကြိမ် မုဒိမ်းမှုဖြစ်ပွားနေကြောင်း၊ ၁၂ မိနစ်လျှင်တစ်ကြိမ် လုယက်မှု ဖောက်ထွင်းမှုနှင့် ခိုးမှုများဖြစ်ပွားနေကြောင်း မှုခင်းများကျဆင်းအောင် စုံထောက်စာရေးဆရာအသင်းဝင်များနှင့် ရဲတပ်ဖွဲ့တို့ ပူးပေါင်းဆောင် ရွက်နေကြောင်း၊ အောင်မြင်မှုများရနေကြောင်း၊

ဆိုဗီယက် စုံထောက်စာရေးဆရာအသင်းသို့ အလှူရှင်များက စိတ်ဝင်စားစွာလှူဒါန်းကြ၍ ရန်ပုံငွေ အလုံအလောက်ရှိကြောင်း၊ ဒုစရိုက် သမားများနှင့် ရင်ဆိုင်တိုက်ခိုက်ရင်း ကျဆုံးသွားခဲ့သော ရဲတပ်ဖွဲ့ဝင် များ၏ မိသားစုများကိုလည်း အသင်းက ထောက်ပံ့ကြေး ပေးထား ကြောင်း၊ ကျဆုံးသွားသော ရဲတပ်ဖွဲ့၏ မိသားစု ၂၅ ယောက်ကို လစဉ် ပညာသင်စရိတ်ထောက်ပံ့လျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးတွင် လက်နက်ပုန်း သေနတ်မျိုးစုံ နှစ်သောင်းခန့် ရှိမည်ဟု ခန့်မှန်းကြောင်း၊ မော်စကိုမြို့တစ်မြို့တည်းတွင် လူဆိုးဂိုဏ်း ၅ ဂိုဏ်းရှိနေကြောင်း၊ ပြီးခဲ့သည့် ၆ လခန့်မှစ၍ လက်နက်ကိုင် လူဆိုး ၆၀၀ ခန့်ကို ရဲက နှိမ်နင်းခဲ့ကြောင်း၊ စုံထောက်စာရေးဆရာများက သတင်းစုပြီး ရဲကို ပံ့ပိုးကူညီခဲ့ကြောင်း၊ လူဆိုးများကို ဖမ်းဆီးရာတွင် မူးယစ်ဆေးဝါး ဂိုဏ်းများလည်း ပါဝင်ကြောင်း" စသည်ဖြင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေး ပြောကြားခဲ့ပါသည်။

ကျွန်တော်ကလည်း မြန်မာနိုင်ငံကို နိုင်ငံတော်အစိုးရက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ မြင့်မားသော ဦးတည်ချက်ဖြင့် ပြည်သူများနှင့်အတူ ချီတက်နေကြောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် မှုခင်းကျဆင်းရေးကို အသေးစိတ် စီမံချက်များချမှတ် ဆောင်ရွက်လျက် ရှိကြောင်း၊ နယ်မြေလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်ဖြင့် လမ်းအလိုက် ရပ်ကွက်အစိတ်အပိုင်းအလိုက်

ရဲနှင့်ပြည်သူ လက်တွဲပြီး မူးခင်းကျဆင်းရေးကို မျက်ခြည်မပြတ် ဆောင်ကြဉ်းအရေးယူလျက်ရှိကြောင်း၊ ယခုအခါ နိုင်ငံတစ်ဝန်း* တည်ငြိမ် အေးချမ်းလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် အမှုကြီးများ ဖြစ်သည့် လူပြန်ပေးဆွဲမှုမှာ မရှိသလောက်ဖြစ်၍ လူသတ်မှု၊ ဓားပြမှု၊ လုယက်မှု၊ မုဒိမ်းမှု စသည်တို့မှာ ရံဖန်ရံခါသာ ဖြစ်ပွား၍ တစ်နှစ်ထက် တစ်နှစ် ဖြစ်ပွားမှုကျဆင်းလျက်ရှိကြောင်း၊ စုံထောက်စာရေးဆရာ အသင်းဟု သီးခြားတည်ထောင်ထားခြင်းမရှိသော်လည်း စာရေးဆရာ သတင်းထောက်ဆရာများပါဝင်သည့် ''မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအသင်းကြီး''ကို ဖွဲ့စည်းထားကြောင်း၊ စုံထောက်စာရေး ဆရာများနှင့် မှုခင်းစာရေးဆရာများလည်း ပါဝင်ကြောင်း၊ စုံထောက် မဂ္ဂဇင်း၊ မှုခင်းမဂ္ဂဇင်းများ၊ ဂျာနယ်များကိုလည်း နေ့စဉ်၊ အပတ်စဉ်၊ လစဉ် လွတ်လပ်စွာ ထုတ်ဝေ ဖြန့်ချိလျက်ရှိကြောင်း၊ မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးကိုလည်း နှစ်ရှည်စီမံချက်များဖြင့် ထိထိရောက်ရောက် နှိမ်နင်းအရေးယူလျက် ရှိကြောင်း မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးကင်းရှင်းသောနိုင်ငံအဖြစ် ကြေညာနိုင်သည်အထိ ရည်မှန်းချက်ထားပြီး ဆောင်ရွက်ခဲ့ရာ အောင်မြင်လျက်ရှိကြောင်း အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ကျွန်တော်တို့အဖွဲ့သည် အခြားနိုင်ငံကြီးများ၏ ဖြစ်ပွားနေသော မှုခင်းကြီးများအခြေအနေကို **သိရှိခဲ့ရ၍** အထူးပင် အံ့ဩမိပါသည်။ ကျွန်တော်တို့နိုင်ငံသည် ဆိုဗီယက်နိုင်ငံနှင့် နှိုင်းယှဉ်လျှင် သေးငယ် သော်လည်း အေးချမ်းတည်ငြိမ်စွာ တည်ရှိနေသဖြင့် ဂုဏ်ယူမိကြပါသည်။

နိုင်ငံသားများအနေဖြင့် အခြားနိုင်ငံများရောက်မှ ကိုယ့် တိုင်းပြည် ကိုယ့်လူမျိုးတို့နှင့် နှိုင်းယှဉ်ကြည့်မိပြီး ကိုယ့်နိုင်ငံကိုပို၍ အထင်ကြီး ချစ်ခင်မြတ်နိုးစွာဖြင့် မြန်မာနိုင်ငံသားတစ်ဦးဖြစ်ရသည် ကိုပင် ဂုဏ်ယူမိခဲ့ကြပါသည်။

# တံလျှပ်ကိုရေထင် ရွှေသမင်အလိုက်မှားသူများ သတိထားစရာ

စာရေးသူအနေနဲ့ ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ အတွေ့အကြုံများထဲမှ ဖြစ်ရပ်အချို့ကို စာဖတ်သူများ မှုခင်းဗဟုသုတဖြစ်စေဖို့ အပတ်စဉ် ရေးသားခဲ့ပါတယ်။ ယခင်လများက ရေးသားခဲ့သော“တို့ဆေး”ကြောင့် အတို့ခံရသူ သတိလက်လွတ်ဖြစ်သွားကာ ပစ္စည်းများပါ ဆုံးခဲ့ကြောင်း၊ ရံဖန်ရံခါ ဆိုသလို ရဲစခန်းများသို့ တိုင်ကြားတတ်ကြလို့ စာရေးသူ ကြီးကြပ်ကွပ်ကဲရတဲ့နယ်မြေက ရဲစခန်းအချို့ “တို့ဆေး” အကြောင်း ပြုပြီး လိမ်လည်ခဲ့တဲ့ အမှုတွေကို ဖော်ထုတ်ခဲ့တဲ့အကြောင်း၊ “တို့ဆေး” ဆိုတာမဟုတ်ကြောင်း၊ အမှုမှန်က **လောင်းကစား**လို့ အခြားအလွဲ သုံးစားလုပ်ခဲ့လို့ တိုင်တာပေါ်ပေါက်ခဲ့**ကြောင်း** ရေးသားတင်ပြခဲ့ဖူးပါတယ်။

ဟော အခုရက်ပိုင်းမှာပဲ စာရေးသူ၏ ကွပ်ကဲမှုအောက်တွင် အမှုဖြစ်ခဲ့သော ရဲအရာရှိတစ်ဦး (ယခု ရန်ကုန်မြို့လယ်က မြို့နယ်တစ်မြို့နယ်မှ မြို့နယ်ရဲတပ်ဖွဲ့မှူးတစ်ဦး)က စာရေးသူထံ ရောက်လာပြီး စာရေးသူရေးခဲ့သော ဆောင်းပါးကို ဖတ်ရှုမှတ်သားခဲ့ရကြောင်း၊ အဲဒီအမှုအတိုင်း ယခုရက်ပိုင်းအတွင်းကပဲ မသော် ဆိုတဲ့ အမျိုးသမီး ရဲစခန်းရောက်လာပြီး သူ့သူငယ်ချင်းမမော်က အညာမှာရှိတဲ့ သူ့ဇာတိမြို့က သူ့ညီမအရင်း မင်္ဂလာဆောင်ကို သွားရမှာဖြစ်လို့ မသော်ရဲ့ ရွှေဆွဲကြိုး၊ ရွှေလက်ကောက် (၁၀)ကွင်းကို ခေတ္တငှားလိုက်ပါရန် ပြောခဲ့ကြောင်း။ ပစ္စည်းပိုင်ရှင်မသော်နဲ့ ခေတ္တငှားသူ မမော်တို့ဟာ ပြည်လမ်းမပေါ်က တစ်နေရာမှာ အလုပ်အတူတူ လုပ်ကြသူတွေ ဖြစ်ကြပါတယ်။ (၆)နှစ်လောက် အတူအလုပ်လုပ်ကြပြီး အဲဒီလုပ်ငန်းရုံးမှာပဲ အတူအိပ်အတူစားကြတော့ တစ်ယောက်အကြောင်းတစ်ယောက် သိကြပြီး ခင်မင်ရင်းနှီးကြတော့ ရွှေချိန် (၁၀)ကျပ်သားလောက် ရှိတဲ့ ဆွဲကြိုးနဲ့ လက်ကောက်တွေကို ယုံကြည်စွာနဲ့ ငှားလိုက်ပါတယ်။ ခွင့် (၁၀)ရက်ယူသွားတဲ့ မမော်ဟာ (၁၀)ရက် ကျော်တဲ့တိုင် ပြန်မလာတော့(၂၅)ရက်မြောက်နေ့မှာ ရဲစခန်းကို လာတိုင်ပါတော့တယ်။ ရဲစခန်းကတော့ လာတိုင်တဲ့အမှုကို အမြန်ဆုံးဖော်ထုတ်ဖို့ မမော်ကို ရှာခဲ့ကြပါတယ်။ သူ့ဇာတိမြို့ကိုတော့ သူပြန်လာတယ် (၅)ရက်လောက် နေပြီး ပြန်သွားတယ်လို့ ရဲက သတင်းရခဲ့ပါတယ်။ ဒါနဲ့ သူ သွားတတ်တဲ့နေရာ အဆက်အသွယ်တွေကို လိုက်စုံစမ်းတော့ တိမ်းရှောင်နေတဲ့ မမော်ကို ရန်ကုန်တောင်ပိုင်းက မြို့တစ်မြို့မှာ ရှာဖွေဖမ်းဆီးရမိခဲ့ပါတယ်။

ရဲစခန်းက သူ့ကို စစ်ဆေးတော့ မသော်ဆီက လက်ဝတ်လက်စားတွေငှားပြီး အညာကညီမ မင်္ဂလာဆောင်သွားခဲ့ကြောင်း အပြန် ရန်ကုန်ကုန်ကို ရထားစီးပြန်ခဲ့တော့ ရထားပေါ်မှာ အတူစီးတဲ့ ခရီးသည်

အမျိုးသမီးတစ်ယောက်နဲ့ ရင်းနှီးရာမှ "တို့ဆေး"ဟု ထင်ရသော ဆေးကြောင့် သတိမေ့သွားကြောင်း အမှတ်မရတော့ကြောင်း၊ လွန်ခဲ့သော (၁၀)ရက်ခန့်က ရန်ကုန်တောင်ပိုင်းက ညီမဝမ်းကွဲတော်သူ အိမ်ကို ဘယ်လိုရောက်သွားခဲ့သည်ကို မသိကြောင်း၊ အဲဒီရောက်မှ လက်ဝတ်လက်စားတွေ ပါမလာတော့ကြောင်း၊ "တို့ဆေး"ဖြင့် ခိုးယူခံရကြောင်း ထွက်ဆိုခဲ့တယ်လို့ သိရပါတယ်။

စာရေးသူ ယခင်က ရေးသားတင်ပြခဲ့သလို "တို့ဆေး" ဆိုတာ ပြစ်မှုကို အလွယ်တကူဖုံးကွယ်မှုတစ်ခုသာဖြစ်ကြောင်း ရဲတပ်ဖွဲ့ဝင်တွေ သိထားကြတော့ ဖမ်းမိထားတဲ့ မမော်ရဲ့အသွားအလာ အဆက်အသွယ်တွေကို စောင့်ကြည့် စစ်ဆေးတဲ့အခါ မမော်ဟာ အညာကနေ သူ့ညီမဝမ်းကွဲ မရွှေနဲ့ ရန်ကုန်ကို ပြန်လာခဲ့တယ်။ ရန်ကုန် ပြန်ရောက်ပြီး ရန်ကုန်တောင်ပိုင်းမှာနေတဲ့ သူ့ညီမ မရွှေနဲ့ လိုက်သွားခဲ့ပါတယ်။ သူ့ညီမမရွှေနဲ့ မရွှေ့ယောက်ျား မောင်လှတိုးက "ချဲ" ဒိုင်တွေဖြစ်တော့ မရွှေဆွယ်တာနဲ့ မမော်လည်း ပါလာတဲ့ ရွှေတွေကို ပေါင်နှံချဲထိုးရင်းနဲ့ ငွေသိန်း (၂၀)နီးပါး ရှုံးခဲ့တယ်လို့ စုံစမ်းဖော်ထုတ်လို့ ရခဲ့ပါတယ်။ ပေါင်ထားတဲ့ ပစ္စည်းတွေလဲ ပြန်ရပြီး ချဲဒိုင်မရွှေနဲ့ သူ့ယောက်ျား မောင်လှတိုးတို့ကိုလည်း ချဲထိုးတဲ့ စာရင်းဇယားနဲ့ ငွေများနဲ့ လက်ဝယ်ဖမ်းဆီးရခဲ့ပါတယ်။ အခုအဲဒီအမှုကို တရားရုံးမှာ တရားစွဲ တင်လိုက်ပါပြီတဲ့။ စာရေးသူက စာရေးဆရာ ဆိုတော့ တပည့်ဖြစ်ခဲ့ဖူးသူ မြို့နယ်မှူးက အဖြစ်အပျက်ကလေးကို ပညာပေးအနေနဲ့ ရေးပေးပါဦး လူတိုင်းကို အယုံမလွယ်ကြဖို့နဲ့ လူတွေကို ဆင်းရဲတွင်းပို့ပေးနေတဲ့ "ချဲဒိုင်နဲ့ နှစ်လုံးထီ" တွေနောက်ကို မလိုက်မိကြဖို့နဲ့ သတင်းပေးဖော်ထုတ်ကြဖို့ပါတဲ့ . . . တံလျှပ်ကို ရေထင်၊ ရွှေသမင်အလိုက်မှားသူများဟု စာရေးသူ ထင်ဟပ်မိပါတယ်။

စာရေးသူ၏ ရဲဘဝအတွေ့အကြုံများတွင် လောင်းကစားကြောင့် ဘဝပျက်သွားသူ၊ လောင်းကစားနောက်လိုက်ရင်း လိုက်ရင်းနဲ့ စီးပွားပျက်ရာမှ စိတ်ရောဂါဝေဒနာရှင်ဖြစ်သွားသူများနဲ့ တွေ့ကြုံခဲ့ဖူးပါသည်။ အခါအခွင့်သင့်သလို ဆက်လက်ရေးသားတင်ပြသွားမည် ဖြစ်ပါကြောင်း။

စာဖတ်သူတိုင်း အယုံမလွယ်မိဖို့နဲ့ သင်ခန်းစာ ယူနိုင်ကြပါစေဟု။

❊ ❊ ❊ ❊ ❊

# ကျွန်းပြန်ဘရင်နှင့် ကိုရွှေမိုးတို့ဇာတ်လမ်း

စာရေးသူတို့ ရဲတပ်ဖွဲ့ဝင်များသည် ဥပဒေဘက်တော်သားများဖြစ်ကြသည့်အလျောက် အေးချမ်းသာယာစွာ နေထိုင်သော ပြည်သူလူထုအပေါ် ဥပဒေချိုးဖောက်၍ အနိုင်ကျင့်ခြင်း၊ ပြစ်မှုများကျူးလွန်ခြင်းများကို ဖြေရှင်းပေးရာတွင် ရက်စက်ကြမ်းကြုတ်သော ရက်စက်သူလူဆိုများနှင့် တွေ့ဆုံဖမ်းဆီးရာတွင် အသက်အန္တရာယ်ပေးဆပ်ဆောင်ရွက်ရသည်များရှိသလို ဖမ်းဆီးရမိအောင် ကြိုးစားရာတွင် အနာတရ ဒဏ်ရာရရှိမှုများရှိသည်အထိ ဖြစ်တတ်ပါတယ်။

လူသတ်မှု၊ ဓားပြမှု၊ လုယက်မှုစသည့် အနိုင်ကျင့်မှုကျူးလွန်သူများကို ဖမ်းဆီးရာ၌ မိမိနှင့် တပ်ဖွဲ့ဝင်များ၏ လုံခြုံစေမှု၊ ဥပဒေအရ အပ်နှင်းထားသည်ထက်မကျော်လွန်စေဘဲ ဖမ်းဆီးရမိအောင် ဆောင်ရွက်တတ်ကြရန် လက်အောက်တပ်ဖွဲ့ဝင်များကို သင်ကြားလမ်းညွှန်မှုပေးရသလို ကိစ္စတစ်ခုဆောင်ရွက်တိုင်းလည်း မသွားမိတွေ့ဆုံ၍ သတိပေးမှာကြားခြင်းများ ပြုလုပ်ကြရပါတယ်။

အမှုတစ်ခုကို သက်စွန့်ဆံဖျား ဖမ်းဆီးခဲ့ရသောအမှုများကြုံခဲ့ရသည့်အနက် အမှုတစ်ခုအကြောင်း တင်ပြလိုပါသည်။

လွန်ခဲ့သော နှစ်ပေါင်း (၂၀)ခန့်က အမှုဖြစ်ပါတယ်။ တာမွေမြို့နယ်မှာ ဖြစ်ပွားခဲ့တဲ့အမှုတစ်မှုပါ။ ဖြစ်ပွားပုံက ငွေကြေးချမ်းသာသူတစ်ဦး၏ တတိယတန်းကျောင်းသားငယ်တစ်ယောက်ကို ကျောင်းသွားစဉ် ပြန်ပေးဆွဲပြီး ငွေ ကျပ် ၅သိန်းနဲ့ လာရွေးရန် တောင်းဆိုခဲ့တဲ့အမှုပါ။ ပြန်ပေးဆွဲတဲ့တရားခံက ကျွန်းပြန်ဘရင်တဲ့၊ ကလေးကို ငွေ ၅သိန်းနဲ့ သင်္ချိုင်းတစ်ခုမှာ ည ၁၀ နာရီ လာရွေးရမယ်ဆိုပြီး ကလေးမိဘတွေ အိမ်ရှေ့မှာ စာချသွားခဲ့ပါတယ်။

ကျွန်းပြန်ဘရင်က ယခင်ခေတ်က သူ့သူငယ်ချင်းများနဲ့ အရက်ဝိုင်းမှာ ရန်ဖြစ်ကြရာက တစ်ဖက်ကတစ်ယောက်သေစေပြီး ကျန်နှစ်ဦးကို ဒဏ်ရာရစေတဲ့အထိ ဓားနဲ့ခုတ်လို့ တစ်သက်တစ်ကျွန်း ထောင်ကျသွားခဲ့ပါတယ်။ ဒါပေမယ့် ၁၀ နှစ်လောက် ထောင်ထဲမှာနေခဲ့ပြီး အဲဒီခေတ်က လွတ်ငြိမ်းချမ်းသာခွင့်ပေးလို့ ထောင်မှလွတ်လာသူပါ။

ထောင်မှလွတ်လာပြီး လုယက်မှု (၂)မှုလောက်ဖြစ်ခဲ့တာ ကျွန်းပြန်ဘရင် ကျူးလွန်တယ်လို့ သိရပေမယ့် ရှောင်တိမ်းနေလို့ ဖမ်းမမိခဲ့သေးပါ။ ယခုတော့ ရန်ကုန်မှာဖြစ်ခဲ့တဲ့ လူပြန်ပေးမှုကို ကျူးလွန်ပြန်ပါတယ်။

ကလေးရဲ့မိဘတွေက ရဲတပ်ဖွဲ့စခန်းကို လျှို့ဝှက်စွာတင်ပြလာလို့ တိုင်းရဲတပ်ဖွဲ့မှာရှိတဲ့ စာရေးသူထံ ဒီသတင်းရောက်လာတော့ အထက်အရာရှိများထံ တင်ပြခဲ့ရာ စာရေးသူ ကိုယ်တိုင်ဦးစီးပြီး ပိပိရိရိ ဖော်ထုတ်ဖမ်းဆီးဖို့ ညွှန်ကြားခဲ့ပါတယ်။

စာရေးသူလည်း ရဲတပ်ဖွဲ့ဝင်များကို အသေးစိတ်အစီအစဉ်တွေ ဆွဲပြီး ကြိုတင်စီစဉ်ခဲ့ပါတယ်။ အတတ်နိုင်ဆုံး လက်ရဖမ်းဖို့နဲ့ အရှင်ဖမ်းဖို့ စီစဉ်ပါတယ်။ ကလေးမိဘတွေကိုတော့ အန္တရာယ်ဖြစ်မှာစိုးလို့ မပါဝင်စေဘဲ ကလေးဖခင် ပုံသဏ္ဌာန်ဆင်တူတဲ့ ရဲအရာရှိတစ်ယောက်ကို အသုံးပြုခဲ့ပါတယ်။

ည ၉ နာရီ ၄၅ မိနစ်မှာ စာရေးသူတို့ အရပ်ဝတ်တွေနဲ့ အသေးစိတ်စီစဉ်ထားတဲ့အတိုင်း ထိုအချိန် သင်္ချိုင်းကိုရောက်ပြီဆိုတာနဲ့ ကုက္ကိုပင်ကြီးနားသို့ ဖခင်အယောင်ဆောင်ထားတဲ့ ရဲအရာရှိက ငွေထုပ်အတုနဲ့ တစ်ယောက်တည်းသွားစေခဲ့ပါတယ်။ စာရေးသူနဲ့အဖွဲ့က တစ်ဘက်အမှောင်ရိပ်မှ သူတို့နဲ့ အနီးဆုံးနေရာကို အုတ်ဂူများအကာအကွယ်နဲ့ ချည်းကပ်ခဲ့ပါတယ်။

ကလေးဖခင်အယောင်ဆောင်ထားတဲ့ ရဲအရာရှိက ငွေထုပ်နဲ့ ကုက္ကိုပင်အောက်ရောက်တော့ အနီးမှာရှိတဲ့ဇရပ်ဘေးက အုတ်ဂူမှာကွယ်နေတဲ့ လူဆိုး(၂)ဦး ထွက်လာပါတယ်။ တစ်ယောက်က –

'ခင်ဗျားဘယ်သူလဲ'

'ကျွန်တော် မောင်ရွှေအိုး အဖေပါ'

'ဘယ်သူပါသေးလဲ'

'ဘယ်သူမှ မပါ ပါဘူး ဆရာတို့ဆီ ကျွန်တော်တစ်ယောက်တည်း လာတာပါ'

လူဆိုးနှစ်ယောက် ပတ်ဝန်းကျင်ကို အကဲခပ်ကြည့်ပါတယ်။ စာရေးသူတို့အဖွဲ့က လေးဘက်လေးတန် ဝိုင်းထားပြီးဖြစ်လောက်ပါပြီ။ မိုးတဖွဲဖွဲရွာပြီး မှောင်နေတော့ အကဲခပ်မိပုံမပေါ်ပါဘူး။

'ကောင်းပြီ၊ ငွေလာပေး'

'ဆရာ ကလေးကော'

'ဟို ဇရပ်ဘေးမှာရှိတယ်၊ ဟေ့ နက်တိုး ကလေးကိုခေါ်ခဲ့'

လူဆိုးတစ်ဦးတွဲလာပါသည်။ ''နက်တိုး''နဲ့ ပေါင်း(၃)ယောက်ဖြစ်သွားပါတယ်။

ကလေးကို နက်တိုးက ဆွဲခေါ်လာပါတယ်။

ဖခင်ယောင်ဆောင်တဲ့ ရဲက ကျွန်းပြန်ဘရင်လက်ကို ငွေထုပ်

ပေးလိုက်ချိန်မှာ စာရေးသူအပါအဝင် အသင့်နေရာယူထားတဲ့ ရဲတပ်ဖွဲ့ဝင်တွေက သေနတ်များနဲ့ချိန်ပြီး ပြေးကာဝိုင်းထားလိုက်ပါတယ်။

စာရေးသူက ဘရင် မင်းမလှုပ်နဲ့ ခုခံမယ်မကြံနဲ့ ပြန်ပေးမှု ဆိုတာ တို့ရဲတွေက ပစ်ဖမ်းခွင့်ရှိတယ်ဆိုပြီး လက်နိုပ်ဓာတ်မီးတွေနဲ့ ဝိုင်းထိုးပြီး အနီးဆုံးနေရာကို ပြေးဝိုင်းလိုက်ကြပါတယ်။ ကြိုတင်စီစဉ် ထားတဲ့အတိုင်း ဘရင်နှင့် လူဆိုးနှစ်ဦးကို အမြန်ဆုံးလက်ထိပ်ခတ် ဖမ်းဆီးတဲ့ ရဲအရာရှိတွေက ဖမ်းဆီးကြသလို ကလေးငယ်ကို ဝေးရာသို့ အမြန်ခေါ်သွားတဲ့အဖွဲ့က လျှင်မြန်စွာ ကလေးကို ခေါ်သွားခဲ့ကြ ပါတယ်။

ကျွန်းပြန်ဘရင်ကို အလွယ်တကူပဲ ဖမ်းဆီးရမိပြီး ကလေးငယ်ကို ချောမောစွာ ကယ်တင်နိုင်ခဲ့ပါတယ်။

စာရေးသူက အမှုကို ဘယ်လိုရည်ရွယ်ချက်ကြောင့် ကျူးလွန် ရခြင်းဖြစ်သည့် (Motive)ကို မှတ်တမ်းတင်ချင်တာရယ်၊ စိတ်ဝင်စား တာရယ်ကြောင့် ရဲစခန်းရောက်တော့ ကျွန်းပြန်ဘရင်ကိုခေါ်ပြီး မေးကြည့်ပါတယ်။

ကျွန်းပြန်ဘရင်က ဖမ်းမိမှတော့ အမှန်ကို ဝန်ခံမယ်ဆိုတဲ့ သဘောရှိတာ တွေ့ရပါတယ်။ သူ့ပတ်ဝန်းကျင်တွင် သူ့စရိုက်ကြောင့် စိတ်တိုသူ၊ ဒေါသကြီးသူ၊ ထစ်ကနဲဆို လက်မြန်ခြေမြန် ခုတ်ရထစ်ရမှ ကျေနပ်သူဖြစ်သော်လည်း အေးဆေးစွာဆွေးနွေးတော့ အမှန်ကို အောက်ပါအတိုင်း ပြောခဲ့ပါတယ်။

ကလေးဖခင် ရွှေမိုးနဲ့ ကျွန်းပြန်ဘရင်တို့က တစ်ရွာတည်း ကြီးပြင်းလာခဲ့ကြတဲ့ သူငယ်ချင်းတွေပါ။ အရွယ်ရောက်တော့ ငါးဖမ်း စက်လှေမှာ အလုပ်သမားအဖြစ် လိုက်ပါကြရင်း တစ်ရက် ကိုရွှေမိုး ပင်လယ်ထဲကျသွားလို့ ကျွန်းပြန်ဘရင်က အသက်လုပြီး ကယ်ခဲ့ ရကြောင်း၊ ကိုရွှေမိုးက ငါးဖက်စက်လှေလိုက်ရင်းက ထိုခေတ်က

မှောင်ခိုစက်လှေ ပြောင်းသွားခဲ့ကြောင်း၊ ၅ နှစ်လောက်ကြာတော့ ကိုရွှေမိုးက မှောင်ခိုစက်လှေပိုင်ရှင်ဖြစ်လာပြီး ကြီးပွားလာခဲ့ကြောင်း၊ ကျွန်းပြန်ဘရင်ကတော့ စက်လှေသမားဘဝက မတက်ခဲ့ကြောင်း၊ ကျွန်းပြန်ဘရင် ထောင်ကျသွားခဲ့စဉ်က ကျွန်းပြန်ဘရင်ရဲ့ တစ်ဦးတည်းသောသား "မောင်ငွေမိုး"ကို စောင့်ရှောက်ဖို့ ကိုရွှေမိုးထံ စာရေးပြီးလွှတ်ခဲ့တာ ကိုရွှေမိုးက လက်မခံဘဲ ရှောင်ဖယ်ခဲ့ကြောင်း။ သား "ငွေမိုး" မှာ ပညာမသင်ရဘဲ ငါးဖမ်းစက်လှေလိုက်တဲ့ဘဝနဲ့ အသက်မွေးခဲ့ရကြောင်း၊ ထောင်မှလွတ် လာတော့ ကိုရွှေမိုးကို မကျေမနပ်ဖြစ်လို့လိုက်ရှာရာ ရန်ကုန်မှာ လာနေတာ တွေ့ရတော့ ကလဲ့စားချေချင်တာနဲ့ သူ့သားကိုပြန်ပေးဆွဲ၊ ငွေညှစ်ခဲ့ကြောင်း၊ ကိုရွှေမိုး ငွေလာပေးရင် ငွေကိုယူပြီး ကိုရွှေမိုးကို အသေသတ်ပစ်ရန် စီစဉ်ခဲ့ကြောင်း၊ ဒါပေမယ့် ကိုရွှေမိုးရဲ့ သားငယ်လေးက တစ်ညနေလုံး ငိုနေပြီး အဖေအမေကို တမ်းတနေခဲ့လို့ သနားစိတ်ဖြစ်ပေါ်လာပြီး အပြစ်မရှိသောသားငယ်ကို သနားခဲ့ကြောင်း၊ သူ့ကိုသနားလို့ ကိုရွှေမိုးကို ဒေါသဖြစ်ခဲ့ပေမယ့် သတ်ဖို့စီစဉ်ထားတာကို မသတ်ဖို့ ပြောင်းခဲ့ကြောင်း၊ အခုတော့ အဖမ်းခံရပြီဖြစ်လို့ ထောင်ထဲ ပြန်ဝင်ရဦးမှာဖြစ်ကြောင်းနဲ့ လုယက်မှုတွေလဲ ကျူးလွန်ခဲ့ကြောင်း ဝန်ခံခဲ့ပါတယ်။ သူ့သား "ငွေမိုး" နေတဲ့လိပ်စာနဲ့ သူ့သားက စက်လှေ အလုပ်သမားအဖြစ် ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားနေကြောင်း ပြောပြခဲ့ပါတယ်။

အမှောင်လမ်းဝင်၍ မိုက်တွင်းနက်ခဲ့သော ကျွန်းပြန် ဘရင်သည် ဖခင်တစ်ယောက်ဖြစ်လာ၍ သားကိုချစ်တဲ့ဇောနှင့် ပြန်ပေး ဆွဲခဲ့သော ကလေးငယ် ငွေမိုး မိဘကိုတ၍ ငိုနေသည်ကိုကြည့်ပြီး သားသမီးချင်း ကိုယ်ချင်းစာတတ်လာကာ ဒေါသကို လျှော့နိုင်ခဲ့တာ တွေ့ရပါတယ်။ မိဘက သားသမီးအပေါ် ထားသော ကြီးမားသည့် မေတ္တာဟုပင်ဆိုရမည်ပင် . . . .

ကျွန်းပြန်ဘရင်သည် ပြန်ပေးမှုအပါအဝင် လုယက်မှု (၂)မှု တို့ဖြင့် ထောင်(၁၀)နှစ် ထပ်ကျသွားခဲ့ပါတယ်။ တရားရုံးတွင် အမှုရင်ဆိုင်ကြရာ၌ ပြန်ပေးဆွဲခံရသော ကလေး၏ဖခင် ကိုရွှေမိုးနှင့် ကျွန်းပြန် ဘရင်တို့ တွေ့ဆုံကြရာမှ သူငယ်ချင်းအချင်းချင်း ပြန်တွေ့ကြသည်။ ကိုရွှေမိုးက အကြိမ်ကြိမ် ဝန်ခံတောင်းပန်ခဲ့သည်။ ကျွန်းပြန် ဘရင်က ပထမတင်းမာနေခဲ့ရာမှ ကျေနပ်ကျေအေးသွားခဲ့ပါတယ်။ အမှုချိန်းတွင် ရောက်လာသော ကျွန်းပြန်ဘရင်သား မောင်ငွေမိုးကိုပါ ငါးဖမ်းစက်လှေ လိုက်နေရာမှ ထွက်ခိုင်းပြီး မောင်ငွေမိုးဝါသနာပါ လုပ်ချင်သော မြန်မာ ထမင်းဆိုင်တစ်ဆိုင်ကို တာမွေမြို့နယ်အတွင်းမှာပင် ကိုရွှေမိုးက ငွေထုတ်ပေးပြီး ဖွင့်လှစ်ပေးလိုက်ပါတယ်။

သူတို့(၂)ဦး ရန်ငြိုးတွေပြေသွားကြသည်။ ကျွန်းပြန်ဘရင် တစ်ယောက် ယခင်လူသတ်မှုနှင့် ထောင်ကျစဉ်ကနှင့်မတူ ယခု ထောင်ကျသွားရာတွင် ခွင့်လွှတ်တတ်မှု၊ ကိုယ်ချင်းစာတတ်မှုများနှင့် ထောင်နန်းစံသွားခဲ့ပါတယ်။ ကျွန်းပြန်ဘရင်ထောင်မှ လွတ်လာခဲ့လျှင် အသက် ၅၀ကျော်အရွယ် ကျွန်းပြန်ကိုဖြူတ်ပြီး ကိုဘရင်အဖြစ် ရိုးသားစွာ ဘဝကို ရင်ဆိုင်သွားမည်ဟု စာရေးသူ မျှော်လင့်ထားခဲ့သလို ယခုအခါ လူဝတ်ကြောင်ကို စွန့်ပယ်ကာ သာသနာ့ဘောင်သို့ ရောက်ရှိနေသည်ကို စာရေးသူ ကျေနပ်စွာ တွေ့ရှိရပါတယ်။ ကိစ္စတစ်ခုကို ဒေါသနဲ့ ဖြေရှင်းခဲ့လျှင် မှားယွင်းတတ်ပြီး မထူးတော့ဆိုကာ ထပ်ကာထပ်ကာ မှားယွင်းသော ကျွန်းပြန်ဘရင်ဘဝကို သားသမီး ချစ်သော မိဘမေတ္တာက ကိုယ်ချင်းစာတတ်မှုကို ခံစားစေခဲ့ခြင်းက ကျွန်းပြန်ဘရင်ဘဝကို ပြင်ခဲ့ခြင်းကို စာရေးသူ အမှတ်တရဖြစ်နေမိ ပါတယ်။

သင်ခန်းစာရယူနိုင်ကြပါစေဟု

* * * * *

# ရာဇဝတ်ဘေး ပြေးမလွတ်

ရက်ပိုင်းအတွင်းက စာရေးသူဟာ မြောက်ဥက္ကလာပက အခမ်းအနားတစ်ခုမှာ စာရေးသူကို ရင်းရင်းနှီးနှီးလာ နှုတ်ဆက်တဲ့ ဒုရဲမှူးဝတ်စုံဝတ်ဆင်ထားတဲ့ ရဲအရာရှိတစ်ယောက်ကို တွေ့တော့ စာရေးသူ စစ်ကိုင်းတိုင်း ရဲတပ်ဖွဲ့မှာ တာဝန်ထမ်းဆောင်စဉ်က ဒီပဲယင်း ရဲစခန်းမှာ စခန်းမှူးအဖြစ် ဆောင်ရွက်နေတဲ့ ဦးမော်ထွန်း၊ ယခု မြောက်ဥက္ကလာပမြို့နယ်က မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမော်ထွန်း ဖြစ်နေတာ တွေ့ရပါတယ်။ ဒုရဲမှူး မော်ထွန်းကိုတွေ့ရတော့ လွန်ခဲ့သော နှစ်ပေါင်း (၂၅)နှစ်ခန့်က စစ်ကိုင်းတိုင်းကိုးမြို့နယ်က မြို့နယ်မှူးများ၊ စခန်းမှူးများ၊ ရဲတပ်ဖွဲ့ဝင်များအားလုံး နေ့မအား၊ ညမနား အမှုကြီးတွေ ဖော်ထုတ်ခဲ့ရတာကို သွားသတိရမိခဲ့ပါတယ်။ ရဲတပ်ဖွဲ့ဝင်များ တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေးအတွက် ဆောင်ရွက်

ခဲ့ကြတဲ့ တစ်ထောင့်တစ်နေရာက အဖြစ်အပျက်တစ်ခုကို စာဖတ်သူများ သိရှိအောင် တင်ပြလိုပါတယ်။

အဲဒီအချိန်က စာရေးသူဟာ စစ်ကိုင်းတိုင်း ရဲတပ်ဖွဲ့မှာ ဒုတိုင်းတပ်ဖွဲ့မှူးအဖြစ် တာဝန်ထမ်းဆောင်နေချိန်ဖြစ်ပါတယ်။ တိုင်းရဲတပ်ဖွဲ့မှူးကလဲ သက်ပြည့်ပင်စင်ယူဖို့ ခွင့်ခံစားနေချိန်ဖြစ်တော့ စာရေးသူက တိုင်းရဲတပ်ဖွဲ့မှူးတာဝန်ကိုပါ ပူးတွဲ ဆောင်ရွက်နေရတဲ့ ကာလဖြစ်ပါတယ်။

မုံရွာခရိုင်နဲ့ စစ်ကိုင်းခရိုင်ကြား အစွန်အဖျားကျတဲ့ ကျေးရွာတွေဟာ ယခုလို ကျေးရွာချင်းဆက်တဲ့လမ်းတွေ တံတားတွေ မရှိတဲ့ အပြင် ပြုပြင်ဖော်လုပ်ထားခြင်းမရှိတော့ သွားလာမှုခက်ခဲ၊ အဆက်အသွယ်မကောင်းမှုကြောင့် လုယက်မှု၊ ဓားပြမှု၊ လူသတ်မှု စတဲ့ အမှုကြီးတွေ မကြာခဏဆိုသလို ဖြစ်ပွားတတ်ပါတယ်။ မပေါ်သေးတဲ့ အမှုတွေလဲရှိနေတော့ အဲဒီအမှုတွေ ဖော်ထုတ်ဖို့နဲ့ ပြစ်မှုကျူးလွန်ခဲ့တဲ့ တရားခံတွေကို ဖော်ထုတ်ဖို့ အထက်အဖွဲ့အစည်းများက စာရေးသူကို တာဝန်ပေးခဲ့ပါတယ်။

စာရေးသူလဲ ''ကိုးမြို့နယ် မှုချင်းကျဆင်းရေး စီမံချက်ကို ရေးဆွဲပြီး အမှုဟောင်းတွေကို ဖော်ထုတ်ဖို့ ပြစ်မှုကျူးလွန်သူတွေနဲ့ သက်သေခံပစ္စည်းတွေ ဖော်ထုတ်ဖမ်းဆီးဖို့နဲ့အမှုကို အခိုင်အမာ တည်ဆောက်ကာ တရားရုံးသို့ တရားစွဲတင်ဖို့ အဆင့်ဆင့်ဆောင်ရွက်စေခဲ့ပါတယ်။ ''ကိုးမြို့နယ်''ဖြစ်တဲ့ ရွှေဘို၊ မုံရွာ၊ ဝက်လက်၊ ဒီပဲယင်း၊ ခင်ဦး၊ ကျွန်းလှ၊ ရေဦး၊ ဘုတလင်၊ အရာတော်မြို့နယ်များက မြို့နယ်မှူးအပါအဝင် တပ်ဖွဲ့ဝင်အင်အားများ ထုတ်နုတ်ပြီး စုဆောင်းရရှိထားတဲ့ တရားခံစာရင်းနဲ့ ပိုက်စိတ်တိုက် ရှာဖွေဖမ်းဆီးခဲ့ပါတယ်။ တရားခံပြေးတွေ ပုန်းဝပ်အိပ်တတ်တဲ့ နေရာတွေလည်း တစ်ပြိုင်တည်း ရှာဖွေစီးနင်းခဲ့တော့ လက်နက်ပုန်းတွေများစွာနဲ့ တရားခံများစွာကိုလည်း

ဖော်ထုတ်နိုင်ခဲ့ပါတယ်။ သုံး၊ လေးလ ဆက်တိုက်လုပ်တော့ အလိုရှိတဲ့ သူတွေအပြင် ကွင်းဆက်ပါတဲ့တရားခံတွေဟာ ရဲစခန်းတွေမှာ လာပြီး အဖမ်းခံရတဲ့အထိ အောင်မြင်ခဲ့ပါတယ်။ ကျေးရွာသူ ကျေးရွာသား များကလည်း စိတ်ဝင်စားစွာ ပူးပေါင်းကူညီခဲ့ကြပါတယ်။

ဒါပေမယ့် လူသတ်မှု၊ ဓားပြမှု၊ လုယက်မှု၊ မုဒိမ်းမှုပေါင်း အမှု (၂၀)လောက်နဲ့ အလိုရှိနေတဲ့ အဓိကတရားခံ နာမည်ကြီး ဂျက်(ကျိုး)ဆိုသူနဲ့ နာမည်ကြီး ကြည်မောင်၊ သန်းဝင်းဆိုသူတို့ကို မဖမ်းနိုင်သေးတာနဲ့ သူတို့အဖွဲ့ကိုဖမ်းဖို့ သီးခြားစီစဉ်ပြီး သူတို့ကျက်စားတဲ့ ရေဦး၊ အရာတော်၊ ခင်ဦး၊ ရွှေဘို၊ မုံရွာနယ်စပ်တွေကို သီးခြားအဖွဲ့ တွေနဲ့ ခြေရာခံလိုက်စေခဲ့ပါတယ်။ အသက်ငယ်ပြီး အတွေ့အကြုံရှိကာ ဖြတ်လတ်တဲ့ ဒီပဲယင်းရဲစခန်းက ဒုရဲအုပ်(စခန်းမှူး) ဦးမော်ထွန်း၊ ဒုရဲအုပ်(စခန်းမှူး) ဦးသန်းထွန်း၊ ရွှေဘိုစခန်းက ဒုရဲအုပ်(စခန်းမှူး) ဦးမြင့်ထွန်းတို့ အဖွဲ့ (၃)ဖွဲ့က ခြေရာခံပြီး တောက်လျှောက် လိုက်ခဲ့ ကြပါတယ်။

နာမည်ကြီး ဂျက်(ကျိုး)ဆိုတဲ့ လူဆိုးကတော့ သူ့အဖေဖဲသမား က မွေးတယ်ဆိုတော့ ဂျက်၊ ကွင်း၊ ကင်းထဲက ဂျက်ဆိုတဲ့ နာမည်ပေးခဲ့ပါတယ်။ တစ်ခါက လုယက်မှုကျူးလွန်ရင်း အိမ်ရှင်က ခုခံတော့ ညာဘက်လက်ကျိုးသွားပြီး ကောက်နေပါတယ်။ ဒါ့ကြောင့် အကျိုးကို (ကျိုး)လို့ခေါ်တော့ ဂျက်(ကျိုး)လို့ ထူးထူးဆန်းဆန်း တွင်နေ ပါတယ်။ သူတို့လက်ထဲမှာ လုပ်သေနတ်တွေ ကိုယ်စီရှိပြီး လက်ရဲ ဇက်ရဲ လုပ်တတ်ကြတော့ သူတို့ကို လူဆိုးအချင်းချင်းကလဲ ကြောက်ရွံ့ ကြပါတယ်။

ရဲတပ်ဖွဲ့က အဖွဲ့(၃)ဖွဲ့ခွဲပြီး ခြေရာခံခဲ့ကြတာ ရက်ပေါင်း (၂၀)လောက်ကြာတော့မှ စခန်းမှူး မော်ထွန်းက စာရေးသူထံ ရဲတပ်ဖွဲ့ဝင်ဆက်သားတစ်ဦး အမြန်လွှတ်ပြီး သတင်းလာပို့ပါတယ်။

သတင်းကတော့ ''ဂျက်(ကျိုး)ဟာ ဒီပဲယင်းမြို့နယ်၊ ခွန်ဒေါင်းရွာကို ရှပ်ဖျက်ပြီး ဒီနေ့နံနက်ကရောက်နေတယ်လို့ တိတိကျကျ သတင်း ရတယ်။ ဘောနံအဖွဲ့တွေနဲ့ အဆက်အသွယ်ယူပြီး ဒီညအမိအရ ဖမ်းပါ့မယ်တဲ့။

အဲဒီအချိန်က **စခန်းမှူးမော်ထွန်းနဲ့အဖွဲ့**ဟာ အရာတော်နယ် ထဲမှာ ခြေရာခံနေရာက **ဒီပဲယင်းမြို့နယ်၊** ခွန်ဒေါင်းရွာအရောက် တောလမ်းခရီးကို ခြေလျင်ခရီးပြင်းနှင်ကြမည်ဖြစ်ပါတယ်။ လမ်း လျှောက်ချိန် ၁၀ နာရီခန့်ကြာမည်ဖြစ်ပါတယ်။ လူဆိုးများ လက်ဝယ်၌ ကျည်ထွက်သော လုပ်သေနတ်များရှိနေပြီး ဂျက်(ကျိုး)မှာ လူသတ်မှု၊ ဓားပြမှု၊ လုယက်မှု၊ မုဒိမ်းမှု ပေါင်းအမှု(၂၀)ကျော်ကို ကျူးလွန်ခဲ့သော ဇက်ရဲလက်ရဲ ဓားပြခေါင်းဆောင်ဖြစ်ပါတယ်။ သူ့ဖမ်းမိရေးအတွက် ကိုးမြို့နယ်က ရဲတပ်ဖွဲ့ဝင်ပေါင်း ၂၀၀ ကျော် (၃)လခန့်စီမံချက်ဖြင့် အပင်ပန်းခံလှုပ်ရှားခဲ့ရပါတယ်။ ထိပ်တိုက်မတွေ့ခဲ့ပါဘူး။ အခုတော့ သူနဲ့ထိပ်တိုက်တွေ့မယ့်အဖွဲ့က **စခန်းမှူး** မော်ထွန်းခေါင်းဆောင်သော ရဲတပ်ဖွဲ့ဝင် တပ်စိတ်တစ်စိတ် ဖြစ်ပါတယ်။ တပ်ဖွဲ့ဝင်များကလည်း စစ်ကိုင်းတိုင်း ရဲတပ်ဖွဲ့မှ လက်ရွေးစင်အရည်အချင်းရှိ တပ်ဖွဲ့ဝင်များ ဖြစ်ကြပါတယ်။ အရှုံးအမြတ်ကတော့ ဒီပွဲပြီးမှ သိရမည်ဖြစ်ပါတယ်။

တပည့်ရဲတပ်ဖွဲ့ဝင်များ ပြည်သူအတွက် အားကျိုးမာန်တက် ဆောင်ရွက်ခြင်းဖြစ်၍ အောင်မြင်ပါစေဟု ဆုတောင်းမိပါသည်။

စာရေးသူအနေနဲ့လဲ စိတ်စောစွာဖြင့်အဖြေကို သိချင်လှပြီ ဖြစ်ပါတယ်။ ညနေပိုင်းတွင် စာရေးသူအဖွဲ့ ခွန်ဒေါင်းရွာနဲ့ အနီးဆုံး ဖြစ်မည့် ဒီပဲယင်း ရဲစခန်းတွင် အသင့်သွားစောင့်ရန် ဆုံးဖြတ်ခဲ့ပါတယ်။ ဒီပဲရင်းရဲစခန်းကို ည(၇)နာရီလောက် စာရေးသူတို့ရောက်ခဲ့ကာ စောင့်ဆိုင်း ခဲ့ကြပါတယ်။ မြို့နယ်ရဲတပ်ဖွဲ့မှူးကလည်း သတင်းရပြီးဖြစ်လို့ လူဆိုးများ ထွက်မပြေးနိုင်စေရန် ပိတ်ဆို့ရေးတာဝန်များ စီစဉ်ထားပြီးဖြစ်ပါတယ်။

ည ၁၀ နာရီ ၃၅ မိနစ်တွင် ရဲတပ်ဖွဲ့ဝင် ဆက်သားတစ်ဦး စက်ဘီးဖြင့် ဒီပဲယင်းစခန်းကို အမြန်ဆက်သားအဖြစ် သတင်းလာပို့တယ်။ ''ဂျက်(ကျိုး) အပါအဝင် နာမည်ကြီး ဓားပြ ကြည်မောင်၊ သန်းဝင်းတို့အပါအဝင် (၇)ယောက် ရွာအစွန်မှာရှိတဲ့ တဲအတွင်း အရက်ဝိုင်းဖွဲ့သောက်ကာ ညစာစားနေစဉ် စခန်းမှူးမော်ထွန်းနဲ့အဖွဲ့ အချိန်မီ ရောက်လာပြီး ရွာအဝင်တံခါးနဲ့ တဲအနီး ချထားတဲ့ ဓားပြအဖွဲ့ရဲ့ကင်းကို ကျေးရွာသူကျေးရွာသားများ အကူအညီနဲ့ အသံမထွက်စေဘဲ ဖမ်းနိုင်ခဲ့ကြောင်း၊ တဲကို ဝိုင်းထားကာ ဦးမော်ထွန်းနှင့်အဖွဲ့က တဲအတွင်းဝင်ဖမ်းရာ ဂျက်(ကျိုး)က အဖမ်းမခံဘဲ သူ့လက်ဝယ်အသင့်ရှိနေသော ကာဘိုင်ကျည်ဖြင့်ပစ်သော လုပ်သေနတ်ဖြင့်ပစ်ရာ ဦးမော်ထွန်း၏ စစ်မြေပြင်ဝတ် ဂျာကင်၏ လက်ဝဲဘက် ချိုင်းအောက်မှ ဖောက်သွားခဲ့ပါတယ်။ ဦးမော်ထွန်းကလည်း သူ့ကို ရဲတပ်ဖွဲ့ထုတ်ပေးထားတဲ့ ခြောက်လုံးပြူးနဲ့ သူပစ် ကိုယ်ပစ် ပြိုင်တူပစ်ရာ ဂျက်(ကျိုး) ခေါင်းကို တည့်တည့်ကြီးထိမှန် လဲကျသွားခဲ့ပါတယ်။ ဘေးက လူဆိုးတွေကတော့ အဖမ်းမခံဘဲ ထွက်ပြေးဖို့ ကြိုးစားခဲ့ပါတယ်။ ဝိုင်းထားပြီးဖြစ်တဲ့ ရဲတပ်ဖွဲ့ဝင်များနဲ့ ကျေးရွာသူရွာသားများက ဝိုင်းဖမ်းဆီးခဲ့လို့ ဓားပြဂိုဏ်းခေါင်းဆောင်တွေအပါအဝင် အားလုံးကို ဖမ်းမိခဲ့ပါတယ်။ သူတို့ကို စစ်ဆေးဖော်ထုတ်ချက်အရ ပြစ်မှုကျူးလွန်သူ ရာကျော်အောင် ဆက်လက်ဖော်ထုတ်ခဲ့ပါတယ်။ လက်နက်ပုန်းများစွာနဲ့ တိုက်ရာပါပစ္စည်းတွေ ပြန်သိမ်းနိုင်ခဲ့လို့ တရားရုံးအသီးသီးမှာ တရားစွဲနိုင်ခဲ့ပါတယ်။ စီမံချက်ပါ ကိုးမြို့နယ်အပါအဝင် စစ်ကိုင်းတိုင်း ဝေါင်ပိုင်းမှာ အေးချမ်းသာယာအောင် ဆောင်ရွက်နိုင်ခဲ့လို့ စီမံချက်မှာ ပါဝင်ခဲ့တဲ့ ထူးချွန်တဲ့ တပ်ဖွဲ့ဝင်တွေကို ဆုအသီးသီး ချီးမြှင့်ခဲ့ပါတယ်။

ယခု မြောက်ဥက္ကလာပမြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဒုရဲမှူးမော်ထွန်းဟာလဲ ဆုချီးမြှင့်ခံခဲ့ရပါတယ်။

လွန်ခဲ့သော ၂၅ နှစ်ခန့်က အဖြစ်အပျက်တစ်ခုကို စဉ်းစားရင်း ယနေ့တွင်လည်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် ရပ်ရွာ အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူများနှင့် လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်လျက်ရှိနေသဖြင့် အောင်မြင်မှု သာဓကများ အများအပြား ရှိနေကြပြီဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

❊ ❊ ❊ ❊ ❊

# အလိမ်မခံရစေချင်ပါ

လိမ်နည်းတွေအများကြီးရှိတဲ့အထဲက ရိုးရိုးလေးနဲ့ မကြာမကြာ ဆိုသလို ပေါ်လာတတ်ပြီး လိမ်တဲ့နည်းတစ်ခုကို တင်ပြလိုပါတယ်။

စာရေးသူတို့ ငယ်ရွယ်စဉ်က လိမ်ခဲ့တဲ့ လိမ်နည်းလေးဟာ အခုအချိန်ထိ တစ်ခါတစ်ရံပေါ်လာပြီး လိမ်သွားတာကို တွေ့မြင်ကြားသိ နေရပါတယ်။

ဒါကတော့ အထုပ်ချလိမ်နည်းပါပဲ၊ မကြာသေးမီက နယ်က ရန်ကုန်ကို လုပ်ငန်းတစ်ခုအတွက် စာမေးပွဲလာဖြေတဲ့ လူငယ် တစ်ယောက်ဟာ ရန်ကုန်မြို့လယ်က ဈေးကြီးတစ်ဈေးကို သွားရောက် ခဲ့ပါတယ်။ အပြန်အတွက် လက်ဆောင်အချို့ သွားဝယ်နေပါတယ်။ အချိန်က နေ့ခင်း ၂ နာရီလောက်ပါ၊ နေကလဲပူနေပါတယ်၊ လူလည်း ရှင်းနေပါတယ်။ အနော်ရထာလမ်းအတိုင်း လမ်းလျှောက်လာတော့ သူ့ရှေ့က (၂)ကိုက်လောက်အကွာက သွားနေတဲ့အမျိုးသမီးတစ်ယောက်

က ဟော ရှေ့မှာအထုပ်တစ်ထုပ်ပါလားဆိုပြီး လူငယ်မြင်အောင် အော်လိုက်ပါတယ်။ လူငယ်ကလည်း စိတ်ဝင်စားစွာပြန်ပြီး အမျိုးသမီး ငယ်နား ရောက်လာပါတယ်။ အမျိုးသမီးကောက်တဲ့ အထုပ်ကိုကြည့်မိပါတယ်။

ဒီမှာအစ်ကို စက္ကူနဲ့ထုပ်ထားတဲ့ အထုပ်တစ်ထုပ်ဆိုပြီး လူငယ် ရှေ့မှာဖွင့်လိုက်ပါတယ်။ အထုပ်ငယ်ထဲက ရွှေဆွဲကြိုးတစ်ကုံးကို မြင်ကြရပါတယ်။ ထုတ်ထားတဲ့စက္ကူကို ဖြေကြည့်လိုက်တော့ ရွှေဘုံသာလမ်းရွှေဆိုင်တစ်ဆိုင်က ကွန်ပျူတာနဲ့ရိုက်ထားတဲ့ ဘောင်ချာ စာရွက်ဖြစ်နေပါတယ်။ ဘောင်ချာဖတ်ကြည့်လိုက်တော့ ၁၅ ပဲရည် ရွှေချိန် ၅ မူးသား ဆွဲကြိုး၊ ငွေသား ၉၆၀၀၀ လို့ ဘောင်ချာမှာ ရေးထားပါတယ်။

ဟယ်အစ်ကိုရယ် ပိုင်ရှင်ကတော့နမြောမှာဘဲနော် ငွေတစ်သိန်း နီးပါးတောင် ပေးရတာ။

လူငယ်ကလည်း ရောရောင်ပြီး ပစ္စည်းကျခဲ့တဲ့သူကို သနား တယ်လို့ ပြန်ပြောပါတယ်။ ဝယ်သူနေရာမှာ ဒေါ်သက်ထားလို့ပဲ ရေးထားပါတယ်။ လိပ်စာမပါ ပါဘူး -

အစ်ကိုရယ် ညီမနဲ့အစ်ကို ကံစပ်ပါတယ်။ ကျွန်မကလည်း အမေဆေးရုံတက်နေရတယ်။ ရောဂါကို ခွဲရမယ်ဆိုလို့ အချိန်မီအောင် အရေးတကြီးထွက်လာခဲ့တာပါ။ အချိန်လည်း သိပ်မပေးနိုင်ဘူး၊ အစ်ကိုပဲ ဒီပစ္စည်းကို ယူထားပါ၊ ညီမနဲ့အစ်ကို ကံတူအကျိုးပေးဆိုတော့ တစ်ဝက်စီခွဲတာပေါ့အစ်ကို၊ အစ်ကိုကျွန်မကို တစ်ဝက်တန်ဖိုးပေးလိုက်ပါ။ ရော့အစ်ကို ယူထားပါ။

လူငယ်အံ့ဩသွားပုံရသည်။ ဒါပေမယ့် ၁ သိန်းဖိုးနီးပါး ရှိတော့ လူငယ်စိတ်တွင် လောဘလည်းတက်သွားပုံရသည်။

ကျွန်တော့်မှာ ငွေ ၄ သောင်းကျော် ဘယ်ပါမှာလဲ ငွေ တစ်သောင်းကျော်ပဲပါတယ်။

အစ်ကိုရယ် အစ်ကို့ကံ ညီမကံပဲ၊ ပါတဲ့ငွေနဲ့ အစ်ကို့လက်က နာရီပဲ ပေးလိုက်ပါ။ ညီမ အမေက အရေးကြီးနေပါတယ်။ အစ်ကိုပဲ ဆိုင်လိပ်စာရှာပြီး သွားပြန်ရောင်းရင် အရော့တွက်လက်ခနုတ်ပြီး ရောင်းရင် ရပါတယ်။

လူငယ်စဉ်းစားပြီးမှ ပါလာသော ငွေတစ်သောင်းကျော်နဲ့ လက်ပတ်နာရီ ၅၀၀၀ တန်ကို ချွတ်ပေးပြီး ဆွဲကြိုးနဲ့ ဘောင်ချာကို ယူထားလိုက်ပါတယ်။ လူငယ်ကလဲ ပွပြီလို့သဘောပေါက်လိုက်ပါတယ်။

အမျိုးသမီးက အစ်ကို့ကုသိုလ်ပဲလေ၊ ကျွန်မသွားမယ်ဆိုပြီး ခပ်သုတ်သုတ်လေး ထွက်သွားပါတယ်။

လူငယ်လည်း ပွပြီအထင်နဲ့ လိပ်စာပါ ရွှေဆိုင်ကို ရွှေဘုံသာ လမ်းမှာ လိုက်ရှာခဲ့တာ ခြေကုန်လက်ပန်းသာကျသွားပါတယ်၊ လိပ်စာပါ ဆိုင်ကို ရှာမရခဲ့ပါ။ ဘောင်ချာအရထင်တာနဲ့ နီးရာရွှေဆိုင်ကို အကူအညီတောင်းပြီး ရွှေကို စစ်ဆေးကြည့်တော့ ရွှေရည်စိမ်ထားတဲ့ ကြေးဆွဲကြိုးဖြစ်နေပါရော . .

လူငယ်လည်း ခံလိုက်ရပြီဆိုတာ သိသွားခဲ့ပါတယ်။ ပါသမျှ ငွေနဲ့ လက်ပတ်နာရီပါသွားပြီး ဆွဲကြိုးအတုကတော့ လူငယ်လက်ထဲမှာ ကျန်ခဲ့တယ်ပေါ့။

ဒီလိမ်နည်းက ရိုးရိုးစင်းစင်းလေးပါ။ စာရေးသူ ယခင်က ဆောင်းပါးများ ရေး၍ တင်ပြခဲ့ဖူးပါသည်။ သို့ရာတွင် ဒီလိမ်နည်းက တစ်ခါတစ်ရံ ပြန်ပေါ်လာတတ်ပါသည်။ ယခုလည်း ပြန်ပေါ်လာသည်ကို တွေ့ရတယ်။

တကယ်တော့ လူ့လောဘဆိုတာကလည်း အခက်သားလား။ မျက်မျက်ကလေးရရင် လိုချင်ကြတယ်။ အထူးသဖြင့် ဆန့်ကျင်ဘက် လိင်တွေနဲ့ စည်းရုံးရင် ယောက်ျားသားတွေ ယုံလွယ်တတ်ကြပါတယ်။

လွယ်လွယ်ရရင် ယူချင်တတ်ကြတဲ့သဘောရှိခဲ့လို့ ရှေးခေတ် လူကြီးတွေက လွယ်ရင် သူကြွယ်တောင် သူခိုး ဖြစ်တတ်တယ်လို့ ဆိုခဲ့ကြပါတယ်။

ဒါ့ကြောင့် အလိမ်မခံရအောင် လောဘကို သတ်ပြီး အမှန်တရားကို သတိထားနိုင်ကြပါစေလို့။

❋ ❋ ❋ ❋ ❋

[ ၆ ]

# ဘဝရေစက်လား၊ မေတ္တာရောင်ပြန်ကြောင့်လား

စာရေးသူတို့ရဲ့တပ်ဖွဲ့ဝင်များသည် အမှုတစ်ခုကို ပေါ်ပေါက်အောင် စုံစမ်းစစ်ဆေးရင်း ထူးခြားသောဖြစ်ရပ်များနှင့် ကြုံတွေ့ခဲ့ရသည်များ မကြာခဏလိုလို တွေ့ကြုံရပါတယ်။ ထိုအတွေ့အကြုံများထဲမှ ဖြစ်ရပ်တစ်ခုကို တင်ပြလိုပါတယ်။

ရန်ကုန်မြို့လယ်ရှိ ခြံနှင့်ဝင်းနှင့်နေထိုင်သော ရပ်ကွက်တစ်ခု၌ နိုင်ငံခြားသားဇနီးမောင်နှံ နေထိုင်သည့် အိမ်တစ်အိမ်တွင် ခိုးမှု ဖြစ်ပွားခဲ့ပါတယ်။ နိုင်ငံခြားသား ဇနီးမောင်နှံတို့ဟာ ရဲစခန်းသို့ အမှုတိုင်ဖို့ ရောက်ရှိနေတဲ့အကြောင်း ဒုရဲမှူး လှညွန့်မှ သတင်းပို့သဖြင့် စာရေးသူသည် နိုင်ငံခြားသားနှင့် ပတ်သက်သောအမှုဖြစ်၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် တိုင်းရုံးမှ ရဲစခန်းသို့ ရောက်ရှိသွားခဲ့တယ်။

ရဲစခန်းရောက်ရှိတဲ့အခါ နိုင်ငံခြားသား ဇနီးမောင်နှံ (၂)ဦးကို တွေ့ရှိရပြီး အဖြစ်အပျက်အမှန်ကို သိရှိရပါတယ်။ ဖြစ်ပျက်ပုံကတော့ ၎င်းတို့ ဇနီးမောင်နှံသည် ၂ ထပ်အိမ်ခြံတစ်ခြံကို ငှားရမ်းနေထိုင်ပြီး အောက်ထပ်တွင် ရုံးခန်းဖွင့်၍ အပေါ်ထပ်တွင် ၎င်းတို့ဇနီးမောင်နှံ နေထိုင်ကြပါတယ်။ ခြံထဲက အလုပ်သမားတန်းလျားမှာတော့ အိမ်ဖော် လင်မယားနေထိုင်ကြပါတယ်။ အိမ်ဖော်၏ ယောက်ျားဖြစ်သူမှာ လုံခြုံရေး၊ သန့်ရှင်းရေးတာဝန်များကို ဆောင်ရွက်နေသူဖြစ်ပါတယ်။

အခင်းဖြစ်ပွားသောညက မိုးတစိမ့်စိမ့် ရွာသွန်းနေပြီး၊ အိမ်ဖော် လင်မယား အိပ်မောကျနေချိန်တွင် သူခိုးတစ်ဦး အပေါ်ထပ်သို့ တက်ကာ နိုင်ငံခြားသားလင်မယားအိပ်သော အခန်းတွင်းသို့ဝင်၍ အဖိုးတန် ပစ္စည်းများ ခိုးယူသွားခဲ့ပါတယ်။ နိုင်ငံခြားသား လင်မယား တို့မှာ ညစဉ်ညတိုင်း ကက်ဆက်ဖွင့်၍ ကခုန်ကြရင်း အရက် အလွန် အကျွံသောက်ကာ အိပ်ခဲ့ကြသဖြင့် ထိုညတွင် အိပ်မောကျချိန်၌ သူခိုးဝင် ခိုးသွားသည်ကို မသိလိုက်ကြဘဲ နံနက်မိုးလင်း အိပ်ရာထမှ ဝရန်တာတံခါးများကို မပိတ်ဘဲ အိပ်မိခဲ့၍ သူခိုးတက်လာကာ လက်စွပ်၊ လက်ပတ်နာရီ၊ ကက်ဆက်နှင့် ငွေများခိုးယူခဲ့ကြောင်းသိရ၍ ရဲစခန်းသို့ တိုင်ကြားခဲ့ပါတယ်။ ရဲစခန်းတွင် အမှုတိုင်ကြားနေစဉ် ခင်ပွန်းဖြစ်သူ နိုင်ငံခြားသားက ဖုန်းလာလို့ အပြင်သို့ထွက် ဆက်သွယ်တဲ့အချိန်မှာ ဇနီးဖြစ်သူ နိုင်ငံခြားသူက စာရေးသူထိုင်ရာစားပွဲသို့ ရောက်လာပြီး ဘေးဘယ်ညာကိုအကဲခတ်၍ စာရေးသူကို သူမ တစ်ခုပြောချင်ကြောင်း ယောက်ျားကို အသိပေးမထားကြောင်း၊ သူမ အိပ်သောခေါင်းအုံး ဘေးတွင် သူခိုးက စာရွက်တစ်ရွက် ရေးထားခဲ့ကြောင်း၊ စာရွက်ကို

ပြသ၍ ကြည့်ရှုရာ "I Love You" ဟုရေးသွားခဲ့ကြောင်း၊ လူကိုတော့ ဘာမှ လုပ်မသွားကြောင်း၊ သူခိုးကိုမိလျှင် မည်သည့်အဓိပ္ပာယ်နှင့် ရေးသွားသည်ကို သူမ သိလိုလှကြောင်း၊ ဒီကဒ်စွက်ကို လျှို့ဝှက်ထားပေး ပါရန် စာရေးသူအား မေတ္တာရပ်ခံ၍ စာရွက်ကိုတော့ သူမ ပြန်ယူ သွားခဲ့ပါတယ်။

တစ်ပတ်ခန့်ကြာတဲ့အခါ တစ်ကိုယ်တည်း ဖောက်ထွင်းမှုများ ကျူးလွန်တတ်၍ မှတ်တမ်းတင်ထားသူ အေးကိုဆိုသူကို ဖမ်းဆီးရမိခဲ့ ပါတယ်။ ခိုးသွားတဲ့ ပစ္စည်းများ ပြန်လည်သိမ်းဆည်းရရှိခဲ့ပါတယ်။ အေးကိုမှာ အသားဖြူဖြူ ပိန်ပိန်ပါးပါးဖြစ်ပါတယ်။ သူ့ကို ရဲစခန်းမှာ ချုပ်ထားစဉ် စာရေးသူ ရဲစခန်းသို့ရောက်သွားပြီး အေးကို ကို အခန်း တစ်ခန်းတွင် နှစ်ဦးတည်းတွေ့ဆုံကာ စာရေးခဲ့ရသည့် အကြောင်းရင်းကို မေးမြန်းခဲ့ပါတယ်။

အေးကို ပြောပြချက်အရ စာရေးခဲ့ခြင်းမှာ သူကိုယ်တိုင် ရေးခဲ့ကြောင်း ဝန်ခံပါတယ်။ သူဝရံတာကတစ်ဆင့် အပေါ်ထပ် ရောက်တော့ အပေါ်ထပ် အိပ်ရာပေါ်တွင် နိုင်ငံခြားသား ဇနီးမောင်နှံမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေကြောင်း၊ နိုင်ငံခြားသူ အမျိုးသမီးက ချောမောလှပသူဖြစ်၍ ကြည့်ရင်းကြည့်ရင်း စိတ်ထဲမှ ဖောက်ပြန်ချင်စိတ် ဖြစ်ပေါ်လာကြောင်း၊ ၎င်းမှာ ငွေရေးကြေးရေးအခက်အခဲနှင့် ဝါသနာ ကြောင့် အလွယ်တကူခိုးယူရရှိနိုင်သည့် နေရာများတွင် ခိုးမှုများ ကျူးလွန်ခဲ့မိပါကြောင်း၊ သို့ရာတွင် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်၍ ဘုရား ရှိခိုးတိုင်း ငါးပါးသီလ ခံယူခဲ့ကြောင်း၊ ငွေမရှိ၍ ခိုးရခြင်းကြောင့် တစ်ပါးကို ချိုးဖောက်ဖြစ်သော်လည်း၊ နောက်ထပ်တစ်ပါးဖြစ်သော

ကာမေသုမိစ္ဆာတာကံကို ချိုးဖောက်ခဲ့မိတော့မည့်အဖြစ်ကို သတိပြုမိ၍ စိတ်ကိုထိန်းချုပ်ကာ "I Love You" ဟု စိတ်ကိုဖြေသည့်အနေဖြင့် ရေးခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံပြောကြားခဲ့ပါတယ်။

မကြာခင်မှာပဲ တရားခံ ဖမ်းမိ၍ ပစ္စည်းများအားလုံး ပြန်ရကြောင်း နိုင်ငံခြားသား လင်မယားတို့ကို ရဲစခန်းမှ အသိပေးသဖြင့် နိုင်ငံခြားသူ အမျိုးသမီး ရဲစခန်းကို ရောက်ရှိလာပါတယ်။ အဲဒီအချိန်မှာပဲ စာရေးသူလဲ ရောက်ရှိနေတဲ့အတွက် အမျိုးသမီးက စခန်းမှူးထံ ခွင့်တောင်းပြီး စာရေးစားပွဲရှိရာသို့ ရောက်ရှိလာပါတယ်။ သူ့ယောကျ်ား တော့ အလုပ်များနေလို့ မလာကြောင်းပြောပါတယ်။ အမျိုးသမီးက ဘာ့ကြောင့် ဒီစာရေးသွားတာလဲလို့ သူ့ကို မေးကြည့်ပြီးပြီလားဟု စာရေးသူအားမေးရာ စာရေးသူက ခေါင်းငြိမ့်ပြလိုက်ပါတယ်။ နောက်ပြီး တရားခံအေးကို ရှင်းပြသည့်အတိုင်းပဲ ဗုဒ္ဓဘာသာဝင်တွေမှာ ကံငါးပါးကို ထိန်းရကြောင်း၊ (ကံငါးပါးကို ရှင်းပြပါသည်)သူ့မှာ ပစ္စည်းမရှိ၍ ခိုးစားကြောင်း၊ နောက်တစ်ပါးဖြစ်သော သူများသားမယားကို ပြစ်မှားမိမည်စိုး၍ စိတ်ကိုဖြေသည့်အနေဖြင့် စာရေးခဲ့ကြောင်း ထပ်ဆင့် ပြောပြခဲ့ပါသည်။

အမျိုးသမီး အံ့ဩသွားပုံရပါတယ်။ အမျိုးသမီးက အေးကို ကို တွေ့ဆုံလိုကြောင်း တောင်းဆိုပါတယ်။

စာရေးသူက တွေ့ရန် မသင့်တော်ကြောင်း မေတ္တာရပ်ခံခဲ့ရပါတယ်။ အမျိုးသမီးပြန်ထွက်သွားစဉ် တရားခံအေးကို ကို စစ်ချက်ယူနေသော စခန်းမှူးအဖွဲ့တွင် မြင်လိုက်သဖြင့် အေးကိုလားဟု မေးကာ လက်ဆွဲနှုတ်ဆက်ပြီး သေချာကြည့်ပြီး ပြန်ထွက်သွားခဲ့ပါတယ်။

ရဲက အေးကို ကို တရားစွဲဆိုတင်ပို့ခဲ့ရာ တရားရုံးတွင် ၂ ကြိမ်ခန့် စစ်ဆေးပြီး အေးကိုကဝန်ခံသဖြင့် ထောင်ခြောက်လ ကျသွားပါတယ်။ တရားခံအေးကို ထောင်ကျသွားသောအခါ နိုင်ငံခြားသူ အမျိုးသမီးသည် စာရေးသူနေထိုင်ရာ တိုင်းရုံးသို့ မေးမြန်းကာ ရောက်ရှိလာပြီး လာတွေ့ပြန်ပါတယ်။ သူမက သူတို့လင်မယား နောက် ၁ လခန့်ကြာလျှင် အလုပ်တာဝန်များပြီး၍ နိုင်ငံခြားသို့ ပြန်ရမည် ဖြစ်ကြောင်း အေးကို ခိုးယူသွားပြီး လက်ဝတ်လက်စားများနှင့် ကက်ဆက်၊ အဝတ်အစားအချို့ကို ၎င်းတို့ပြန်မယူတော့ဘဲ အမှုပြီးလျှင် အေးကို ကို ၎င်းကအပိုင်ပေးခဲ့မည်ဖြစ်ကြောင်း လာရောက်ပြောကြား ခဲ့ပါတယ်။

စာရေးသူက အဲဒီပစ္စည်းများကို တရားခံအား ရဲကပြန်ပေး နိုင်ခွင့်မရှိကြောင်း။ အမှုစစ်ဆေးခဲ့သော တရားရုံးသို့ သွားရောက် တင်ပြကြည့်သင့်ကြောင်း အကြံပေးခဲ့ပါတယ်။ အမျိုးသမီးက စာရေးသူထံ စာရွက်တစ်ရွက်တောင်း၍ "I Remember You" ဟု ရေးပေးပြီး အေးကို ထောင်ကထွက်လာသည့်အခါ ၎င်းနှုတ်ဆက် သွားကြောင်း ပြောပေးပါရန် ဒီစာကိုလည်း ပေး ပေးပါရန် ပြောကြား ပါတယ်။

အမျိုးသမီးသည် တရားရုံးသို့ သွားရောက်၍ ခိုးရာပါပစ္စည်း များကို အေးကို ထောင်ကလွတ်လာလျှင် လွှဲပြောင်းပေးပါရန် စာရေး ပေးခဲ့ကြောင်း သိရပါတယ်။

ထိုဖြစ်ရပ်သည် စာရေးသူတို့ ရဲတပ်ဖွဲ့များတွင် များစွာ တွေ့ကြုံခဲ့ရသည့်အထဲမှာ ထူးဆန်းသောဖြစ်ရပ်တစ်ခုဖြစ်ပါတယ်။

ဤဖြစ်ရပ်သည် တစ်ခါမျှ မမြင်ဖူးသေးသော သူခိုးနှင့် ပစ္စည်း ပိုင်ရှင် နိုင်ငံခြားသူ အမျိုးသမီးတို့သည် မမျှော်လင့်ဘဲ တွေ့ရှိခဲ့ရပါတယ်။ သူတို့ဘဝ အကျိုးပေးရေစက်ကြောင့်လား၊ မေတ္တာတရား၏ ရောင်ပြန် လေလား မတွေးဆတတ်တော့ပါ။ စာရေးသူက ရဲအရာရှိတစ်ဦး အနေဖြင့် ဆုံးဖြတ်ချက်ချ၍ နိုင်ငံခြားသူ ပေးခဲ့သောစာကို အေးကိုထံ မပေးတော့ဘဲ ဆုတ်ပစ်လိုက်ပါတယ်။

စာဖတ်သူများ စဉ်းစားဆုံးဖြတ် ပေးကြပါတော့။

❋ ❋ ❋ ❋ ❋

[ ၃ ]

# တုန့်ပြန်နိုင်းမရသော မေတ္တာတံတိုင်းကြီးပမာ

လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်ကျော်ကာလက ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တစ်ခုကိုတော့ စာရေးသူ သတိရနေဆဲပါ။

စာရေးသူ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ တာဝန်ကျနေချိန်က ဖြစ်ပါတယ်။ နံပါတ်ဖိုးခေါ်တဲ့ ပူးယစ်ဆေးဝါး နံမည်ကျော်ကြားနေတဲ့ အချိန်ပါ။

နိုင်ငံတော်က လူ့ဘဝ လူ့ညွှန့်တုံးစေတဲ့ မူးယစ်ဆေးဝါးကို "အမျိုးသားရေးအမြင်နဲ့ တိုက်ဖျက်ကြဖို့" စီမံချက်တွေ ချမှတ် စတင် အရေးယူနေတဲ့အချိန်ဖြစ်ပါတယ်။

စာရေးသူတို့ ရဲတပ်ဖွဲ့ဝင်တွေကလည်း လုပ်ငန်းတာဝန် တစ်ရပ်အဖြစ် ချမှတ်ကာ စုံစမ်းဖော်ထုတ် အရေးယူလျက် ရှိနေပါတယ်။

စခန်းမှူး ဦးကော်လိဝန်က စာရေးသူထံ နှုတ်ဖြင့် လာရောက်သတင်းပို့ခဲ့သည်။ သတင်းအရကတော့ လားရှိုးကနေ နယ်စပ်နဲ့ ကုန်တင်ကားကြီးမောင်းနေတဲ့ "အိုက်ထွန်း" မနက်ဖြန် ပြန်ရောက်လာမယ်၊ သူနဲ့အတူ "နံ့ပါတ်ဖိုး"တွေ ပါလာမယ်။ မနက်ဖြန် နံနက် ၁၀ နာရီမှာ မန္တလေးဘက်က နံ့ပါတ်ဖိုးကုန်သည်တွေကို သူ့အိမ်မှာ ချိန်းထားတယ်။ အဲဒီမှာ အရောင်းအဝယ်ဖြစ်မယ်။ အဲဒီအချိန်ကို စောင့်ပြီးဖမ်းဖို့စီစဉ်ထားတဲ့ အစီအစဉ်တွေကိုသိရှိခဲ့ပါတယ်။ စာရေးသူက ပိပိရိရိနဲ့ လက်ပူးလက်ကြပ်မိအောင်ဖမ်းဖို့ သူတို့ စီစဉ်ထားတဲ့ အစီအစီအစဉ်တွေကို လိုအပ်မယ်ထင်တာ ထပ်ပြီး ဖြည့်စွက်အကြံပြုပြင်ဆင်ပေးလိုက်ပါတယ်။ နောက်တစ်နေ့ မိုးလင်းတော့ အိုက်ထွန်းအိမ်ဝန်းကျင်မှာ မိမိရဲတပ်ဖွဲ့ဝင်တွေ ပြည်သူနဲ့ ရောပြီး ရှိနေကြပါတယ်။ မလှမ်းမကမ်း မမြင်သာတဲ့နေရာမှာတော့ စခန်းမှူး ကောလိဝန်းရယ်၊ စခန်းမှူး ဦးခန်းကြီးရယ်၊ စခန်းမှူး ဦးအောင်ခင်ရယ် လက်ရွေးစင် ဝါရင့်ရဲအရာရှိများ အသင့်စောင့်ဆိုင်းနေခဲ့ကြပါတယ်။ သူတို့မှာ ဆက်သွယ်ရေးစက်ပါသွားတော့ စာရေးသူနဲ့ စဉ်ဆက်မပြတ် အဆက်အသွယ်ရခဲ့ပါတယ်။ စာရေးသူကတော့ ပြည်နယ်ရုံးမှာ အသင့်ရှိနေပါတယ်။

အိုက်ထွန်းနဲ့ သူပိုင် သူမောင်းတဲ့ အဝေးပြေး အီစူးဇူးကား နံနက် (၇)နာရီမှာ သူ့အိမ်ခြံဝင်းထဲ ဝင်သွားပါတယ်။ ကားပေါ်မှာ ပစ္စည်းအပြည့် တင်ထားပြီး မိုးကာအုပ်ထားပါတယ်။ ရောက်ရောက်ချင်းပဲ ထင်းရှူးသေတ္တာနှစ်လုံးကို ပစ္စည်းတွေအောက်က အထုပ်အပိုးတွေကြားက အလုပ်သမား(၂)ဦးကို ဖယ်ထုတ်စေပြီး အိမ်ပေါ်တင်သွားတယ်လို့ သိရပါတယ်။

မန္တလေးကတက်လာမယ့်အဖွဲ့ အိုက်ထွန်းအိမ်ထဲအဝင်မှာ ကစ်ပြိုင်တည်းစီးမိအောင် ဖမ်းမယ့်အစီအစဉ်နဲ့ စောင့်နေကြပါတယ်။

နံနက် (၈)နာရီ (၄၀)မိနစ်လောက်မှာ သီပေါရဲစခန်းမှ ဖုန်းဝင်လာပါတယ်။ ရဲတပ်ဖွဲ့ဝင်တွေ စောင့်နေကြတဲ့ မန္တလေးက တက်လာတဲ့ ဂျစ်ကား နံပါတ် . . . . . ဟာ လမ်းချော် တိမ်မှောက်သွားလို့ ပါတဲ့လူ (၄)ဦးကို သီပေါဆေးရုံမှာ တင်ထားရတယ်တဲ့။ စာရေးသူလည်း သူတို့ (၄)ဦးကို ထွက်မပြေးနိုင်အောင် စောင့်ဆိုင်းကြည့်ရှုခိုင်းပြီး အသင့်စောင့်နေတဲ့ စခန်းမှူး (၃)ဦးကို "အိုက်ထွန်း" အိမ်ကို ဝင်ရှာဖို့ တာဝန်ပေးလိုက်ပါတယ်။

ရဲတပ်ဖွဲ့ဝင်တွေ ခြံဝင်းကို အဝင်အထွက်မရှိအောင် ပိတ်ဆို့ထားပြီး စခန်းမှူးများနဲ့အဖွဲ့က သက်သေများနဲ့ ဝင်ရှာ စစ်ဆေးခဲ့ကြပါတယ်။

အိမ်ထဲနဲ့ ခြံဝင်းအတွင်း အသေးစိတ် ရှာကြတဲ့အပြင် ကားပေါ်ကပစ္စည်းတွေကိုလည်း ကားအောက်ကို တစ်ခုချင်းချကာ ရှာဖွေခဲ့ပါတယ်။ ထူးခြားမှု မတွေ့ရသေးကြောင်း ဦးကောလိဝန်က သတင်းပို့ခဲ့ပါတယ်။

စာရေးသူလည်း စိတ်ထဲမှာ အားမလိုအားမရဖြစ်လာပါတယ်။ ကွင်းဆက်တွေနဲ့ သတင်းအတိအကျ ရထားတော့ အိုက်ထွန်းထံမှာပဲ မန္တလေးနဲ့ တခြားနေရာတွေကို ဖြန့်မယ့် "နံပါတ်ဖိုး"တွေ ရှိနေမှာပါ။ ဒါနဲ့ စာရေးသူလည်း အိုက်ထွန်းနေထိုင်ရာ အိမ်ကို အဆောတလျင် လိုက်သွားခဲ့ပါတယ်။

အိုက်ထွန်း အိမ်ရောက်တော့ စခန်းမှူး ဦးကောလိဝန်နဲ့ စခန်းမှူး (၃)ဦးတို့ဟာ ရဲတပ်ဖွဲ့ဝင်များနဲ့ သက်သေလူကြီးများကို အစုလိုက်ခွဲကာ အသေးစိတ် ရှာနေကြဆဲပါ။ အိမ်ရှင် ဦးအိုက်ထွန်းနဲ့ ဇနီး၊ အိမ်ဖော် (၂)ဦး၊ ကားစပယ်ယာ (၂)ဦး၊ ကုန်တင်ကုန်ချ အလုပ်သမား (၂)ဦး အားလုံးကိုစုပြီး ထိုင်ခိုင်းထားပါတယ်။ စခန်းမှူး

ဦးကောလိဝန်က ကားပေါ်က ချထားတဲ့ ထင်းရှူးသေတ္တာနှစ်လုံးထဲမှာ အသေးစိတ်ရှာတော့ တစ်ဖက်နိုင်ငံက အရက်ပုလင်းတွေရယ်၊ နိုးစက်နာရီတွေရယ်၊ ခေါက်ဆွဲခြောက်ထုပ်တွေရယ်သာ တွေ့ရပါတယ်တဲ့။ ဒါပေမယ့် စေ့စပ်တဲ့ ဦးကောလိဝန်က ထင်းရှူးသေတ္တာတစ်လုံးရဲ့အောက်ခြေမှာ အဖြူမှုန့် အနည်းငယ်ကျနေတာတွေလို့ ဦးအိုက်ထွန်းကိုမေးတော့ ဟင်းချိုမှုန့်ပါလို့ ပြောတယ်လို့ သိရပါတယ်။ အဲဒီအမှုန့်အစလေးတွေကို စာရေးသူက ရသလောက်စုပြီး သက်သေများရှေ့မှာ ချိတ်ပိတ်သိမ်းဆည်းစေပါတယ်။

စာရေးသူသုံးသပ်ချက်ကတော့ သေတ္တာထဲမှာ ကျခဲ့တဲ့အမှုန့်လေးတွေဟာ ဘိန်းဖြူပဲဖြစ်မယ်။ သူတို့ နေရာပြောင်းပြီး ဝှက်ထားတယ်လို့ ယူဆလိုက်ပါတယ်။

"ကိုကောလိဝန် သူတို့အိမ်မှာ အခုရှိတာ လူကုန်ပဲလား"

"မဟုတ်ဘူးဆရာ အိုက်ထွန်းအမေ ဒေါ်နန်းစံခမ်းမတွေ့ရဘူး။ အပြင်ထွက်သွားတယ်ပြောတယ်"

"ခင်ဗျားတို့အဖွဲ့နေရာယူတာ ဘယ်အချိန်လဲ"

"မနက် ၃ နာရီပါ"

"အဲဒီနောက်ပိုင်း အဝင်အထွက်ရှိလား"

"မရှိဘူးဆရာ၊ အထူးသဖြင့် အိုက်ထွန်းကားဝင်ပြီး ကျွန်တော်တို့ကိုယ်တိုင် ကြတ်မတ်စောင့်ကြည့်ခဲ့ပါတယ်"

"ဒါဆိုရင် အိမ်သာတွေ ရေချိုးခန်းတွေကိုပါ သေချာပြန်ပြီး စစ်ဗျာ . . ."

စာရေးသူ အမှတ်မထင် နှုတ်မှစဉ်းစားပြောလိုက်မိပါသည်။

စခန်းမှူး ဦးကောလိဝန်အဖွဲ့ အိမ်သာရေချိုးခန်းများကို အဖွဲ့ခွဲ

စစ်ကြပါတယ်။ အိမ်မကြီးဘေး အလုပ်သမားတွေအတွက် သီးသန့် ဆောက်ပေးထားတဲ့ ရေချိုးခန်းနဲ့ အိမ်သာတွဲလျက် အခန်းအပေါ်က ရေတိုင်ကီကို မသကာလို့ တက်ရှာတော့ အိုက်ထွန်းအမေ အသက် (၃၀)နှစ်ရှိတဲ့ ဒေါ်နန်းစံခမ်းကို ရေတိုင်ကီထဲက ဆွဲထုတ်ခဲ့ကြပါတယ်။ ရေတိုင်ကီဘေး သစ်သားဘောင်ကြားက လက်ဆွဲအိတ်နဲ့ထည့်ထားတဲ့ ဘိန်းဖြူ "နံ့ပါတ်ဖိုး" ၁၀ ကီလိုလောက်ကိုပါ သိမ်းဆည်းရမိခဲ့ ပါတော့တယ်။

ဒေါ်နန်းစံခမ်း၊ အသက် (၃၀)နှစ်ကို စစ်တော့ သူ့ပစ္စည်း ဖြစ်ကြောင်း၊ သားအိုက်ထွန်းမသိကြောင်း၊ နယ်စပ်မှာ နေခဲ့ရစဉ် ဗကပများ အုပ်စိုးမှုအောက်မှာ ဘိန်းဖြူစွဲခဲ့၍ ဝယ်စုထားကြောင်း၊ သူ့ကိုသာဖမ်းပါ။ သားနဲ့မဆိုင်ကြောင်း တောင်းပန်၍ မျက်ရည် စမ်းစမ်းဖြင့် ထွက်ချက်ပေးခဲ့ပါတယ်။

စာရေးသူကတော့ အမေအရွယ် သက်ကြီးရွယ်အို တစ်ယောက်က နေ့လား၊ ညလား သေဖို့နီးနေတဲ့အရွယ်မှာတောင် ရင်ကဖြစ်လာခဲ့ရသော သားကို ချစ်နေဆဲ၊ သားဒုက္ခရောက်မှာကို ရှေ့က ခါးစီးခံနေဆဲ ဖြစ်ရပ်ကိုကြည့်ပြီး မိခင်တစ်ယောက် သားသမီး အပေါ်ထားတဲ့ တိုင်းမရသောမေတ္တာကို လေးစားမိ၊ အံ့ဩမိ၊ တုန်လှုပ် မိခဲ့ပါတယ်။ စာရေးသူတို့၊ စာဖတ်သူတို့၏ မိခင်မေတ္တာသည်လည်း အမေဒေါ်နန်းစံခမ်းကဲ့သို့ပင် ရှိမည် မုချပင်။

အမေရယ်၊ သားအတွက် ခါးစည်းခံချင်ပေမယ့် ကျွန်တော် တို့မှာ ကွင်းဆက်အထောက်အထားတွေ ရပြီးသားပါအမေ၊ ဒါပေမယ့် အမေနဲ့အတူ "နံ့ပါတ်ဖိုး"တွေ တွေ့ရတော့ အမေ့ကိုလဲ တရားရုံးတော့ ပို့ရမယ်အမေရယ်၊ ရုံးကျရင်တော့ အဖြစ်မှန်အတိုင်း စီရင်ချက်ချမှာပါ။ ဥပဒေအရ လုပ်ရမှာဆိုတော့ သားတို့ ရဲတပ်ဖွဲ့ဝင်တွေကို ခွင့်လွှတ်ပါ။

တရားရုံးတွင် ကိုအိုက်ထွန်း ဝန်ခံခဲ့သလို ကိုအိုက်ထွန်းနှင့် ကွင်းဆက်များ ဖော်ထုတ်ခဲ့၍ အဖြစ်မှန်ကို တရားရုံးသို့ တင်ပြနိုင်ခဲ့ကြပါတယ်။

အမေဒေါ်နန်းစံခမ်းကတော့ ချုပ်ရက်တွေနဲ့ မြင့်မားသော အုတ်နံရံကြားမှ ထောင်နန်းတွင် သားအတွက် ခံခဲ့ရပါပြီ။ သင်ခန်းစာယူနိုင်ကြပါစေဟု . . . .

❋ ❋ ❋ ❋ ❋

[ ၈ ]

# သတိထားသင့်သော အိမ်ရှင်နဲ့ အိမ်ဖော် ပြဿနာများ

ရဲစခန်းတွေက မကြာခဏ ဖြေရှင်းပေး နေရတဲ့ အိမ်ရှင်များနဲ့ အိမ်ဖော်များအကြောင်းထဲက အချို့အဖြစ် အပျက်တွေကို စာဖတ်သူများ သတိထားနိုင်ကြစေရန် တင်ပြလိုပါတယ်။

ရန်ကုန်မြို့ကြီးအပါအဝင် မြို့တွေမှာရှိတဲ့ အိမ်တွေမှာ အိမ်တွင်းရေးလုပ်ငန်းတွေလုပ်ကိုင်ဖို့အတွက် အိမ်ဖော်တွေကို ငှားကြပါတယ်။ အိမ်ဖော်တွေက အိမ်ရှင်မတွေရဲ့ လုပ်ငန်းတွေကို လုပ်ကိုင်ပေးကြရပါတယ်။

အိမ်ဖော်တွေဟာ နယ်ကလာပြီး လုပ်တဲ့သူက များပါတယ်။ အထူးသဖြင့် အမျိုးသမီးတွေပဲပေါ့။ အနယ်နယ်အရပ်ရပ်ကလာပြီး အိမ်ဖော်လုပ်ကြတော့ သူတို့စရိုက်တွေကလည်း အမျိုးမျိုးပါလာကြပါတယ်။ တစ်ချို့ဆိုရင် အိမ်ရှင်အပေါ်သစ္စာရှိတယ်၊ ရိုသေကြတယ်၊

အလုပ်ကို ကြိုးစားလုပ်ကြတယ်။ အိမ်ရှင်တွေအတွက်ဆိုရင် အသက်ကိုပင် အသေခံမယ်ဆိုတဲ့ အိမ်ဖော်တွေလည်း ရှိကြပါတယ်။

ဆယ်စုနှစ်ဟိုဘက်ပိုင်းလောက်က မြို့လယ်က တိုက်ခန်းတစ်ခန်းရှိပါတယ်။ တစ်အိမ်လုံးအုပ်သွားလုပ်ကြတော့ အိမ်ဖော်အမျိုးသမီးနှစ်ဦးပဲ ကျန်ခဲ့ပါတယ်။ အဲဒါလူဆို (၃)ယောက်က အခွင့်ကောင်းယူပြီး ဝင်လုပါတယ်။ လုယက်သူတွေ လက်ထဲမှာ ဓားကိုင်လာပြီး ခြိမ်းခြောက် လုယူပေမယ့် အိမ်ဖော်နှစ်ယောက်က သတ္တိရှိရှိနဲ့ အိမ်ထဲက ပစ္စည်းတွေမပါအောင် ခုခံခဲ့ကြပါတယ်။ လူဆိုးတွေက ဓားနဲ့ထိုးတော့ အိမ်ဖော်နှစ်ယောက်စလုံး ဒဏ်ရာရကြပါတယ်။ အိမ်နီးနားချင်းတွေ ဝိုင်းလာပြီး ရဲကိုအကြောင်းကြားတော့ လူဆိုးတွေအားလုံးကို မိလိုက်ပါတယ်။ အိမ်ဖော် (၂)ဦးစလုံး ဆေးရုံမှာ အကြာကြီးတင်ထားရပြီး ကုသခဲ့ရပါတယ်၊ သေတော့မသေကြပါဘူး။

အဲဒီလိုပဲ ရိုးသားပြီး သစ္စာရှိတဲ့အိမ်ဖော်တွေဟာ ဆယ်နှစ်ဆယ်မိုး မိသားစုလို မြဲနေကြပါတယ်။ ကလေးကိစ္စ၊ ပစ္စည်းထိမ်းသိမ်းပေးတဲ့ကိစ္စကအစ အိမ်မှုတာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်နေကြတာတွေလည်း အများကြီးရှိပါတယ်။ စာရေးသူ အသိတစ်ယောက်ဆိုရင် သူ့ကလေးမွေးစ နေခဲ့တဲ့ ကလေးထိန်းဟာ အခုအဲဒီသား တက္ကသိုလ်တက်နေတာတောင် အိမ်မှာမြဲနေပြီး မိသားစုလို သံယောဇဉ်တွေဖြစ်နေကြပါတယ်။

ဒါပေမယ့် မရိုးသားတဲ့ အိမ်ဖော်တွေလည်း အများကြီးတွေ့ရပါတယ်။ ပစ္စည်းတွေယူပြီး ခိုးထွက်ပြေးတာတို့၊ အိမ်မှာဝင်ပြီး ခိုးနိုင်အောင်၊ လုယက်နိုင်အောင် လူဆိုးတွေကို တံခါးဖွင့်ပေးတာ၊ လက်ထောက်ချတာတို့ လုပ်တဲ့အိမ်ဖော်တွေလည်း ရှိပါတယ်။ အချို့က အိမ်ကထွက်သွားပြီး မကြာခင် လူဆိုးတွေ သူခိုးတွေနဲ့ ပေါင်းကာခိုးတာ၊ လုယက်တာ လုပ်ခဲ့တာတွေလည်းရှိခဲ့ပါတယ်။ အချို့ဆိုရင်

အိမ်ရှင်ကို သေဆုံးစေတဲ့အထိ လုပ်ခဲ့တာလဲရှိတယ်။ ရဲစခန်းတွေမှာ တိုင်ချက်ဖွင့်ခဲ့ရတဲ့အမှုတွေ များစွာရှိခဲ့ပါတယ်။

အိမ်ရှင်တွေဘက်ကလည်း မရှိလို့လုပ်စားတဲ့သူတွေကို သနားရမှန်း၊ ညှာတာရမှန်း မသိတော့ဘဲ မတရားပြုကျင့်တာတို့၊ ရိုက်နှက်ညှင်းပမ်းတာတို့ ကြိုးနဲ့တုတ်၊ ရိုက်နှက်ပြီး အခန်းထဲ ချုပ်လှောင်ထားတာတို့ (မတရားချုပ်တည်း ရိုက်နှက်မှုပေါ့)၊ အိမ်ရှင်ယောက်ျား၊ ဒါမှမဟုတ် လောင်းကစားမှုရှုံးလို့ အပြင်ကိုပေးရလို့ ပစ္စည်းတွေ ငွေတွေ သုံးခဲ့ပြီး ခင်ပွန်း ဒါမှမဟုတ်၊ ဇနီးမသိစေရန်လို့ အိမ်ဖော်ခိုးပါတယ် ဆိုပြီး စွပ်စွဲခဲ့တာလည်း တွေ့ခဲ့ရပါတယ်။

စာရေးသူ အသိဖြစ်တဲ့ ပညာရှင်ကြီးတစ်ယောက်ရဲ့ ဇနီးဟာ အိမ်ဖော်ကို မီးပူတိုက်ခိုင်းတာ သူ့ရဲ့အဖိုးတန် ထဘီ မီးကျွမ်းသွားလို့ အိမ်ဖော်ကို ကြိုးနဲ့တုပ်ပြီး မှောက်ခိုင်းကာ ကျောကို မီးပူနဲ့ကပ်လိုက်လို့ အိမ်ဖော်ရဲ့ကျောမှာ မီးပူရာကြီးပေါ်လာအောင် မီးလောင်ခဲ့ပါတယ်။ ဆေးရုံချက်ချင်းတင်ခဲ့ရပါတယ်။ တစ်ချို့အိမ်ရှင်တွေက ရိုက်နှက်လို့ မျက်လုံးပျက်ခဲ့ရသူတွေ၊ ခြေကျိုး၊ လက်ကျိုးဖြစ်ရသူတွေလည်း ရှိခဲ့ပါတယ်။

အဲဒီလို အိမ်ဖော်ပြဿနာနဲ့ အိမ်ဖော်နဲ့ အိမ်ရှင်အပြန်အလှန်ဖြစ်ခဲ့ကြတဲ့အမှုတွေကို ရဲစခန်းတိုင်းလိုလို စစ်ဆေးပြီး အမှန်ကို ရဲတပ်ဖွဲ့ဝင်တွေက ဖော်ထုတ်ပေးခဲ့ကြရပါတယ်။ အိမ်ရှင်က ကျူးလွန်ခဲ့တဲ့အမှုတွေကျတော့ ငွေကြေးတတ်နိုင်ကြတော့ အမှုကို ရင်ဆိုင်ဖို့လွယ်ကူကြပါတယ်။ မရှိလို့ လုပ်စားနေကြတဲ့ အိမ်ဖော်တွေကျတော့ အမှုရင်ဆိုင်ဖို့ခက်ခဲကြတော့ အချို့အမှုတွေဟာ ဘယ်မှမတိုင်ရဲဘဲ ကြိတ်ပြီးခံသွားကြရတာတွေလည်း ရှိခဲ့ပါတယ်။

အခုတော့ ရဲစခန်းများအပြင် ခံရတဲ့ အမျိုးသမီးတွေဘက်က အမှန်ကို ရပ်တည်ပေးမယ့် အဖွဲ့အစည်းကြီးတွေပေါ်လာကြပြီဖြစ်လို့

အိမ်ဖော်အမျိုးသမီးများ မတော်မတရားခံရတာ၊ နှိပ်စက်တာတွေ တစ်စစ ပျောက်ကင်းသွားတော့မှာပါ။ အိမ်ဖော်တွေဘက်ကလည်း တာဝန်ကျေပြီး သစ္စာရှိဖို့လိုပါတယ်။

အိမ်ရှင်များဘက်ကလည်း အဲဒီလို လူမဆန်စွာ ရက်စက်ယုတ်မာ အပြစ်ရှာမှုတွေ ရပ်တန်းကရပ်ကြပြီး အိမ်ဖော်များ ငှားရမ်းတဲ့အခါ သူ့ရဲ့ နေရပ်လိပ်စာ၊ အပေါင်းအသင်း၊ မှတ်ပုံတင်တို့ကို မှတ်သား လေ့လာထားဖို့လိုပါတယ်။ ဒါမှ သူတို့ကို အလိုရှိတဲ့အခါ လိုက်ရှာလို့ ရမှာပေါ့။ တစ်ချို့အိမ်ရှင်တွေက အားလုံးအလုပ်သွား လုပ်ကြတော့ အိမ်မှာရှိတဲ့ ပစ္စည်းအားလုံး သူတို့လက်ထဲအပ်ခဲ့ရတော့ အဖိုးတန်ပစ္စည်းတွေကို အလွယ်တကူမထားဘဲ လုံခြုံစွာထားကြဖို့ လိုပါတယ်။ သူတို့ကိုလည်း အပေါင်းအသင်း အဆက်အသွယ်ကအစ အစစအရာရာ သတိထားပြီး စောင့်ကြည့်သွားဖို့ လိုပါတယ်။

ဒါ့ကြောင့် စာရေးသူ ရေးသားခဲ့တဲ့ အတွေ့အကြုံတွေပေါ် သုံးသပ်ပြီး သတိထားဆောင်ရွက်သွားခြင်းဖြင့် အိမ်ရှင်၊ အိမ်ဖော်ပြဿနာ နည်းပါးသွားမည်ဖြစ်ပါတယ်။

သင်ခန်းစာယူနိုင်ကြပါစေ . . . .

❋ ❋ ❋ ❋ ❋

[ ၉ ]

# အားနာရင် ခါးပါတတ်တယ်တဲ့

စာရေးသူတွေ့ကြုံခဲ့ရသော မှုခင်းများထဲက အမှုတစ်ခုကိုတော့ သတိရနေဆဲပါ။ မိတ်ဆွေသူငယ်ချင်း အချင်းချင်း အားနာမှု အရင်းခံပြီး မပြတ်သားခဲ့မှုကြောင့် အရှုက်ရခဲ့ရသော ဖြစ်ရပ်တစ်ခု ရှိခဲ့ပါတယ်။ မြန်မာ့ရိုးရာ စကားပုံအတိုင်း "အားနာရင်ခါးပါတတ်တယ်" ဆိုတဲ့ စကားပုံလိုပါပဲ။

ဇာတ်လမ်းအစကတော့ လွန်ခဲ့သော နှစ်ပေါင်း ဆယ်စုသုံးစု (နှစ်ပေါင်း ၃၀) ကျော်ကစခဲ့တာပါ။

စာရေးသူက ဇာတိဖြစ်တဲ့ ကျောက်ဆည်မြို့ကနေ မန္တလေးမှာရှိတဲ့ အလွတ်ပညာသင်ကျောင်းမှာ တက္ကသိုလ်ဝင်တန်းဖြေဖို့

ကျောင်းသွားတက်တော့ သူငယ်ချင်းတွေ တိုးပွားခဲ့ပါတယ်။ အဲဒီအထဲမှာ မဥမ္မာခိုင်နဲ့ ကိုဘုန်းကျော်တို့က မန္တလေးဇာတိတွေဖြစ်ကြပြီး သူတို့နဲ့ ပိုပြီး ရင်းနှီးခဲ့ကြပါတယ်။ အပြင်ဆောင်မှာပဲ အတူနေကြပါတယ်။ စာအတူကျက်၊ စားစရာရှိရင်အတူစားကြ၊ ပြောမနာ ဆိုမနာနဲ့ အတော်ပဲ ရင်နှီးခင်မင်ခဲ့ကြပါတယ်။ အလွတ်ပညာသင်ကျောင်းက စာသင်ရာမှာ နာမည်ကြီးတယ်။ စေတနာရှိတယ်၊ အားလုံးကြိုးစားပြတော့ စာရေးသူရယ်၊ မဥမ္မာခိုင်ရယ်၊ ကိုဘုန်းကျော်ရယ် သုံးယောက်စလုံး နှစ်ချင်းပေါက်အောင်ခဲ့ကြပါတယ်။ အဲဒီခေတ်က အောင်စာရင်းကို ရေဒီယိုကပဲ နားထောင်ခဲ့ကြရပါတယ်။ စာရေးသူတို့ (၃)ဦးစလုံး တက္ကသိုလ် ဆက်တက်ခဲ့ကြပါတယ်။ အောင်စာရင်းထွက်ပြီး မန္တလေးကနေ ပုဂံ ညောင်ဦးနဲ့ ပုပ္ပါးတောင်တော်ကို အတူတူသွားပြီး ဘုရားဖူးဖြစ်ခဲ့ကြပါတယ်။

မဥမ္မာခိုင်က ဆေးကျောင်းဆက်တက်လို့ ဆရာဝန်ဖြစ်သွားပါတယ်။ ရန်ကုန်မှာ တာဝန်ကျတယ်လို့သိရပါတယ်။ ကိုဘုန်းကျော်က မိဘချမ်းသာတော့ ရိုးရိုးဘွဲ့တစ်ခုယူပြီး တိုင်းရင်းဆေးထုတ်တဲ့ ကုမ္ပဏီ ထောင်ပြီး ရန်ကုန်မှာ နေထိုင်ခဲ့ကြောင်း သိရပါတယ်။

စာရေးသူလည်း ရဲအရာရှိအဖြစ်နဲ့ ရန်ကုန်ရောက်လာခဲ့ပါတယ်။

နောက်ပြီး မဥမ္မာခိုင်နဲ့ ကိုဘုန်းကျော်တွဲနေကြတယ်၊ သူတို့ တစ်ဦးနဲ့တစ်ဦး ချစ်ခင်မေတ္တာရှိနေကြတယ်လို့ အသိတွေဆီက သိထားရပါတယ်။

သူတို့နဲ့တော့ မဆုံစည်း မတွေ့ဖြစ်ခဲ့ပါ။

တစ်ရက်တော့ စာရေးသူ ရုံးခန်းကို မဥမ္မာခိုင်တစ်ယောက် ရောက်လာပါတယ်။ စာရေးသူ စားပွဲမှာဝင်ထိုင်တော့ သတိထားကြည့်မိပါတယ်။ မဥမ္မာခိုင် မျက်ကွင်းများ ကျနေပြီး စိတ်သောကဖြစ်နေပုံ ပြနေပါတယ်။ တစ်ခုခုတော့ဖြစ်နေပြီလို့ သတိထားမိလိုက်ပါတယ်။

''ကဲ ဥမ္မာ ဘာကူညီပေးရမလဲ''

''ကိုထွန်း ရဲထဲဝင်သွားတယ်။ ရှမ်းပြည်ဘက်မှာ တာဝန်ကျနေတယ်၊ အခုရာထူးတွေတိုးပြီး ရန်ကုန်ရောက်နေတယ်လို့ သူငယ်ချင်း စန်းစန်းလွင်ဆီက ကြားရပါတယ်။ အခုတော့ ကိုယ်ရေးကိုယ်တာ တိုင်ပင်စရာရှိလို့ ကိုထွန်းလိပ်စာကို မေးပြီး လာခဲ့တာပါ''

''ပြောပါ ဥမ္မာခိုင် တို့က သူငယ်ချင်းတွေပဲဟာ ကူညီနိုင်တာ အကြံပေးနိုင်တာ လုပ်ပေးမှာပါ''

''ဒီလိုပါ ကျွန်မနဲ့ ဘုန်းကျော်နဲ့က ငယ်ငယ်ကတည်းက တတွဲတွဲ နေခဲ့ကြတာ ကိုထွန်းအသိပါ၊ ကျွန်မ ဆေးကျောင်းပြီးလို့ ရန်ကုန်မှာတာဝန်ကျတော့ သူလဲ ရန်ကုန်ကို ဆေးရောင်းတဲ့ကုမ္ပဏီ ဖွင့်ပြီး ရောက်လာပါတယ်။ ကျွန်မသွားချင်တဲ့နေရာ၊ လုပ်ချင်တာ သူကားနဲ့ လိုက်ပို့တယ်၊ ကူညီတယ်၊ လွန်ခဲ့တဲ့ (၂)နှစ်လောက်ကမှ ကျွန်မကို ချစ်ရေးဆိုခဲ့တယ်''

''အော် ဥမ္မာရယ် ဒီကောင်က ပြီးခဲ့တဲ့ (၂)နှစ်ကမှ ချစ်ရေးဆိုတာလား၊ တို့က မန္တလေးမှာ တို့ကျောင်းနေစဉ်ကပဲ မေတ္တာရှိနေကြပြီ ထင်နေတာ''

"အဲဒီအချိန်တွေကတော့ တပူးတွဲတွဲ သွားနေကြပေမယ့် ဒီအဆင့်အထိ ဖွင့်မပြောခဲ့ကြပါဘူး၊ ဒါပေမယ့် ကိုထွန်းရယ် ဘုန်းကျော် အရင်ကလို မဟုတ်တော့ဘူး"

"ဟင် . . . ဘယ်လိုဖြစ်တာလဲ"

"ကျွန်မ အကဲခပ်မိသလောက် ဘုန်းကျော်ဟာ စိတ်ရောဂါ ဝေဒနာရှင်တစ်ယောက်ဖြစ်နေတယ်လို့ သတိထားမိတယ်၊ ကျွန်မကို ချစ်ရေးဆိုတော့ ကျွန်မက အင်းမလုပ် အဲမလုပ်နေတာ ပြန်မဖြေတာကို သဘောမကျ စိတ်ဆိုးလာတယ်။ ကျွန်မတာဝန်ကျတဲ့ဆေးရုံကိုလည်း မကြာခဏလိုက်လာပြီး၊ သူ့ဇနီးလောင်းပါ၊ သူနဲ့ လက်ထပ်တော့မှာ ဆိုပြီး တွေ့တဲ့လူကို လိုက်ပြောတယ်။ တခြား ယောကျ်ားလေး လုပ်ဖော်ကိုင်ဘက်တွေနဲ့ သွားတာလည်း လိုက်ချောင်းပြီး ကျွန်မနဲ့ တွဲလုပ်တဲ့ ယောကျ်ားလေးမိတ်ဆွေကို ဝင်ထိုးတာ နှစ်ခါရှိပြီ။ အိမ်ကိုလည်း လိုက်လာတိုင်း ဒေါသတကြီးနဲ့ စိတ်ဆိုးလာရင် တွေ့ရာ ပစ္စည်းကို လွှင့်ပစ် ခွဲပစ် လုပ်တယ်။ ဒါနဲ့ သူငယ်ချင်းတွေနဲ့ တိုင်ပင်တော့ သူက စိတ်ရောဂါဝေဒနာသည်ဆိုတော့ ဘုန်းကျော် ကျေနပ်အောင် လိုက်လိုက်လျောလျောလေးနေရင်ကောင်းမယ် ဆိုတာနဲ့ ချစ်ပါတယ်လို့ ပြန်မပြောပေမယ့် သူ့ကို အလိုက်အထိုက်နေကြည့် ပြန်တော့ သူကပိုပြီးရောင့်တက်လာတယ် ကိုထွန်းရယ်၊ ပိုကြပ် လာတယ်။

ပိုဆိုးလာတယ်၊ သွားလေရာ လိုက်ကြမ်း၊ လိုက်နှောင့်ယှက် နေတော့ ကျွန်မမှာလဲ အရှက်ကွဲလှပြီ၊ စိတ်ညစ်လှပြီ ရန်ကုန်ကနေ

တစ်နေရာရာ ပြောင်းဖို့ စာတင်ရမလားတောင် စဉ်းစားနေပါတယ်၊ အဲဒါ ကိုထွန်းအကြံဉာဏ် ပေးပါဦး''

''ဖြစ်မှဖြစ်ရလေ ဥမ္မာရယ်၊ ဘုန်းကျော်က ဟကယ်ပဲ စိတ်ရောဂါ ဝေဒနာရှင်ဖြစ်နေပြီလား''

''သေချာတယ်ကိုထွန်း သူ့ကို စိတ်ရောဂါအထူးကုဆရာဝန် ကြီးတွေနဲ့ပြဖို့ ဘယ်သူကမှ မပြောရဲကြဘူး။ ရန်ကုန်မှာ သူနဲ့အတူ နေတဲ့ သူ့ညီကလည်း သူက နိုင်လွန်းတော့ ဆေးကုဖို့ မလုပ်ရဲကြဘူး၊ ကျွန်မတော့ နေ့တိုင်း စိတ်ဆင်းရဲနေရတယ် ကိုထွန်းရယ်၊ အရှက်လည်း ကွဲလှပါပြီ''

''ဥမ္မာက သူ့ကိုပြန်မချစ်ဘူး၊ လက်မခံနိုင်ဘူးလို့ ပြတ်ပြတ် သားသား ငြင်းလိုက်ရင်ကော''

''ကျွန်မ စဉ်းစားခဲ့ပါသေးတယ်၊ သူက ဒါကိုစွဲလမ်းပြီး ကြမ်းသည်ထက် ကြမ်းလာတော့ ပစ်ပစ်ခါခါ ငြင်းလိုက်ရင် ပိုဆိုးမယ် ထင်တာနဲ့ လိုက်လိုက်လျောလျောလေး နေခဲ့မိတာပါ။

ဥမ္မာခိုင်တစ်ယောက် ဆေးပညာရှင်၊ ပညာတတ်တစ်ယောက်၊ ငယ်ရွယ်နုပျိုသူ ချောမော်ဖြင့်သူ ပျိုဖြူချောတစ်ယောက် ဖြစ်ပါလျက် ကိုဘုန်းကျော်၏ ဇွတ်တရွတ်နိုင်မှုကို ခါးစည်းခံရသဖြင့် စိတ်ဆင်းရဲမှု ဒဏ် ဖိစီးခံစားနေရပုံကို အလေးအနက်ထား ခံစားမိသည်။

''ဥမ္မာ တို့လဲ သူ့ကို တွေ့ကြည့် လေ့လာကြည့်ပါဦးမယ်၊ **တို့ဆီ** အကြောင်းရှိရင်ဖုန်းဆက်ပါ၊ ဘုန်းကျော်ရဲ့ညီ၊ ဘုန်းဇော်ရဲ့

ဖုန်းနံပါတ်လည်း တို့ကိုပေးခဲ့ပါပါ။ ခုမှတော့ တို့ စိတ်ရှည်ရှည်နဲ့ အဖြေရှာကြတာပေါ့''

ဒေါက်တာဥမ္မာခိုင် ပြန်သွားပါသည်။

နောက် (၂)ပတ်ခန့်အကြာတွင် ဥမ္မာခိုင်တစ်ယောက် တာဝန်ကျ ဆေးရုံကအပြန်တွင် အလုပ်အတူတူလုပ်သော အမျိုးသား ဆရာဝန်တစ်ဦး ကားနှင့်အတူစီး၍ သင်တန်းပို့ချရန်အသွားတွင် ကိုဘုန်းကျော် နောက်ယောင်ခံလိုက်လာပြီး ကားကို ရှေ့မှကျော်တက် ရပ်ကာ ဥမ္မာစီးလာသောကားမှ ရှေ့မန်ကြီးကို ရိုက်ခွဲလိုက်ပါတယ်။ လူတွေဝိုင်းလာကြပါတယ်။

ဘုန်းကျော်က ဥမ္မာဟာ သူနဲ့ယူတော့မယ့်ဇနီးဖြစ်ကြောင်း၊ တခြားယောက်ျား တစ်ယောက်နဲ့ တွဲနေလို့ သူ့ကားမှန်ကို ရိုက်ခွဲကြောင်း အော်ပြောခဲ့ပါတယ်။

ဥမ္မာက မဟုတ်ကြောင်း၊ သူ့ရည်းစားလည်းမဟုတ်ကြောင်း အကျိုးအကြောင်းရှင်းပြရပါတယ်။ နှစ်ဖက်စလုံး ရဲစခန်းကို ရောက်သွား ကြပါတယ်။

စာရေးသူလည်း ရဲစခန်းကိုလိုက်သွားပါတယ်။ ဘုန်းကျော်ရဲ့ညီ ဘုန်းဇော်လည်း ရဲစခန်းကို လိုက်လာပါတယ်။ မဥမ္မာနဲ့ လုပ်ဖော် ကိုင်ဖက် ဆရာဝန်ကလည်း အကျိုးအကြောင်းကို သိထားတော့ ဘုန်းဇော်က အကုန်ခံပြုပြင်ပေးပြီး တောင်းပန်လို့ ကျေနပ်သွားခဲ့ ပါတယ်။

စာရေးသူကတော့ အကွက်ဝင်လာတာနဲ့ ဘုန်းဇော်နဲ့တိုင်ပင်ပြီး ဘုန်းကျော်ကို စိတ်ကျန်းမာရေးဆေးရုံကြီးကို အတင်းနားချပြီး တင်ပေးခဲ့ပါတယ်။ တစ်လလောက် ဆေးရုံမှာ ဆေးဝါးကုသ လိုက်တော့သက်သာလာပါတယ်။ စိတ်က နူးညံ့ပျော့ပြောင်းလာပါတယ်။

ဥမ္မာကတော့ အတွေ့မခံရဲလို့ ပြောင်းရွှေ့ခွင့်တင်တာ ကျသွားလို့ မန္တလေးကို ပြန်ရောက်သွားပါတယ်။ ကိုဘုန်းကျော် ဆေးရုံက ဆင်းလာပြီး ဥမ္မာကိုလိုက်ရှာရာက မန္တလေးပြောင်းသွားပြီ ဆိုတာ သိတာနဲ့ ည(၇)နာရီလောက် သူ့ကားနဲ့ တစ်ယောက်တည်း မန္တလေးကိုလိုက်သွားတာ လမ်းမှာ ကားမှောက်ပြီး သေဆုံးသွားခဲ့ ပါတယ်။

ကိုဘုန်းကျော် သေဆုံးသွားတာရယ်၊ ဥမ္မာတစ်ယောက် မန္တလေးမှာပဲ တာဝန်ကျနေတာရယ်၊ ဥမ္မာတစ်ယောက် လွှမ်းမိုးနေတဲ့ ကြောက်ရွံ့နေတဲ့ အရိပ်မည်းကြီးက လွတ်သွားတာကို ဝမ်းသာမိပေမယ့် သူငယ်ချင်းဘုန်းကျော်၏ အစွဲလမ်းကြီးစွဲလမ်းနေရာက ကွယ်လွန် ဆုံးပါးသွားခဲ့ရသည်ကိုတော့ စိတ်မကောင်းဖြစ်မိပါတယ်။

ဒေါက်တာဥမ္မာခိုင်တစ်ယောက် ဘဝကို လက်တွဲလျှောက် လှမ်းရမယ့်သူကို ရှာတွေ့လို့ မန္တလေးမှာ လက်ထပ်ကြောင်း ဖိတ်စာနဲ့ စာတစ်စောင် စာရေးသူထံ ရောက်လာခဲ့ပါတယ်။ သူ့ကိုယ်ရေး ကိုယ်တာ ခံစားရမှုတွေကို ရင်ဖွင့်ခဲ့ပြီး စာတစ်ပိုဒ်မှာတော့ -

''သူငယ်ချင်းကိုထွန်းက စာရေးဆရာဆိုတော့ ကျွန်မလို မိန်းကလေးတိုင်း ယောကျ်ားလေး တစ်ယောက်ကို နီးနီးကပ်ကပ်

နေပြီး မပြတ်မသား လုပ်ခဲ့တာ၊ အားနာခဲ့တာဟာ စိတ်ဆင်းရဲစရာများစွာနဲ့ ကြုံခဲ့ရတော့ ဘဝမှာ ပြတ်သားဖို့၊ အားမနာဖို့ ပညာပေးရေးသားပေးပါ'' တဲ့။

မဥမ္မာခိုင် ဆန္ဒအတိုင်း စာဖတ်သူများ သင်ခန်းစာယူနိုင်ကြပါစေဟု ... ။

❋ ❋ ❋ ❋ ❋

[ ၁၀ ]

# သူလည်းလေ ပုထုဇဉ်လူသားပေမို့

စာရေးသူတို့ ရဲတပ်ဖွဲ့ဝင်များလောကတွင် ရယ်စရာ၊ မှတ်သား စရာ၊ အဖြစ်အပျက်များရှိခဲ့ရာ ဖြစ်ရပ်တစ်ခုကို တင်ပြလိုပါတယ်။

ရဲတပ်ဖွဲ့ဝင်များ တာဝန်ဆောင်ရွက်ရာမှ ပြစ်မှုကျူးလွန်သူ တွေနဲ့ ဉာဏ်ရည်ချင်းယှဉ်ပြိုင်ပြီး ဖော်ထုတ်ခဲ့ရတဲ့အမှုတွေရှိသလို အသက်ကိုစွန့်ပြီးဆောင်ရွက်ခဲ့ရတဲ့ မှုခင်းတွေလည်း ရှိခဲ့ပါတယ်။ အချို့သော အမှုတွေကျပြန်တော့လည်း ခပ်လွယ်လွယ်ပဲ ရိုးရိုးရှင်းရှင်းနဲ့ ဖော်ထုတ်နိုင်တဲ့ မှုခင်းတွေ ရှိခဲ့ ကြုံခဲ့ရပါတယ်။ ဒါပေမယ့် ရဲတပ်ဖွဲ့ဝင် ဟာလည်း ပြည်သူလူထုထဲက လူသားဖြစ်ကြပါတယ်။ တစ်နည်း အားဖြင့် လောကီသားတွေပဲပေါ့။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ ကျော် ကာလကဖြစ်ပါတယ်။ စာရေးသူတို့ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးဟာ ၄၇ လမ်းနဲ့ အနော်ရထာ

လမ်းဆုံက (၄)ထပ်တိုက်ကြီးဖြစ်ပါတယ်။ (ယခုတော့ စီးတီးမတ် ဆိုင်ကြီးဖွင့်ထားတဲ့နေရာမှာပါ)

စာရေးသူက မန္တလေး ရဲသိပ္ပံကိုသွားပြီး မျိုးဆက်သစ် ရဲအရာရှိတွေကို မှုခင်းဆိုင်ရာ အတွေ့အကြုံတွေကို သွားရောက်ပို့ချပြီး ရုံးပြန်တက်တော့ ဒုရဲမှူးသန်းထွန်းက သတင်းလာပို့ပါတယ်။

"ဆရာခရီးထွက်နေတုန်း အထက်အဖွဲ့အစည်းက အမှု တစ်ခုကို ခိုင်ခိုင်လုံလုံနဲ့ ချက်ချင်းဖော်ထုတ်ဖို့ တာဝန်ပေးပါတယ်။ အမှုတွဲက ဒီမှာပါ၊ လိုရင်းတင်ပြရရင်တော့ တောင်ဥက္ကလာပမြို့နယ်က အိမ်တစ်အိမ်မှာ ပျောက်စေဆရာတစ်ယောက် ဓာတ်ခန်းဖွင့်ထား ပါတယ်။ စီးပွားရေး လူမှုရေး၊ ပညာရေးနဲ့ အခက်အခဲမှန်သမျှကို အတတ်ပောာ၊ ယတြာ လုပ်ပေးတဲ့အပြင် ရောဂါပေါင်းစုံကိုလည်း ကုသပေးနေပါတယ်။ သူ့ကို လာမေးတဲ့သူတွေက များသောအားဖြင့် အမျိုးသမီးတွေဖြစ်ကြပါတယ်။ သူလုပ်ပေးတဲ့ ယတြာက အမျိုးသမီးကို အပေါ်ထပ်မှာ ခမ်းနားစွာပြင်ထားတဲ့ "ဓာတ်ခန်း"ကို ခေါ်သွားပါတယ်။ ဓာတ်ခန်းရောက်တော့ အမျိုးသမီးရဲ တင်၊ ရင်၊ ခါးနဲ့ အရပ်အမောင်း တို့ကို အပ်ချည်ကြိုးနဲ့ တိုင်းပါတယ်။ အဲဒီလို တိုင်းရင်းကနေ အမျိုးသမီး အချို့ အလိုမတူဘဲ ပြုကျင့်ခံရလို့ တစ်ချို့က မကျေနပ်သော်လည်း အရှက်ကွဲမှာစိုးလို့ ကြိတ်ခံခဲ့ရတယ်။ ဒါ့ကြောင့် အရေးယူပေးပါလို့ အထက်အဖွဲ့အစည်းကို တိုင်တဲ့ပစ်စာပါဆရာ။ တောင်ဥက္ကလာပ နယ်မြေက တာဝန်ကျ ရဲတပ်ဖွဲ့ဝင်တွေခေါ်မေးတော့ ဟုတ်တယ်လို့ သတင်းရထားပါတယ်။ အထောက်အထားအခိုင်အလုံမရသေးဘူးလို့ သိရပါတယ်။ ဒါနဲ့ ကျွန်တော်လည်း အဖွဲ့တစ်ဖွဲ့ သေချာဖွဲ့ပါတယ်။ ရဲအုပ်အုန်းလွင်နဲ့ ခင်မောင်ညွန့်တို့ကို ခေါင်းဆောင်စေပြီး တပ်ကြပ်ကြီး မချောကလျာကို အပူသည်တစ်ယောက်အနေနဲ့ မေးခိုင်းလိုက်ပါတယ်။

"မချောကလျာကို လူရှင်းတဲ့အချိန် သွားမေးခိုင်းပါတယ်။ ကျန်တဲ့အဖွဲ့က ဘေးအိမ်မှာရှိတဲ့ (၁၀)အိမ်မှူးအိမ်မှာ စောင့်ခိုင်းထားပြီး မချောကလျာက အော်လိုက်တာနဲ့ လက်ပူးလက်ကြပ်တက်ဖမ်းမယ်ဆရာ။ အဖွဲ့မှာ ရပ်ကွက်က လူကြီးအချို့နဲ့ ရဲတပ်ဖွဲ့၊ ဓာတ်ပုံဆရာ စုံအောင်စီစဉ်ပြီး ဒီနေ့မနက်ကပဲ လွှတ်လိုက်ပြီဆရာ"

စာရေးသူ စိုးရိမ်ထိတ်လန့်စွာဖြင့် ဦးသန်းထွန်းကို ကြည့်နေရင်း

"သူတို့ သွားပြီလား ဦးသန်းထွန်း"

"သွားပြီဆရာ... ၊ အခုဆို ပစ်မှတ်ကို ရောက်လောက်ပြီ"

"သူတို့မှာ ကြိုးမဲ့စက်ပါသွားလား"

"မပေးလိုက်ဘူးဆရာ အပြင်ကကြားရင် ရိပ်မိသွားမှာစိုးလို့"

ဦးသန်းထွန်းစီစဉ်ပေးမှုက မိမိ ရဲတပ်ဖွဲ့ဝင် အမျိုးသမီး ချောကလျာကို တည်ကြက်ထားကာ သားစားသတ္တဝါကို မျှားခေါ်ဖော်ထုတ်ဖမ်းဆီးရန် စီစဉ်ခြင်းဖြစ်ပါသည်။

မချောကလျာက မော်လမြိုင်သူ၊ အသက် (၃၀)ကျော်၊ အရှိုကြီး၊ အသားဖြူဖြူ ချောချော၊ သွက်လက်ဖြတ်လတ်၍ သတ္တိရှိသူ၊ စိတ်ဓာတ်ကြံ့ခိုင်သူဖြစ်ကြောင်း စာရေးသူ သတိထားမိသည်။ မိမိဘက်က အရင်းအနှီးမနည်းလှပဟု ဆိုရပါမည်။ ပျောက်စေဆရာကို ညှို့ကွင်းသွင်း၍ ဖမ်းရမည်ဖြစ်သည်။

"ဦးသန်းထွန်းရေ ချောကလျာကရော သဘောတူရဲ့လား"

"ဟာ ဆရာ သူကပဲ စွန့်စွန့်စားစား ဖမ်းပါရစေလို့ အကြံပြုခဲ့တာပါဆရာ"

"အေးဗျာ၊ သူ့ရဲ့ အနစ်နာခံမှု၊ စွန့်စားမှု အောင်မြင်ပါစေလို့ ဆုတောင်းရင်း စောင့်ရတော့မှာပဲ..."

နေ့ခင်းပိုင်းလောက်တွင် စာရေးသူ အလုပ်များနေစဉ် ဒုရဲမှူးသန်းထွန်း ဝင်လာပါတယ်။

"ဆရာရေ အားလုံးအောင်မြင်စွာ ဖော်ထုတ်ဖမ်းဆီး ရမိခဲ့ပါတယ်ဆရာ၊ သူတို့အားလုံး အပြင်မှာ ရှိနေပါတယ်။ ပျောက်စေဆရာ မိုးကျော်ကိုတော့ တောင်ဥက္ကလာပ ရဲစခန်းမှာ အမှုဖွင့်ပြီး ချုပ်ထားလိုက်ပါတယ်"

"ကဲ အားလုံးကိုခေါ်ဗျာ၊ သူတို့ ဆောင်ရွက်ချက်ကို သိရတာပေါ့"

အားလုံး ဝင်လာကြပါတယ်။ အဖွဲ့ခေါင်းဆောင် ရဲအုပ်အုန်းလွင်က အစမှအဆုံး တင်ပြရာမှာ –

"ကျွန်တော်တို့အဖွဲ့ ကြိုတင်ညှိနှိုင်းစီစဉ်ထားတဲ့အတိုင်း ရဲတပ်ကြပ်ကြီး ချောကလျာကို ပျောက်စေဆရာ မိုးကျော်နေတဲ့ အိမ်ကို တစ်ယောက်တည်းဝင်သွားစေပါတယ်။ ကျွန်တော်တို့က အဲဒီအိမ်ဘေးက ဆယ်အိမ်မှူးအိမ်က သက်သေလူကြီးနှစ်ဦးနဲ့ စောင့်နေပါတယ်။ မချောကလျာဝင်သွားချိန်က နေ့ခင်း ထမင်းစားပြီးချိန်ဖြစ်တော့ လူရှင်းနေပါတယ်။ မချောကလျာတစ်ဦးတည်း ပျောက်စေဆရာအိမ်ဝင်သွားပြီး ၁၅ မိနစ်လောက်ကြာတော့ သူတို့ အပေါ်ထပ်က ဓာတ်ခန်းကို တက်သွားကြတာ . မချောကလျာက "ဒီအပေါ်ထပ်လားဆရာ" လို့ ကျွန်တော်တို့ကြားအောင် ပြောပါတယ်။ ကျွန်တော်တို့လည်း တစ်ဘက်အိမ်ကို ပြေးတက်ဖမ်းဖို့ အသင့်အနေအထားနဲ့ စောင့်နေကြပါတယ်။ ခဏကြာတော့ ဂုန်းကနဲ လုံးထွေးတဲ့အသံကို ကြားလိုက်ရတယ်။ မချောကလျာ အော်သံထွက်မလာဘူး။ ၅ မိနစ်လောက် စောင့်တဲ့အထိ မချောကလျာရဲ့အော်မယ့်အသံ မကြားရတော့ အားလုံးစိတ်ပူသွားတယ်"

ရဲအုပ် အုန်းလွင် ပြောနေရာမှ ခေတ္တရပ်ပြီးပြုံးကာ မချောကလျာကို ကြည့်လိုက်ပါတယ်။

မချောကလျာက ချက်ချင်းထပြီး –

"ကျွန်မရဲ့ ခန္ဓာကိုယ်ကို အတိုင်းအတာမျိုးစုံလုပ်ပြီး ကျွန်မကို အဓမ္မကျင့်ဖို့ ကြိုးစားတော့ သူနဲ့ လုံးထွေးကာကွယ်နေရတော့ ကျွန်မ ချက်ချင်းအော်ဖို့ မေ့သွားသလိုဖြစ်သွားတယ်ဆရာ"

စာရေးသူ ပြုံးလိုက်မိသလို အလုပ်တစ်ခုလုပ်ရင် ညီအစ်ကို အရင်းပမာ ရင်းရင်းနှီးနှီး ရဲဘော်ရဲဘက်စိတ်ဖြင့် လုပ်ကြသူများဖြစ်လို့ အားလုံးအပြုံးကိုယ်စီနှင့် မချောကလျာကို ဝိုင်းပြီးကြည့်ကြပါတယ်။

ရဲအုပ်အုန်းလွင်က ပြုံးလာကာ ဆက်ပြီးပြောတာကတော့

"ကျွန်တော်တို့လဲ မချောကလျာ အော်မယ့်အသံကို မစောင့်တော့ဘဲ အားလုံး အပေါ်ထပ်ကိုပြေးတက်ကြပါတယ်။ မချောကလျာကို လုံးထွေးနေတဲ့ ပျောက်စေဆရာ မိုးကျော်ကို ဓာတ်ပုံအမိအရ ရိုက်ပြီး ဝိုင်းဖမ်းခဲ့ကြပါတယ်။ မချောကလျာရဲ့ အပေါ်အင်္ကျီလည်း စုတ်ပြဲနေလို့ နီးရာမျက်နှာသုတ်ပုဝါကိုယူပြီး ခြုံပေးလိုက်ရပါတယ်။ ပျောက်စေ ဆရာမိုးကျော်ကို လိမ်လည်မှု၊ ကာယိန္ဒြေဖျက်ဆီးမှု၊ လက်ရောက် ကျူးလွန်မှုတွေနဲ့ အမှုဖွင့်ခဲ့ပါတယ်။ ပျောက်စေဆရာမိုးကျော်ကလည်း သူ့အပြစ်ကို ဝန်ခံခဲ့ပါတယ်ဆရာ။ နောက်ပြီး သူကျူးလွန်ပြီးခဲ့တဲ့ အမျိုးသမီးတွေရဲ့လိပ်စာကို မှတ်မိတဲ့ မှတ်စုစာအုပ်ကိုလည်း သိမ်းလို့ ရခဲ့ပါတယ်ဆရာ"

သူတို့ စကားအဆုံးတွင် စာရေးသူက

"အေးပါကွာ မင်းတို့တတွေ တာဝန်ဆောင်ရွက်ချိန်မှာ ငါတို့ ရင်တမမနဲ့ စောင့်နေရတယ်ကွ။ တို့ဘက်က ချောကလျာရဲ့ စွန့်စားမှု၊

အနစ်နာခံ ရင်းနှီးခဲ့လို့ ဖော်ထုတ်ခဲ့လို့ မသိနားမလည်သေးတဲ့ ပြည်သူတွေရဲ့ ဖြစ်လာမယ့် လိမ်လည်ဖျက်ဆီးခံရမယ့် အန္တရာယ်ကို ဖော်ထုတ်တားဆီးပေးနိုင်ခဲ့တဲ့ အောင်မြင်မှုအတွက်ချီးကျူးပါတယ်။ အားလုံးကို ဂုဏ်ပြုပွဲ လုပ်ပေးပါ့မယ်။

အားလုံး ကျေနပ်ဝမ်းသာစွာဖြင့် စာရေးသူအခန်းအတွင်းမှ ထွက်သွားကြပါတယ်။

ကျန်နေခဲ့သူက ဒုရဲမှူး သန်းထွန်း၊ သူက

''ဆရာရေ အပျိုကြီး ရဲတပ်ကြပ်ကြီး ချောကလျာကို ပျောက်စေဆရာက အတိုင်းအထွာတွေယူပြီး လုံးထွေးနေချိန်မှာ သူအော်လိုက်ရင် ရရဲ့သားနဲ့ ဘူချက်ချင်းမအော်နိုင်ခဲ့ဘူးဆရာ။ ရဲအုပ်အုန်းလွင်တို့ မြန်ပေလို့ပေါ့ဆရာ။ အဲဒါ သူ့ကို ဝိုင်းပြီး စနေကြတယ်။

စာရေးသူပြုံးလိုက်မိပါတယ်။

''အဲဒါကတော့ သူ့ယဲသွေးနဲ့သားနဲ့ ဖွဲ့စည်းထားတဲ့ ပုထုဇဉ်လူသားပဲဗျာ၊ ချက်ချင်းမအော်မိတာ ဘာကြောင့်လဲဆိုတာကိုတော့ ပဟေဠိလို့ပဲ မှတ်လိုက်ပါတော့၊ မမေးကြပါနဲ့တော့..''

စာဖတ်သူများက အဖြေရှာပေးကြပါလို့...

❊ ❊ ❊ ❊ ❊

[ ၁၁ ]

# ဆရာချစ် ထိပ်ကွက်သွားခြင်း

စာရေးသူ ရဲတပ်ဖွဲ့ဝင်တစ်ဦးဘဝ လျှောက်လှမ်းခဲ့ရာတွင် ပြည်သူ့နယ်ပယ်အတွင်းက အမှတ်တရဖြစ်စရာ၊ သင်ခန်းစာယူစရာ မှုခင်းအဖြစ်အပျက်များကို ရေးသားတင်ပြခဲ့ပါတယ်။ ယခုတစ်ပတ်မှာတော့ ရဲတပ်ဖွဲ့ဝင်များအတွင်းက သတိရစရာ အမှတ်ရစရာ အဖြစ်အပျက်အချို့ထဲမှတစ်ခုကို ရေးသားတင်ပြလိုပါတယ်။

စာရေးသူဟာ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှုခင်းဌာနကို တာဝန်ယူကြီးကြပ်ခဲ့စဉ်က ဖြစ်ပါတယ်။ လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်ကာလကဖြစ်ပါတယ်။ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ကို နေပြည်တော်ရဲတပ်ဖွဲ့အဖြစ် ပြန်လည်ဖွဲ့စည်းတော့ ပြည်နယ်၊ တိုင်းအသီးသီးက လူငယ်ရဲတပ်ဖွဲ့ဝင်တွေကို အားဖြည့်ခဲ့သလို၊ ရန်ကုန်နဲ့ မသင့်တော်လို့ ယူဆတဲ့ ရဲတပ်ဖွဲ့ဝင်တွေကို ပြည်နယ်၊ တိုင်းအသီးသီးကို ပြောင်းရွှေ့ပေးခဲ့တဲ့

အချိန်ပါ။ အဲဒီလိုနဲ့ စာရေးသူလည်း ရှမ်းပြည်နယ် မြေလတ်ပိုင်းကနေ "နေပြည်တော်ရဲ" တာဝန်ထမ်းဆောင်ဖို့ ရန်ကုန်တိုင်းရုံးကို ရောက်ရှိခဲ့ပါတယ်။

စာရေးသူ လက်အောက်မှူးခင်း၌ာနမှာ တာဝန်ထမ်းဆောင်ကြတဲ့ ရဲအရာရှိ အရာခံ၊ အကြပ်တပ်သားတွေထဲက ၈၅%လောက်က ရန်ကုန်ကို ကျွမ်းကျင်သူ၊ အတွေ့အကြုံရှိသူ၊ လုပ်ငန်းတာဝန်ကို ကြိုးစားထမ်းဆောင်သူတွေဖြစ်ကြတယ်ဆိုတာ တွေ့ရပါတယ်။

အဲဒီအထဲက ရဲအုပ်ဦးစိန်အေး၊ ရဲအုပ်ဦးနိုင်ဘကျစ်၊ ရဲအုပ်ဦးတင့်ရွှေ၊ ရဲအုပ် ဦးလှအောင်တို့အပြင် တပ်ကြပ်ကြီး(ဆရာကြီး)များဖြစ်ကြတဲ့ ဦးချစ်၊ ဦးတင်တို့ကိုလည်း အထူးအမှတ်ရမိပါတယ်။ တချို့လည်း ကွယ်လွန်လို့ တချို့လည်း အနားယူလို့၊ တချို့လည်း တာဝန်ထမ်းဆောင်ကြဆဲ ဖြစ်ပါတယ်။

ရဲအုပ်တွေက မြို့နယ်အသီးသီးမှာ ဖြစ်ပွားတဲ့ စိတ်ဝင်စားဖွယ် အမှုတွေကို သက်ဆိုင်ရာ ရဲစခန်းများနဲ့ ပေါ်ပေါက်အောင် ပူးပေါင်းဖော်ထုတ်နိုင်ကြသလို တပ်ကြပ်ကြီး ဦးချစ်၊ ဦးတင်တို့ကလည်း အမှုဖော်ထုတ်ရာမှာ နာမည်ကြီးသူတွေဖြစ်ကြပါတယ်။

တပ်ကြပ်ကြီး ဦးတင်နဲ့ ဦးချစ်တို့အကြောင်းကို စာရေးသူ တင်ပြလိုတာပါ။ သူတို့နှစ်ယောက်စလုံးက မန္တလေး "ဖားသားလဖုန်" ကျောင်းမှာ ရှစ်တန်းအထိ နေခဲ့ကြတဲ့ ကျောင်းနေဖက် သူငယ်ချင်းတွေပါ။ 'ဘို'လိုလည်း ပြောတတ်ကြပါတယ်။ နှစ်ဦးသဘောတူ ရန်ကုန်ရဲတပ်ဖွဲ့ကို ရဲတပ်သားနဲ့ ဝင်လာတာ အခုတော့ တပ်ကြပ်ကြီးအဆင့်ပဲ ရှိကြပါတယ်။ အရာရှိ စာမေးပွဲဖြေထားကြပါတယ်။

သူတို့ သူငယ်ချင်းနှစ်ယောက်က အပြိုင်အဆိုင် ကြိုးစားကြပါတယ်။ ဆရာချစ် (ဦးချစ်)က စက်ဘီးခိုးမှု နှိမ်နင်းရေးအဖွဲ့ရဲ့

ခေါင်းဆောင်ပါ၊ ဆရာတင်(ဦးတင်)က ခါးပိုက်နှိုက် နှိမ်နင်းရေးအဖွဲ့က ခေါင်းဆောင်ပါ။

အဲဒီအချိန်က ရန်ကုန်မြို့လယ်မှာ ဆိုက်ကားတွေ၊ စက်ဘီးတွေနဲ့ ရှုပ်နေတဲ့အချိန်ပါ၊ စက်ဘီးသုံးစွဲသူ များတော့ စက်ဘီးခိုးမှုတွေ မကြာခဏဆိုသလို ဖြစ်ပွားတတ်လို့ စက်ဘီးခိုးမှုနှိမ်နင်းရေးအဖွဲ့ဆိုပြီး သီးခြားဖွဲ့ကာ နယ်မြေရဲစခန်းများနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တာ အမှုများစွာ ဖော်ထုတ်နိုင်ခဲ့ပါတယ်။ အဲဒီအဖွဲ့ကို ဆရာချစ်က ခေါင်းဆောင်ခဲ့ပါတယ်။

အဲဒီအချိန်က ခါးပိုက်နှိုက်မှုတွေ ဘတ်စ်ကားပေါ် မကြာခဏဆိုသလို ဖြစ်ပွားခဲ့ပါတယ်။ ဆရာတင်နဲ့ ခါးပိုက်နှိုက် နှိမ်နင်းရေးအဖွဲ့ကို သီးခြားဖွဲ့ပြီး ဆောင်ရွက်ခဲ့တာ ခါးပိုက်နှိုက်မှုများစွာကို ဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့ပါတယ်။

ဆရာချစ်နဲ့ ဆရာတင်တို့နှစ်ယောက်က အပြိုင်အဆိုင် ကြိုးစားကြပါတယ်၊ အောင်လည်းအောင်မြင်ကြပါတယ်၊ ဆုတွေလည်း ရကြပါတယ်။

ဆရာချစ်က ရန်ကုန်ဘယ်နေရာမှာ စက်ဘီးခိုးမှုဖြစ်တယ်လို့ ကြားရင် ဘယ်သူ့ကို သွားဖမ်း၊ ပစ္စည်း ဘယ်မှာသွားသိမ်း ဆိုပြီး ကြိုတင်ပြောနိုင်တဲ့ ဗဟုသုတတွေ၊ မှတ်တမ်းတွေ၊ သူ့ရဲ့ ကွန်ပျူတာဦးနှောက်က ပြောနိုင်ပါတယ်။

အဲဒီလိုပဲ ဆရာတင်ကလည်း ဘတ်စ်ကားလိုင်း ဘယ်လိုင်းပေါ်၊ ဘယ်နေရာမှာ ခါးပိုက်နှိုက်ရင် ဘယ်ရပ်ကွက်က ဘယ်သူပါ ဘယ်သူ့အဖွဲ့ပါ ဆိုတာကို တန်းတန်းမတ်မတ်ပြောနိုင်ပါတယ်။ သူတို့ပြောရင် လွဲခဲပါတယ်။

နေ့စဉ် နံနက် (၇)နာရီခွဲတိုင်း စာရေးသူအခန်းမှာ အားလုံး

စုစည်းကြပါတယ်။ တစ်နေ့တာဆောင်ရွက်ခဲ့တာ၊ ဖော်ထုတ်ခဲ့တာတွေနဲ့ ဒီနေ့၊ မနက်ဖြန် ဘာလုပ်မယ်ဆိုတာတွေကို လုပ်ငန်းအစည်းအဝေးမှာ တင်ပြကြတဲ့အခါမှာ ဆရာတင်နဲ့ ဆရာချစ်တို့ တင်ပြတဲ့အလှည့် ရောက်ရင် အားလုံး စိတ်ဝင်တစား နားထောင်ခဲ့ကြပါတယ်။ စာရေးသူ လည်း သူတို့ဆီက ပညာတွေလည်း ရခဲ့ပါတယ်။

သူတို့နှစ်ယောက်က ဘဝတူ ငယ်သူငယ်ချင်းတွေ၊ အရမ်း ခင်ကြပေမယ့် အလုပ်သဘောမှာတော့ မာနလေးတွေထားပြီး ကြိုးစား ကြပါတယ်။

တစ်ရက်မှာတော့ လသာမြို့နယ်က သံဈေး(အဟောင်း)မှာ စက်ဘီးခိုးမှု သုံးလေးရက်လောက် ဆက်တိုက်ဆိုသလို ဖြစ်လာတော့ စာရေးသူက ဆရာချစ်ကို "ကဲ ဆရာကြီးရေ သံဈေးမှာ စက်ဘီး ခိုးမှုတွေ ဆက်တိုက်ဖြစ်နေတယ်၊ ဆရာကြီးအဖွဲ့ ကြိုးစားဖော်ထုတ် လိုက်ပါဦး" ဟု ပြောရာ ဆရာချစ်က "ရက်ပိုင်းအတွင်း အားလုံး ဖော်ထုတ်ပါ့မယ်"ဟု ကတိပေးပါတယ်။ အစည်းအဝေးပြီးတော့ ဆရာတင်က ဆရာချစ်နားကပ်သွားပြီး "ဟော့ကောင် မောင်ချစ် မင်းကို သနားတယ်ကွာ ငါကူပေးရမလား" လို့ပြောတော့ ဆရာချစ်က "ဟော့ကောင် မောင်တင် ငါက မင်းဆရာပါ၊ မင်းစောင့်ကြည့်ပါ" တဲ့ ဘေးက ရဲအရာရှိတွေ ပြုံးနေတာတွေ့ရပါတယ်။ သူတို့က ငယ်သူငယ်ချင်းတွေဆိုတော့စကားပြောရင် အနိုင်လုပြောတတ်ကြတော့ အားလုံးအပြုံးကိုယ်စီနဲ့ "အတို့အထောင်" လုပ်ပြီး ပွဲကျစွာ ရယ်မော ကြပါတယ်။ အဲဒီနေ့ကစပြီး ဆရာချစ်နဲ့အဖွဲ့က စက်ဘီး"၄" စီးကို သံဈေးရှေ့ လူစည်ကားတဲ့နေရာတွေမှာ သော့မခတ်ဘဲ ထောင်ထားပြီး မလှမ်းမကမ်းက အရပ်ဝတ်နဲ့ အစောင့်တစ်ဦးချပြီး မသိမသာ စောင့်ကြည့်နေပါတယ်။ အမှုကို ထောင်ဖမ်းတဲ့နည်းနဲ့ ဆောင်ရွက်ခဲ့ ပါတယ်။

(၂)ရက်မြောက်တဲ့အထိ ခိုးတဲ့လူက လာမခိုးသေးတော့ တရားခံမမိသေးပါဘူး။ (၃)ရက်မြောက်စောင့်ဖမ်းဖို့ စီစဉ်ထားတဲ့နေ့မှာ ဆရာချစ်တာဝန်ချထားတဲ့ ရဲဘော်လေးက အနီးမှာရှိတဲ့ ဈေးသည်ကလေးငယ်တစ်ဦးကို ခေတ္တကြည့်ခိုင်းပြီး အပေါ့အပါးသွားခဲ့ပါတယ်။ အဲဒီအချိန်မှာ ကြည့်ဖို့အပ်ထားတဲ့ ဈေးသည်ကလေးငယ်လည်း ဈေးဝယ်နဲ့ ရှုပ်နေချိန်မှာ ထောင်ဖမ်းထားတဲ့ စက်ဘီးကို ခိုးသွားပါလေရော။

ဆရာချစ် ဒေါပွလိုက်တဲ့ဖြစ်ခြင်း။ ရှက်လွန်းလို့ မျက်နှာကို ဓားနဲ့ လှီးပစ်ချင်ကြောင်း အထပ်ထပ်အခါခါပြောပြီး တရားခံရှာနေကြောင်း စာရေးသူကြားရပါတယ်။ ဒါပေမယ့် မကြာခင်မှာပင် ခါးပိုက်နှိုက်ဖမ်းတဲ့ဆရာတင်တို့အဖွဲ့က ရန်ကုန်ဆေးရုံကြီးရှေ့ လသာ အထက(၁) ကျောင်းရှေ့မှာ လူတစ်ယောက် စက်ဘီးမစီးတတ်ဘဲ တွန်းလာတာမြင်လို့ ခေါ်ယူစစ်ဆေးရာက ဆရာချစ်ထောင်ဖမ်းတဲ့ စက်ဘီးဖြစ်နေလို့ ပြန်ရတဲ့အကြောင်း၊ ဆရာချစ်က ဆရာတင်ကို "ဆရာ"လို့ (၃)ကြိမ်ခေါ်ရပြီး ဆရာတင်တို့တစ်ဖွဲ့လုံး လေဟာပြင်ဈေးမှာ ထမင်းကျွေးလိုက်ရကြောင်း စာရေးသူကြားရလို့ ပြုံးမိပါတယ်။

နောက်တစ်နေ့ နံနက်အစည်းအဝေးမတိုင်မီ စာရေးသူ ရုံးခန်းရှေ့ အပြင်ဘက်မှာ လူစုနေကြစဉ် ရဲအုပ်ဦးနိုင်ဘကျင်က "ဆရာချစ် ဒီတစ်ခါတော့ ခံလိုက်ရပြီမဟုတ်လား၊ ဆရာတင်ကို ဆရာ (၃)ကြိမ်ခေါ်ပြီး တစ်ဖွဲ့လုံးထမင်းကျွေးလိုက်ရတယ် ဆို၊ ဆရာချစ်က ဒီကောင် မောင်တင်အဖွဲ့နဲ့မှ စက်ဘီးသူခိုးက ဟည့်တည့် တိုးတာဆရာရေ ဒီကောင်တော်လို့မဟုတ်ပါဘူး၊ စက်ဘီးမစီးတတ်တဲ့ သူက စက်ဘီးကို တွန်းပြီးခိုးတော့ သူခိုးညံ့လို့ပါ၊ မောင်တင်တော်လို့ မဟုတ်ပါဘူး"

အနားမှာရှိတဲ့ ဆရာတင်က "ပေ့ကောင် မောင်ချစ် မင်းကို တို့ကယ်လိုက်တာကွ သိရဲ့လား၊ သူ့ကိုမိတော့ အဲဒီကောင်ဖော်လို့ သံဈေးက ခိုးခံရတဲ့ စက်ဘီးအားလုံး ရဲစခန်းက ပြန်သိမ်းလို့ ရပြီ။ စက်ဘီးသူခိုးဂိုဏ်းလည်းပေါ်ပြီ မင်းငါ့ကို နောက်ထပ် ငါးကြိမ်လောက် ဆရာခေါ်ပြီး တစ်ပတ်လောက် ညစာနဲ့ ပြုစုသင့်တယ်"

အနားက ရဲတပ်ဖွဲ့ဝင်တွေ ဝမ်းသာကြည်နူးသော ပီတိဖြင့် ရယ်မောသံများ ကြားလိုက်ရပါတယ်။ စာရေးသူလည်း စားပွဲမှာထိုင်ရင်း ပြုံးလိုက်မိပါတယ်။

"ရဲလက်က အခိုးခံရတာလဲ ရှိခဲ့ဖူးပါတယ်"ဟု စာရေးသူ သတိပြု အမှတ်ရမိခဲ့ပါတယ်။

သင်ခန်းစာယူနိုင်ကြပါစေဟု။

❋ ❋ ❋ ❋ ❋

[ ၁၂ ]

# ဇနီးရဲ့အော်ငိုသံကိုအကြောင်းပြု၍ သဲလွန်စရလိုက်တဲ့ ဖြစ်ရပ်မှန် မှုခင်းတစ်ခု

စာရေးသူတို့ရဲ့ ရဲတပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်ရာ၌ ပြည်သူလူထုနယ်ပယ်တွင် ဖြစ်ပွားခဲ့သော မှုခင်းများကို ပေါ်ပေါက်အောင် စစ်ဆေးဖော်ထုတ်ကြရာတွင် ခက်ခဲနက်နဲစွာ ဖော်ထုတ်ရသော မှုခင်းများ ကြုံတွေ့ခဲ့ရသလို အလွယ်တကူ ဖော်ထုတ်နိုင်ခဲ့သော မှုခင်းများလည်း ကြုံတွေ့ခဲ့ရပါသည်။ ထိုထက်ထူးခြားသည်က မမျှော်လင့်သော ဖြစ်ရပ်များက အမှုမှန်ကို ဖော်ထုတ်ခဲ့ရသည်များလည်း ရှိခဲ့ပါတယ်။

မမျှော်လင့်သောဖြစ်ရပ်တစ်ခုက အမှုမှန်ကို ဖော်ထုတ်ခဲ့သော အမှုအချို့မှ တစ်ခုသောအမှုကို အမှတ်တရရှိလှ၍ စာဖတ်သူထံ တင်ပြလိုက်တယ်။

စာရေးသူရဲ့ဇာတိမြို့က ငယ်သူငယ်ချင်းတစ်ယောက်ရဲ့ မိခင် ကွယ်လွန်လို့ **မီးသင်္ဂြိုဟ်တဲ့**နေက စာရေးသူသချိုင်းကို အသုဘပို့ဖို့ အရောက်**သွားခဲ့ပါတယ်။**

သင်္ကြံပွဲအချိန်ထက် နာရီဝက်ခန့်စောပြီး ရောက်ရှိသွားခဲ့ပါတယ်။ သူငယ်ချင်းမိသားစုကို အားပေးစကားပြောရင်း မိနစ်ခြားပြီး မီးသင်္ဂြိုဟ်နေတဲ့ ကွယ်လွန်သူများရဲ့ နောက်ဆုံးခရီးကိုကြည့်ရင်း သံဝေ ရမိပါတယ်။

အဲဒီအချိန်မှာသပိတ်သွတ်ဖို့ အခန်းမရတဲ့အလောင်း တစ်လောင်းက မီးသင်္ဂြိုဟ်စက်အပြင်မှာ စင်နဲ့တင်ထားပါတယ်။ သံဃာတော်များလဲ ကြွလာပြီး သပိတ်သွတ် ပရိတ်ရွတ်ပေးပါတယ်။ အလောင်းကိုကြည့်လိုက်တော့ ကိုထွေး(၂၉)နှစ်၊ ယာဉ်မောင်းလို့ ရေးထားပါတယ်။ သံဃာတော်များ ပြန်ကြွသွားတော့ အလောင်းကို မီးသင်္ဂြိုဟ်စက်ထဲ ထည့်ခါနီးမှာ ဇနီးဖြစ်သူက ရှိုက်ကြီးတငင်ငိုကြွေးရင်း ကံဆိုးလှတဲ့ကိုထွေးရဲ့ စက်ဘီးတောင်မစီးတတ်တာ သေမှယာဉ်မောင်းတဲ့၊ သေမှကားမောင်းလို့ အတတ်ခံရတဲ့ ကိုထွေးရဲ့ဆိုပြီး ဆက်ခါဆက်ခါ အော်ငိုနေလို့ စာရေးသူစိတ်ဝင်စားသွားပါတယ်၊ ဒါနဲ့စာရေးသူနဲ့ ပါလာတဲ့ ရဲအရာရှိငယ်တစ်ဦးကို အဲဒီအမျိုးသမီးလိပ်စာကို မှတ်ထားပြီး အဖြစ်အပျက်အမှန်ကို ဖော်ထုတ်ပေးကြဖို့ ယာဉ်ထိန်းရဲတပ်ဖွဲ့ကို သတင်းပို့လိုက်ဖို့ မှာကြားလိုက်ပါတယ်။

နောက်မှပဲ ယာဉ်ထိန်းရဲက အမှုမှန်ကိုဖော်ထုတ်လိုက်နိုင်ပါတယ်။

အမှုကတော့ ဝန်ထမ်းအရာရှိတစ်ဦးဟာ သောကြာနေ့ရုံးဆင်းနောက်ကျတော့ သူ့ရုံးက သူ့ကိုယ်ပိုင်ကားနဲ့ပြန်ခဲ့ပါတယ်။ သူ့ရုံးက ရုံးလုလင်ကိုထွေးကို စနေ/တနင်္ဂနွေ ရုံးပိတ်ရက်မှာ အိမ်မှယူလုပ်မဲ့ ရုံးအလုပ်ဖိုင်တွေကို ကိုင်စေပြီး နှစ်ယောက်သား ပြန်လာခဲ့ပါတယ်။

အရာရှိက ကိုယ်တိုင်ကားမောင်းရင်း နာရီကြည့်လိုက်တော့ ည(၇)နာရီမှာညွှန်ပြနေပါတယ်။ အရာရှိက မောင်ထွေး ငါ စားသောက်

ဆိုင်ကိုဝင်ပြီး တစ်ခုခုစားမယ်၊ မင်းကားစောင့်ရင်း ကားပေါ်မှာနေ၊ မင်းအတွက်ကားပေါ်ကို ခေါက်ဆွဲကြော်ပို့ပေးမယ်၊ မင်းပြန်ယူသွားပြီးမှ မင်းဇနီးနဲ့စားပေါ့ဆိုတော့ မောင်ထွေးကလဲ ဒါမျိုး မကြာခဏကြုံနေရတော့ ဟုတ်ကဲ့ပေါ့။

မောင်ထွေးဆရာ အရာရှိရဲ့ဇနီးက အညာသူဆိုတော့ မိခင်ကြီး နေမကောင်းလို့ ကလေးတွေနဲ့ အညာပြန်သွားတော့ အရာရှိက လွတ်လပ်နေတယ်ပေါ့၊ ပြီးတော့ လစ်ရင်လစ်သလို တွဲနေတဲ့အမျိုးသမီးနဲ့လဲ စားသောက်ဆိုင်မှာ ချိန်းထားတယ်ဆိုတာ မောင်ထွေးဆင်းကြည့်စရာ မလိုပါ။ အမျိုးသမီးက အဝင်ပေါက်က ဆီးကြိုနေပါတယ်။

မောင်ထွေး ဆရာက အရက်သောက်ရင်ကြမ်းတယ်လို့ ဆိုတယ်၊ ည(၉)နာရီလောက်မှာ ဆိုင်ကထွက်လာတော့ အရာရှိက တော်တော်မူးနေပြီ၊ အမျိုးသမီးက တွဲထုတ်လာရတယ်။ အရာရှိက အမျိုးသမီးနဲ့အတူ ရှေ့ခန်းမှာထိုင်ပြီး ကားကို ကိုယ်တိုင်မောင်းပါတယ်။

မောင်ထွေးတစ်ယောက် အိမ်မှာမျှော်နေမဲ့ ဇနီးနဲ့အတူစားမဲ့ ခေါက်ဆွဲထုပ်ကို လက်မှာကိုင်ရင်း ဆရာ့ကိုအပြစ်မမြင်ဘဲ ကျေးဇူးတင်နေတဲ့ပုံ ရပါတယ်။ အဲဒီအချိန်မှာ မိုးကလဲ သဲသဲမဲမဲ ရွာလာပါတယ်။

လမ်းဆုံတစ်နေရာရောက်တော့ ထီးအမည်းဆောင်းလာတဲ့ လူနှစ်ယောက်ကို ကားရှေ့မှာ ဘွားကနဲမြင်ရတော့ အရာရှိက ကားကို အလျင်အမြန်ဘေးကို ရှောင်လိုက်တဲ့အခါ ကားကအရှိန်ပြင်းစွာနဲ့ ပလက်ဖောင်းကို ကျော်တက်ကာ ဓာတ်တိုင်ဝင်တိုက်ပြီး ပက်လက်လန်သွားပါတယ်။

ခေါက်ဆွဲထုပ်ကိုင်ထားတဲ့ နောက်ခန်းကမောင်ထွေးတစ်ယောက် ကားနောက်ခန်းမှာပဲ ဦးခေါင်းနဲ့အမိုး ရိုက်မိပြီး ပွဲချင်းပြီး သေဆုံးသွားခဲ့ပါတယ်။

အရာရှိနဲ့အမျိုးသမီးကတော့ ကံကောင်းထောက်မစွာနဲ့ ဆေးရုံကြီး ရောက်ပြီး အပြင်လူနာအဖြစ်နဲ့ပဲ ဆေးကုခဲ့ရပါတယ်။

ရဲကိုတော့ သေဆုံးသွားတဲ့ မောင်ထွေးမောင်းတာပါလို့ လိမ်ပြောခဲ့ပါတယ်။ မောင်ထွေးမှာ ယာဉ်မောင်းလိုင်စင်မရှိဘူး။ ရဲက အမှုကို စစ်ဆေးနေဆဲမှာပဲ အသုဘအခမ်းအနားကရတဲ့ မောင်ထွေးရဲ့ ဖနီးက ယူကြုံးမရငိုကြွေးသံကြောင့် အမှုမှန်ပေါ်ပေါက်ခဲ့ပါတယ်။

အရာရှိနဲ့ သူ့အမျိုးသမီးကလဲ အမှန်ကိုဝန်ခံခဲ့ပါတယ်။ အရာရှိက တရားခံလဲလှယ်မှု၊ လိမ်လည်ထွက်ဆိုမှု၊ လူသေမှုတို့နဲ့ အရေးယူခံခဲ့ရပါတယ်။

ရှိုးသားတဲ့ ရုံးလုလင်မောင်ထွေးကတော့ ဖနီးငိုရာကပြောသလို စက်ဘီးတောင်မစီးတတ်ဘဲ ဒေသမှုယာဉ်မောင်းလို့ကမ္ဘည်းထိုးခံခဲ့ရပါတယ်။

ယခုအခါ သက်ဆိုင်ရာက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ တိတိကျကျလိုက်နာကြဖို့ စည်းကမ်းချက်တွေကြေညာပြီး အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါတယ်။

မကြာခင်မိုးရွားသွန်းပါတော့မယ်။ ဒါကြောင့် ယာဉ်မောင်းသူများ လမ်းဖြတ်ကူးသူများအားလုံး အန္တရာယ်ကင်းဖို့ စည်းကမ်းချက်တွေ တိတိကျကျလိုက်နာဖို့ လိုပါတယ်။

နောက်ပြီး မူးရင်မမောင်းနဲ့ မောင်းရင်းမမူးနဲ့ဆိုတဲ့ ဆောင်ပုဒ်ကိုလဲ ယာဉ်မောင်းသူတိုင်း သတိပြုဖို့လိုလာပါတယ်။

※ ※ ※ ※ ※

[ ၁၃ ]

# လူရော တိရစ္ဆာန်ပါသတ်တဲ့ မှူးယစ်ဆေး

နံ့ပါဖိုး(ခ)ဘိန်းဖြူ စတင်ပေါ်ပေါက်ကာစအချိန်က ဖြစ်ပါတယ်။ နယ်စပ်တစ်နေရာက ဘိန်းဖြူကို ရန်ကုန်သို့ လျှို့ဝှက်သယ်ဆောင်လာသူက ရန်ကုန်ရှိ ဖြန့်ဖြူးပေးနေသူထံ ချက်ချင်းအပ်ပါသည်။ ဖြန့်ဖြူးသူက သုံးစွဲနေသူတွေထဲမှ စိတ်အချရဆုံးသူများကို ဤနယ်မြေမှာ ကြားထားပြီး ချက်ချင်းဆိုသလိုဖြန့်၍ ရောင်းချပါတယ်။ အဲဒီဂိုဏ်းတစ်ဂိုဏ်းကို ရဲတပ်ဖွဲ့မှ သတင်းအတိအကျ ရရှိထားခဲ့ပါတယ်။

နယ်စပ်တစ်နေရာမှ ရန်ကုန်သို့ လျှို့ဝှက်သယ်ဆောင်လာသူကို ပစ်မှတ်(၁)လို့ပဲ သုံးပါရစေ၊ သူ့ထံချက်ချင်းယူ၍ သုံးစွဲသူများထံ ထပ်ဆင့်ရောင်းချဖြန့်ဖြူးသူကို ပစ်မှတ်(၂)ပေါ့၊ သုံးစွဲနေသူများကို ပစ်မှတ်(၃) စသည်ဖြင့် ခေါ်ကြပါစို့၊ ရရှိထားတဲ့သတင်းအတိုင်း ရဲတပ်ဖွဲ့များကို ရပ်ကွက်လူကြီးများအကူအညီနဲ့ လျှို့ဝှက်ပြီး ပစ်မှတ်အလိုက် တာဝန်ချထား စောင့်ကြည့်စေခဲ့ပါတယ်။

သတင်းရထားတဲ့အတိုင်း ပစ်မှတ်(၁)ဟာ ရန်ကုန်ရှိ ၎င်းနေအိမ်သို့ ရောက်လာခဲ့ပါတယ်။ ပစ်မှတ်(၂)က အသင့်စောင့်ဆိုင်းနေရာမှ

ချက်ချင်းငွေချေပြီး ပစ္စည်းယူကာ ၎င်းအိမ်သို့ယူသွားခဲ့ပါတယ်။ ပစ်မှတ် (၃)ရဲ့ တပည့်တစ်ဦးက ပစ်မှတ်(၂)အလာကို စောင့်နေပါတယ်။ ရောက်လာတာနဲ့ ငွေချေပြီး ပစ်မှတ်(၃)၏ နေအိမ်ကို တန်းယူသွားသည်။ ပစ်မှတ်(၃)က နေအိမ်မှာပဲ ပြုပြင်ထားသော စီးကရက်နှင့် အသင့်စောင့်နေပါတယ်။

ပစ်မှတ်(၃)ကငွေကြေးတတ်နိုင်သူ၊ ဘိန်းဖြူမသုံးဘဲ မနေနိုင်အောင် စွဲနေသူဖြစ်ပါတယ်။ တပည့်ဖြစ်သူရောက်လာသည်နှင့် စီးကရက်ကိုရှူပြီး ဘိန်းဖြူအရသာကိုခံပါတယ်။ သူတို့လုပ်ရပ်တွေက အချိန်ကိုက်လုပ်ရပ်တွေပါ။ ဆက်သွယ်မှုမြန်ဆန်ပါတယ်၊ တိကျပါတယ်။ အသင့်ရှိနေတဲ့ ရဲတပ်ဖွဲ့ဝင်များက ရပ်ကွက်လူကြီးများအကူအညီနဲ့ ပစ်မှတ်(၁)၊ ပစ်မှတ်(၂)၊ ပစ်မှတ်(၃)တို့ကို အချိန်နဲ့တပြေးညီ ဝင်ရောက်ရှာဖွေဖမ်းဆီးနိုင်ခဲ့ပါတယ်။

ပစ်မှတ်များကို ဘိန်းဖြူများနဲ့ လက်ပူးလက်ကြပ်ဆိုသလို ဖမ်းဆီးရမိခဲ့ပါတယ်။ ပစ်မှတ်(၁)နဲ့ (၂)တို့ဟာ ကိုယ်တိုင်လည်းသုံး၊ ရောင်းတဲ့အလုပ်တွေကိုလဲ လုပ်နေကြသူများ ဖြစ်ကြပါတယ်။ ပစ်မှတ်(၃)ကတော့ ကိုယ်တိုင်သုံးသူပါ၊ သူတို့အိမ်တွေကလဲ သိပ်ပြီးဝေးကွာတဲ့ အနေအထားမရှိတော့ အချိန်နဲ့တပြေးညီ ဖမ်းဆီးရမိခဲ့ပါတယ်။

စာရေးသူတင်ပြချင်တာ ဘိန်းဖြူဟာ လူသားကိုစွဲလမ်းစေသည် မဟုတ်၊ သက်ရှိသတ္တဝါအားလုံးကိုပါ စွဲလမ်းစေတယ်ဆိုတာကို အဲဒီအဖြစ်အပျက်ကတွေ့ရှိချက် သာဓကတစ်ခုကို တင်ပြလိုတာပါ။ ပစ်မှတ်တွေလဲ ထောင်ကျပြီး သူတို့ဂုဏ်သိက္ခာ ထောက်ထားပြီး အမည်နဲ့လိပ်စာကိုတော့ ချန်လှပ်ခဲ့ပါတယ်။

ပစ်မှတ်(၃)နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့တဲ့ ရဲအရာရှိရဲ့ တင်ပြချက်အရ ပစ်မှတ်(၃)ဟာ တပည့်ယူလာတဲ့ ဘိန်းဖြူကို အသင့်စောင့်

နေရာက တပည့်လဲရောက်လာရော စီးကရက်ကိုမီးညှိပြီး အားပါးတရ ဖွာရှိုက်လိုက်ပါတယ်။ အဲဒီအချိန်မှာ မျက်နှာကြက်ပေါ်က အိမ်မြှောင်(၇) ကောင်ဟာ တက်လာတဲ့ မီးခိုးတွေကို လည်ပင်းကော့ပြီး ရှူရှိုက်တာကို တွေ့မြင်ခဲ့ရတယ်လို့ဆိုပါတယ်။ ပစ်မှတ်(၃)ဟာ အလုပ်သွားလုပ်ရင်း နေ့လယ်(၁)နာရီနဲ့ (၂)နာရီကြားမှာ အိမ်ကိုပြန်လာလေ့ရှိပါတယ်။ အိမ်ရောက်ရင် ဘိန်းဖြူရောထားတဲ့ ဆေးလိပ်သုံးလိပ် နေ့စဉ်သောက်တယ်လို့ ဆိုပါတယ်။ အဲဒီအချိန်ရောက်ရင် မျက်နှာကြက်ပေါ်က အိမ်မြှောင်တွေစုပြီး တက်လာမဲ့ မီးခိုးတွေရဲ့အနံ့ကို နေ့စဉ်ရှူမိရာက သူတို့လဲစွဲသွားပါတယ်။ အချိန်ကျရင် သူတို့လဲ မျက်နှာကြက်ပေါ်က စောင့်မျှော်နေကြတယ်ဆိုတာ တွေ့ခဲ့ရပါတယ်။ အချိန်မှန် မီးခိုးမတွေ့ရရင် သူတို့က အော်ပြီးတောင်းနေကြတယ်လို့ ဆိုပါတယ်။ ပစ်မှတ်(၃)ရဲ့ ဇနီးကလဲ ရိုးသားစွာ အဲဒီအဖြစ်အပျက်ကို ဝန်ခံပြောကြားခဲ့တယ်လို့ သိရပါတယ်။ ရဲအရာရှိတွေလဲ ကိုယ်တွေ့မြင်ခဲ့ကြရပါတယ်။

တစ်ခါတစ်ရံဆေးဝယ်မရလို့ ပြတ်တဲ့အခါ အချိန်နောက်ကျတဲ့အခါ အိမ်မြှောင်တွေ မျက်နှာကြက်ပေါ်က တစာစာအော်ပြီး တောင်းနေကြတယ် ဆိုတာလဲ ကိုယ်တွေ့ပါပဲလို့ ပစ်မှတ်(၃)ရဲ့ဇနီးက ပြောပြခဲ့ပါတယ်။

ပစ်မှတ်(၃)ကို ဖမ်းဆီးအရေးယူလိုက်တဲ့အခါ (၇)ရက်လောက်ကြာတော့ အိမ်မြှောင်တွေ မျက်နှာကြက်ပေါ်က တဖြုတ်ဖြုတ် ကြမ်းပေါ်ကျပြီးတော့ သေကုန်ကြတယ်လို့ သိရပါတယ်။

အဲဒီအချိန်က မူးယစ်မှာ ဘိန်းဖြူက အဓိကကျခဲ့ပါတယ်။ ယခုအချိန်မှာတော့ မူးယစ်အကျိုးဝင်တဲ့ပစ္စည်းတွေ ဆေးဝါးတွေ စုံနေအောင် တရားမဝင်ထုတ်လုပ်လို့ နိုင်ငံတော်က စိစစ်ပြီး မူးယစ်ပါဝင်တဲ့ ပစ္စည်းတွေကို ကြေညာချက်ထုတ်ပြီး အရေးယူလျက်ရှိနေပါတယ်။

ဘိန်းဖြူ ပေါ်ပေါက်ကာစအချိန်က ဘိန်းဖြူစစ်မစစ်ကို စာရေးသူတို့ချက်ချင်းသိချင်တော့ အမဲသား၊ ဆိတ်သားအစိမ်းပေါ် ဘိန်းဖြူအမှုံ့ အနည်းငယ် ဖြူးကြည့်လိုက်ရင် အသားစမှာ မီးလောင်သလို ညိုမည်းသွားပါတယ်။ အဲဒီအချိန်က အခုလို အလွယ်တကူ စမ်းသပ်နိုင်တဲ့ ပစ္စည်းတွေ မပေါ်သေးပါဘူး။ ဘိန်းဖြူရဲ့အာနိသင်က အသားကို ချက်ချင်းမီးလောင်သလို ဖြစ်သွားစေပါတယ်။

အဲဒီလိုပြင်းထန်းလှတဲ့ ဘိန်းဖြူအပါအဝင် မူးယစ်ဆေးဝါး ပါဝင်တဲ့ ပစ္စည်းတွေဟာ လူကိုစွဲလမ်းဒုက္ခပေးပြီး အသက်ပါယူငင်သွားနိုင်သလို ဆက်စပ်နေတဲ့ သက်ရှိသတ္တဝါဖြစ်တဲ့ တိရစ္ဆာန်တွေကိုပါ အထက်ကတင်ပြတဲ့အတိုင်း စွဲလမ်းပြီး အသက်ပါဆုံးရှုံးစေတယ်ဆိုတာ စာရေးသူတို့ လက်တွေ့သိမြင်ခဲ့ရသလို စာဖတ်သူများလည်း သိရှိဗဟုသုတ ဖြစ်စေချင်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အစိုးရက ဥပဒေကြေညာချက်တွေ ထုတ်ပြီး တားဆီးကာကွယ်ခဲ့သလို ဘိန်းစွဲနေသူတွေကိုလည်း မှတ်ပုံတင်စေပြီး ပြန်လည်ထူထောင်ရေးစခန်းတွေ နေရာအနှံ့ဖွင့်၍ ကုသပေးလျက်ရှိတယ်။ ဘိန်းစိုက်သူတွေကိုလဲ အခြားသီးနှံတွေ စိုက်ပျိုးစေကာ စီမံချက်များချမှတ်ကာ ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ မြန်မာနိုင်ငံဟာ မူးယစ်ဆေးဝါး လုံးဝကင်းစင်တဲ့နိုင်ငံအဖြစ် နိုင်ငံတော်က စီမံကိန်းကြီးများ ချမှတ်ကာ ကြိုးစားဆောင်ရွက်နေတာကိုလည်း ကုလသမဂ္ဂအဖွဲ့ အစည်းများနဲ့ အမှန်ကို နားလည်တဲ့ နိုင်ငံအချို့က ထောက်ခံအားပေးကြပါတယ်။ စာဖတ်သူများနဲ့ ပြည်သူတစ်ရပ်လုံးကလည်း မူးယစ်ဆေးဝါး အန္တရာယ်ကို အမျိုးသားရေး အမြင်ဖြင့် ပါဝင်တိုက်သွားဖို့ တိုက်တွန်း တင်ပြအပ်ပါတယ်။

❋ ❋ ❋ ❋ ❋

[ ၁၄ ]

## ဒရိုင်ဘာဘက်ကကြည့်တော့လည်းမှန်တယ် ခရီးသည်ဘက်ကကြည့်တော့လည်းဟုတ်တယ်ဆိုတဲ့

# ယဉ်ကြောနဲ့ စေတနာ ပဋိပက္ခ

စာရေးသူတို့ ရဲတပ်ဖွဲ့ဝင်များအနေနဲ့ ပြည်သူတွေကြားမှာ ဖြစ်ပျက်လာတဲ့ မှုခင်းတွေ၊ အငြင်းပွားစရာတွေနဲ့ အခက်အခဲတွေကို ဥပဒေဘောင်အတွင်းကနေ ဖြေရှင်းပေးကြရပါတယ်။ အချို့ကိစ္စတွေ အခက်အခဲပေါင်းများစွာ အချိန်တွေများစွာ အကုန်ခံပြီး ပင်ပန်းကြီးစွာနဲ့ ဆောင်ရွက်ခဲ့ရတာတွေရှိသလို အချို့ကိစ္စတွေက လွယ်လွယ်နဲ့ပဲ ဖြေရှင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အချို့သောကိစ္စတွေမှာတော့ တစ်ဦးနဲ့ တစ်ဦး အယူအဆချင်းမတူကြမှု၊ သဘောထားချင်းမတိုက်ဆိုင်ကြ တာကြောင့် ခွန်းကြီးခွန်းငယ် စကားများကြပြီး ရဲစခန်းအားကိုးနဲ့ ဖြေရှင်းပေးဖို့ ရောက်လာကြလို့ "ကူညီပါရစေ" ဆိုတဲ့ ရဲတပ်ဖွဲ့ရဲ့ ဆောင်ပုဒ်နဲ့အညီ နှစ်ဦးနှစ်ဘက်ကို နှစ်သိမ့်ဖြေရှင်းပေးခဲ့ရတဲ့ အမှုတွေလည်းရှိခဲ့ကြပါတယ်။

အဲဒီ နှစ်ဦးနှစ်ဖက် အယူအဆချင်း၊ သဘောထားချင်း၊ ခံယူချက်ချင်း မတူညီကြလို့ ရဲစခန်းကို အားကိုးတကြီးရောက်လာကြတဲ့ကိစ္စများအနက် စာရေးသူ ယနေ့တိုင်သတိရနေသော ကိစ္စတစ်ခုအကြောင်းကို ရေးသားတင်ပြလိုပါတယ်။

စာရေးသူ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှာ တာဝန်ထမ်းဆောင်စဉ်က တနင်္ဂနွေ နေ့ခင်းမှာ အချိန်အားနေတာနဲ့ စာရေးသူကြီးကြပ်ရတဲ့ ရဲစခန်းအချို့ကို သွားရောက် စစ်ဆေးခဲ့ပါတယ်။

ဗဟန်းရဲစခန်းကိုရောက်သွားတော့ စခန်းမှူးနဲ့ တာဝန်ရှိသူများက စခန်းအဆောက်အဦ အပြင်ထွက်လာပြီး စာရေးသူကို တွေ့ဆုံကြပါတယ်။ အခန်းအဆောက်အဦအတွင်း ဆူညံစွာ ငြင်းခုံနေတဲ့ အသံကြားရတော့ စာရေးသူ စခန်းအဆောက်အဦအတွင်း ချက်ချင်း မဝင်သေးဘဲ စခန်းမှူးကို ဘာကိစ္စတွေ ဖြစ်နေကြလဲဟု မေးလိုက်ပါတယ်။

စခန်းမှူးက အငှားကားမောင်းတဲ့ ဆရာကြီးတစ်ယောက်နဲ့ ကားငှားစီးတဲ့ မိသားစု စကားများ အငြင်းအခုံဖြစ်လာကြလို့ ကားမောင်းတဲ့ ဆရာကြီးရော ကားငှားစီးတဲ့ မိသားစုကပါ ရဲစခန်းကို မောင်း အဲဒီမှာရှင်းကြမယ်ဆိုပြီး ရောက်လာကြတာ သူတို့ကို တာဝန်မှူးက ရှင်းပေးနေပါတယ်လို့ သတင်းပို့ပါတယ်။ ကားမောင်းတဲ့ ဆရာကြီးက "ဆရာ့ကို (စာရေးသူကို) သိတဲ့အကြောင်း ပြောပါတယ်။

စာရေးသူလည်း စခန်းမှူးနဲ့ ရဲစခန်းအတွင်းဝင်သွားပါတယ်။ ရဲစခန်းအတွင်းရောက်သွားတာနဲ့ -

"ဟော ကိုခင်မောင်ထွန်း လာတာနဲ့ အတော်ပဲ ဒီသူငယ်က ကျွန်တော့်ကားကို ငှားစီးပြီး သူလုပ်တာတွေ သဘာဝမကျလို့ ပြောမိတာတာ သူမှန်တယ်၊ ကျွန်တော်မှားတယ်ဆိုလို့ အငြင်းအခုံ

ဖြစ်ကြပြီး ရဲစခန်းရောက်လာကြတာ၊ ခင်ဗျားက စာရေးဆရာဆိုတော့ ခင်ဗျားပဲ ဘယ်သူမှန်တယ်ဆိုတာ ရှင်းပေးပါ'' တဲ့။

အငှားကားမောင်းသူ ဆရာကြီးမှာ စာရေးသူနှင့် ခင်မင်ရင်းနှီးသူဖြစ်ပါတယ်။ သူက လက်နက်ကိုင်အဖွဲ့အစည်းကနေ နယ်ဖက်ကိုရောက်ပြီး ဒုဉ္စနိကြားရေးမှူးအဆင့်နဲ့ တာဝန်ထမ်းဆောင်ခဲ့ရာက အငြိမ်းစားယူခဲ့ပါတယ်။ အငြိမ်းစားယူချိန်မှာ သားသမီးများက ပြည့်စုံအောင် ထောက်ပံ့ကြပေမယ့် အလကားထိုင်ပြီး မစားတတ်သော သူ့ဉာဉ်ကြောင့် မိသားစုက တားမြစ်ထားသော်လည်း အငှားကားကို ကိုယ်တိုင်မောင်းကာ ဝင်ငွေရှာနေသူဖြစ်ပါတယ်။ စာရေးဆရာတစ်ဦးလည်းဖြစ်ပါတယ်။ ရန်ကုန်အနောက်ပိုင်းမြို့နယ် တစ်မြို့နယ်မှာ ယခင် ''စာပေလုပ်သားအဖွဲ့'' (ယခုစာပေစာနယ်ဇင်းအဖွဲ့)ဖွဲ့စည်းရာမှာ စာရေးသူက မြို့နယ်ဥက္ကဋ္ဌတာဝန်ယူခဲ့ရစဉ် ဆရာကြီးက အဖွဲ့ဝင်အဖြစ် တက်တက်ကြွကြွ ပါဝင်ခဲ့ပါတယ်။

''ကဲ ဆရာကြီးရော၊ ဒီက မိတ်ဆွေပါ ဒေါ်သတွေ နှုတ်သိမ်းလိုက်ကြပါ။ ဖြစ်ခဲ့ရတဲ့အကြောင်း ဆရာကြီးပဲ အရင်ပြောပါ။ ကျွန်တော် ရှင်းပေးနိုင်တာ၊ ကူညီနိုင်တာရှိရင် ဆောင်ရွက်ပေးပါမယ်''

စာရေးသူ လေအေးအေးနဲ့ မေတ္တာရပ်ခံတော့ ဒေါ်သနဲ့ အော်ကြီးဟစ်ကျယ် ပြောတာတွေ ရပ်သွားပြီး ဆရာကြီးက စပြောပါတယ်။

''ကျွန်တော် အလုပ်ကအနားယူပြီး အလကားမနေတတ်လို့ ယာဉ်မောင်းလိုင်စင်အနီ ရယူပြီး ကျွန်တော်ဝယ်ခွင့်ရထားတဲ့ လေးဘီးကားကို အငှားယာဉ်လိုင်စင်နဲ့ အငှားကားမောင်းခဲ့ပါတယ်။ တိရစ္ဆာန်ရုံနားက ဒီကမိသားစု ကျွန်တော့်ကားကို ငှားပြီးရွှေတိဂုံဘုရား အရှေ့ဘက်က ကြေးသွန်းဘုရားကြီးကို လိုက်ပို့ခိုင်းပါတယ်။ ကြေးသွန်း

ဘုရားကြီးရောက်တော့ ကျွန်တော့်ကို ဘုရားရှေ့ လမ်းပေါ် ရပ်ခိုင်းပြီး ဦးလေးဒီက ခဏစောင့်ပါ ဘုရားဖူးပြီးရင် ဗိုလ်တထောင်ဘုရားကို ဆက်သွားပါမယ်၊ ဦးလေးကို ငွေ ၅၀၀ စရန်ပေးထားပါ့မယ်ဆိုပြီး ငွေ ၅၀၀ ပေးပြီး စောင့်ခိုင်းပါတယ်။ ဒီသူငယ်က သူ့ဇနီး၊ သမီးငယ်နဲ့ ကြေးသွန်းဘုရားထဲ ဝင်သွားပါတယ်။ ကျွန်တော် သူတို့ကို ကားပေါ်ကပဲ ထိုင်ကြည့်ရင်းစောင့်နေပါတယ်။ သူတို့မိသားစုက ဘုရားကန်တော့ပြီး ပေါက်ပေါက်ဆုပ်တွေ တစ်ပွေ့တစ်ပိုက်ကြီးဝယ်ပြီး လိပ်တွေကို အစာကျွေးနေကြပါတယ်။ အဲဒီအချိန်မှာ ကလေးငယ်တစ်ဦးကိုချီထားတဲ့ အမျိုးသမီးတစ်ယောက်က သူတို့နားကပ်သွားပြီး ပိုက်ဆံတောင်း ပါတယ်။ ဒီသူငယ်ရဲ့ အမျိုးသမီးက မောင်းထုတ်ပါတယ်။ ဒီသူငယ် လွတ်ကျသွားတဲ့ ပေါက်ပေါက်ဆုပ်အထုပ်ကို ချီထားတဲ့ ကလေးငယ်က သူ့အမေအပေါ်ကဆင်းပြီး သွားကောက်ကာ ဖောက်စားပါတယ်။ ဒီသူငယ်က ကလေးကို တင်ပါးကို(၂)ချက်ရိုက်လိုက်ပြီး လက်ထဲက ပေါက်ပေါက်ဆုပ်ကို ပြန်လုယူခဲ့ပါတယ်။ လိပ်တွေကိုပဲ ဆက်ကျွေး ပါတယ်။ သူ့အမေနဲ့ သမီးက လမ်းပေါ်ထိုင်ချပြီး သူတို့ကို ရှိခိုးကာ ပေါက်ပေါက်ဆုပ်တွေကို ဆာလွန်းလို့ တောင်းပါတယ်။ ဒီသူငယ် လင်မယားက ဆူလိုက်ဆဲလိုက် လုပ်တော့ ကျွန်တော်လည်း တောင်းစားတဲ့ သားအမိဘက်က စိတ်မကောင်းဖြစ်လို့ သူတို့ဆီ ဆင်းသွားပြီး – မင်းတို့နယ်ကွာ ဟိုက လိပ်တွေက ရေကန်ထဲမှာ မင်းလို ကျွေးတဲ့လူတွေနဲ့ အလျှံပယ်စားနေရတယ်၊ ဒါက လူသား အစစ်တွေ ပါကွာ သူတို့ကိုလည်း သနားပါဦး၊ ကျွေးပါဦး'' လို့ ပြောလိုက် ပါတယ်''။

''သူတို့က ကျွန်တော့်ကို ခင်ဗျားကြီး ဒရိုင်ဘာပီပီ အေးအေး နေစမ်း၊ ကျုပ်တို့က ယတြာလာချေတာပါ၊ လူတွေကို မကျွေးနိုင်ဘူး တဲ့''။

"ဒါနဲ့ ကျွန်တော်လည်း စိတ်ပေါက်ပေါက်နဲ့ သူတို့ပေးထားတဲ့ ငွေ ၅၀၀ ကို ဘုရားကောင်းစား သားအမိ အကုန်ပေးလိုက်ပြီး - သွား ဟိုမှာ တစ်ဆိုင်လုံး ဝယ်စား - ဆိုပြီး ပြောလိုက်တယ်"။

"သူတို့ မိသားစုကလဲ ကျွန်တော့်ကို ရန်တွေ့တာနဲ့ စကားများပြီး ရဲစခန်းရောက်လာကြတာပါ" တဲ့။

စာရေးသူ ပြုံးလိုက်မိသည်။ လက်နက်ကိုင်အဖွဲ့အစည်းတွင် စည်းကမ်းတိကျမှုဖြင့် နာမည်ရအောင် တာဝန်ကျေခဲ့သော စာရေးဆရာကြီးသည် အမှန်ကိုအမှန်အတိုင်း၊ အရှိကိုအရှိအတိုင်း ခံစားချက်ကို ရင်ဖွင့်ပြောတတ်သော အကျင့်ကြောင့် နိုကိုးရာမဲ့ လူသားကို မကျွေးဘဲ တိရစ္ဆာန်ကိုသာ ကျွေးနေခြင်းကို အမြင်မတော်၍ ပြောမိရာမှ ပြဿနာ စခဲ့ကြောင်း သိခဲ့ရပါတယ်။

"ကဲ ဒီက မိတ်ဆွေကလည်း ပြောပါဦး"

"ကျွန်တော်တို့ မိသားစုက နယ်ကလာပြီး ဘုရားဖူးကြတာပါ။ ဒီရောက်တော့ ဗေဒင်မေးကြည့်တော့ နှစ်တက်မိဘနဲ့မိသားစုကျန်းမာရေး အတွက် ကြေးသွန်းဘုရားကြီးက လိပ်ကန်မှာ ပေါက်ပေါက်ဆုပ် ကျွေးပြီး ယတြာချေရမယ်ဆိုတာနဲ့ တိရစ္ဆာန်ရုံကအထွက် ဒီဦးလေးကြီး ကားကိုငှားစီးခဲ့ပါတယ်။ ယတြာချေနေတုန်း တောင်းစားတဲ့ သားအမိက အလိုက်ကန်းဆိုးမသိ အတင်းတောင်းနေတဲ့အပြင် ကျသွားတဲ့ ပေါက်ပေါက်ဆုပ်အထုပ်ကို ကောက်ပြီးစားတော့ ယတြာချေဖို့ဟာ စားတော့ ယတြာပျက်သွားမှာစိုးလို့ ဒေါသဖြစ်ပြီး ရိုက်လိုက်ပါတယ်။ ဦးလေးကြီးက လိပ်တွေပဲ ကျွေးမနေနဲ့ ဒါက လူသားအစစ်တွေ သနားပါဦး လို့ လာပြောတာနဲ့ ဦးလေးကြီးနဲ့ စကားများခဲ့ကြတာ ဆရာရယ် ဦးလေးကြီးက ကျွန်တော်တို့ မိဘအရွယ်ပါ၊ သူပြော တာလည်းမှန်ပါတယ်၊ ကျွန်တော်တို့ကလည်း ယတြာပျက်သွားမှာစိုးလို့ ဒေါသနဲ့ ပြောခဲ့ငြင်းခဲ့ကြတာပါ။

စာရေးသူ ပြုံးလိုက်မိပါတယ်။

"ကဲ ဆရာကြီးရယ်၊ ဆရာကြီးက အနီးမှာရှိတဲ့ ခိုကိုးရာမဲ့ သားအမိကို သနားပြီး သူတို့တောင်းတာကို မကျေးဘဲ တီရစ္ဆာန် လိပ်တွေကို ဖိကျေးတာ ယတြာချေနေတော့ သွားပြောခဲ့ပါတယ် ဒီကမိတ်ဆွေကလည်း မိဘတွေအတွက် ယတြာချေနေခိုက် အတင်းဝင်တောင်းတော့ ယတြာချေနေတာပျက်သွားမှာစိုးလို့ လုပ်မိ၊ ပြောမိပါတယ်တဲ့။ ဆရာကြီးနဲ့ ဒီက မိတ်ဆွေမိသားစုတို့ တစ်ဦးနဲ့ တစ်ဦး အဲဒီအချိန်က အယူအဆချင်း၊ သဘောထားခံယူချက်ချင်း မတူညီကြလို့ ဖြစ်ခဲ့ကြတာ တွေ့ရပါတယ်။ ဒီကမိတ်ဆွေကလည်း အဲဒီအချိန်က ယတြာပျက်မှာစိုးလို့ ဆရာကြီးနဲ့ စကားများခဲ့ပါတယ်လို့ ဝန်ခံပြီး တောင်းပန်ထားပါတယ်။ ကဲ နှစ်ယောက်စလုံး ကျေနပ် ကြပါတော့"

နှစ်ဘက်စလုံး ရယ်ရယ်မောမောဖြစ်ကာ ဆရာကြီးကား နှင့်ပင် မိတ်ဆွေတို့မိသားစု ခရီးဆက်သွားကြပါသည်။

တဒင်္ဂအတွင်းမှာပင် ပြဿနာတစ်ရပ်ကို ပြေလည်စွာ ဖြေရှင်း နိုင်ခဲ့ပါတယ်။ အဲဒီအဖြစ်အပျက်ကိုတော့ အမြဲပင် သတိရလျက် ရှိပါသည်။

ယခုအခါ အမှန်ကို အမှန်အတိုင်း ပြတ်သားစွာပြော၍ စည်းကမ်းရှိလှသည့် စာရေးဆရာကြီးသည် ယခုအခါ ဘဝတစ်ပါးသို့ ပြောင်းလဲသွားခဲ့ပါပြီ။ စာရေးသူ သတိရလျက်၊ အမျှပေးဝေလျက်ပင်။

စာဖတ်သူများ သင်ခန်းစာယူနိုင်ကြပါစေ။

❋ ❋ ❋ ❋ ❋

[ ၁၅ ]

## သာထူးချစ်တဲ့ ဝေး

ငယ်ဘဝက စပြောရရင် . . .

ဝေး ၁၄ နှစ်သမီးအရွယ်မှာ ဖေဖေနဲ့မေမေ ရှေ့ဆင့်နောက်ဆင့် ဆိုသလိုပဲ ကွယ်လွန်သွားခဲ့ကြတယ်လေ . . . ။

"အင်း"

ဖေဖေက အရင်ဆုံးတာပါ။

ဟုတ်ပါတယ်၊ ကိုးဆယ့်ခြောက်ပါးရောဂါလို့ပဲပြောရမှာပေါ့။

ဟုတ်ကဲ့ရှင့်

ငယ်ငယ်ရွယ်ရွယ်နဲ့ မိဘနှစ်ပါးလုံး ဆုံးပါးသွားကြတော့ ပိုင်ဆိုင်မှုဆိုတာတွေအားလုံးကို ဝေးဘယ်လိုထိန်းသိမ်းတတ်မှာလဲ၊ ကြွေးမြည်တွေအားလုံးကို တောင်းလို့ ရကောင်းမှန်းမသိခဲ့ဘူး၊ စာရင်း

ဇယားတွေဆိုတာ ဝေးမှ နားမလည်ဘဲ အတွင်းပစ္စည်းတွေနဲ့ ဘဏ်အပ်ငွေတွေပဲ ကျန်တယ်။

အဲဒီအချိန်က ဝေး ဘယ်သူ့ကို သတိတရရှိနေလဲဆိုတော့။

ဝေးနဲ့ အဝေးကြီးကိုထွက်ပြေးသွားတဲ့ သာထူးကိုပေါ့။

သူက ဝေးရဲ့ **တစ်ဦးတည်းသော** ငယ်သူငယ်ချင်းလေ၊ ဝေးတို့ခြံဘေးနား ကပ်လျက်မှာနေတာ၊ သူက ဆင်းရဲတယ်၊ မိထွေးနဲ့ နေရတာ၊ မိထွေးဒဏ်မခံနိုင်လို့ အိမ်ကထွက်ပြေးသွားတာ။

အဲဒါကြောင့် **မိဘမဲ့ဘဝ**နဲ့ ဝေး ဒုက္ခရောက်နေတဲ့အချိန်မှာ ငယ်သူငယ်ချင်းသူ့ကို သတိရနေမိတာပေါ့။ ဘာပဲဖြစ်ဖြစ် သာထူးရှိရင် အားကိုရမှာ . . . ၊ သူငယ်ချင်းနှစ်ယောက်ဆိုတော့ ပိုအာရှိမယ်လို့ ထင်တယ်လေ . . . . ။

နောက်မှ ဖေဖေ့စီးပွားဘက် အစ်ကိုကြီးမြတ်ခေါင်က ဝေးကို စောင့်ရှောက်တာပါ။

အော် . . . ဟုတ်ပါတယ်၊ ဦးမြတ်ခေါင်က **ဝေးရဲ့ခင်ပွန်း**ပါ၊ အားကိုးရာမဲ့တဲ့နောက်ပိုင်း အစ်ကိုကြီးနဲ့ လက်ထပ်လိုက်ပါတယ်။

ဒါ့ကြောင့် ဝေးက ဇနီးတစ်ယောက်အနေနဲ့ တရားလိုလုပ်ပြီး အမှုဖွင့်တိုင်ရတာပေါ့။

အချိန်က ညတစ်နာရီခွဲလောက်ရှိမယ်၊ အချိန်အတိအကျတော့ ဝေးမှတ်မထားမိဘူး၊ အဲဒီအချိန်က ဝေးစိတ်တွေ သိပ်လှုပ်ရှားနေမိတယ်လေ။

ရှေ့ပိုင်း ဘာကဘယ်လိုဖြစ်တယ်ဆိုတာတော့ ဝေးမပြောတတ်ဘူး၊ ဝေးအိပ်နေရာကနေ လန့်နိုးတော့ အိပ်ရာထဲမှာ အစ်ကိုကြီးကို မတွေ့ရဘူး။

''ဝုန်း''

''ဒုံး''

''အား'' ဆိုတဲ့အသံတွေကို အပေါ်ထပ်အိပ်ခန်းထဲကနေ ဝေး ကြားရတာပါ။

အိုး . . . အသံတွေက ဆူညံနေတော့ ဝေးအိပ်ရာကနေ လန့်နိုးပြီး ကြားရတာပေါ့။ တစ်ယောက်တည်းဆိုတော့ ကြောက်စိတ်နဲ့ အခန်းအပြင်ကို မထွက်ရဲဘူး၊ အတော်လေးကြာပြီး ဘာသံမှ မကြားရ တော့မှ ဝေး အရဲစွန့်ပြီး အိမ်အောက်ထပ်ကို ဆင်းလာတာပါ။

''အစ်ကိုကြီး . . . အစ်ကိုကြီး''

ဦးမြတ်ခေါင်ကို ဝေး နှစ်ခွန်းသုံးခွန်း အော်ခေါ်မိပါတယ်။

အောက်ထပ်ရောက်တော့ ထမင်းစားခန်းဘက်က မီးလင်းနေ တယ်လေ . . . ၊

မီးရောင်ရှိတော့ အားတက်မိတာပေါ့၊ ထမင်းစားခန်းဘက်ကို ဝေးသွားကြည့်မိတယ်၊

''အား''

ဝေး . . . ကြောက်လန့်တကြားအော်လိုက်မိတယ်၊

ဟုတ်ပါတယ်၊ အစ်ကိုကြီးကို တွေ့ရတယ်၊ တစ်ကိုယ်လုံး သွေးတွေနဲ့လဲနေတယ်၊ စခန်းမှူးကြီးမြင်တဲ့အတိုင်းပဲ၊ ရေခဲသေတ္တာ ဘေးမှာ၊

အဲ . . . ဒါပေမယ့် အစ်ကိုကြီး လက်ထဲမှာ ဓား၊ ဟုတ်တယ် မီးဖိုချောင်မှာ သုံးတဲ့သားလှီးဓားကို လက်ကကိုင်လို့ လဲကျနေတာ၊

ကျန်တာတွေ ဝေး ဘာမှမသိပါဘူး။

အစ်ကိုကြီးမှာလား . . . ၊

အို... ဒီလောက် စိတ်သဘောထားကောင်းတဲ့လူ၊ ဘယ်သူနဲ့မှ ရန်ငြိုးရန်စမရှိပါဘူး။

ရှင်...

ဝေးနဲ့လား၊ အဆင်မပြေစရာ ဘာအကြောင်းမှမရှိပါဘူး၊ ဝေးက သူ့ထက်အသက်ငယ်တော့ ဇနီးမယားတစ်ယောက်လို၊ ညီမငယ်လေး တစ်ယောက်လို အစစအရာရာ မျက်နှာမညှိုစေရပါဘူး၊ အရိပ်တကြည့် ကြည့်နဲ့နေတာ၊

ဝေး ကို အစ်ကိုကြီးစိတ်ချတယ်။

ဝေးကလည်း အိမ်ထောင်ရှင်မကောင်း၊ ဇနီးကောင်း တစ်ယောက်အနေနဲ့ ကိုယ့်ကိုယ်ကို ဂုဏ်ယူရပ်တည်ခဲ့တာပါ။

အစ်ကိုကြီးအပြင်ချစ်ရမယ့်လူလည်း မရှိပါဘူး။

ဝေး ဟာ... အိမ်ထောင်အပေါ် သစ္စာစောင့်သိရမယ့် ။ ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးတစ်ယောက်ပါ။

ဘယ်အခါမဆို ဝေးသစ္စာဆိုရဲပါတယ်ရှင်၊

"ဣတ္ထိ ရူပံ ခနံ"

မိန်းမတွေရဲ့ အချင်းဟာ လှပတဲ့အဆင်းသဏ္ဌာန်လို့ ဆိုထားသလို...၊

"ဣတ္ထိဝဏ် နဒီဝဏ်" တဲ့ဗျာ၊ မိန်းမတို့သည် မြစ်ကဲ့သို့ ကွေ့ကောက်သော သဘောရှိတယ်လို့ဆိုထားတာပါ။

ကျောင်းနေတုန်းက ဖတ်မှတ် လေ့လာထားတာပါ။

ကျောင်းလို့ပြောလို့ ဘွဲ့မရသေးပါဘူး၊ ခုမှ တတိယနှစ် (ဥပဒေ)ပါ အဝေးသင်တက္ကသိုလ် ဆက်တက်နေတယ်လေ။

ရဲထဲဝင်တော့ ဆယ်တန်းကျ၊ ရဲထဲရောက်မှ တက်ဖြေ၊ အလုပ်တစ်ဖက်နဲ့ဆိုတော့ နှစ်နှစ်ထပ်ဖြေမှ အောင်တယ်။

ဆယ်တန်းလည်းအောင်ရော လုပ်သက် ငါးနှစ်ကျော် ခြောက်နှစ်ထဲမှာဆိုတော့ ဒုရဲအုပ်သင်တန်း တက်ခွင့်ရတယ်၊ သင်တန်း မတက်ခင်က လက်မောင်းမှာအပြာနှစ်ရစ်နဲ့၊ ရဲတပ်ကြပ်ပေါ့။

နယ်ထိန်းရဲတပ်ကြပ်လေ . . . ။

ဆယ်တန်းအောင် လုပ်သက် ငါးနှစ်ပြည့်ပြီးတဲ့ တပ်ဖွဲ့ဝင် တစ်ယောက်အနေနဲ့ တပ်တွင်း ဒုရဲအုပ်လောင်းသင်တန်းတက်ဖို့ အခွင့်အရေးရခဲ့တယ်။

ဟာ . . . အရည်အချင်းတော့ စစ်ရတာပေါ့၊

ဒါမှ စံချိန်စံညွှန်းကိုက်မှာ၊ ရဲအရာရှိငယ်အဆင့်ပေမယ့်၊ သေချာ စိစစ်ပြီးရွေးတာ၊

သင်တန်းဆင်းပြီးတော့ မန္တလေးတိုင်း ရှမ်းပြည်နယ်ပြီးမှ မြို့သစ်ရဲစခန်းမှာ တာဝန်ကျတာ၊ မြို့သစ်ရဲစခန်းမှာက စခန်းမှူးက ရဲအုပ်မင်းမောင်၊ သူက ဆရာရင်း၊ ဒုရဲအုပ်မဖြစ်ခင် ကျောက်ဆည် မှာတုံးက သူနဲ့က နယ်ထိန်းအရာရှိနဲ့ နယ်ထိန်းရဲတပ်ကြပ်၊

ဟော . . . မြို့သစ်ရောက်တော့ သူက စခန်းမှူး၊ ရောက်ရောက်ချင်းဘဲ၊

"ချစ်ခင် . . မင်း နယ်ထိန်းအရာရှိလုပ်ရမယ်" တဲ့။

နယ်ထိန်းအလုပ်က အရာရှိမဖြစ်ခင်ကတည်းက လုပ်လာတာ၊

သင်တန်းလား၊

နယ်ထိန်း မှုခင်းမံသင်တန်းတို့၊ အမှုစစ်အမှုလိုက်သင်တန်းတို့ တက်ပြီးပြီ၊

အခုလည်း မူးယစ်သင်တန်းက ဆင်းလာကာစ လေးရက်ပဲ ရှိသေးတယ်။

"ကဲ . . . ဆားပုလင်းကြီးရေ လူသတ်မှုတဲ့"

စခန်းမှူး မင်းမောင်က ပြောပြောဆိုဆို မျက်ရိပ်မျက်ကဲ ပြတော့၊ ဘယ်နေခဲ့လို့ရမလဲ၊ သူ့ကားနဲ့ အခင်းဖြစ်ရာ ဦးမြတ်ခေါင် အိမ်ကို လိုက်ခဲ့ရတာပေါ့။

တွန်းထိုး သတ်ပုတ်ထားတဲ့အနေအထား၊ ဖယိုဖရဲနဲ့

သေဆုံးသူ ဘယ်ဘက်ရင်အုံမှာ ဓားဒဏ်ရာတစ်ချက် တည်းရယ်။

အဲ . . . ဓားကတော့ သူ့လက်ထဲမှာ၊ အသတ်ခံရတာက ထမင်းစားခန်း၊ ဒါပေမယ့် အောက်ထပ် စာကြည့်ခန်းမှာ အခြေအနေ ပျက်နေတယ်၊ စင်တင်ပန်းအိုးက လဲကျနေတယ်၊ မီးခံသေတ္တာက ပွင့်နေတယ်၊ ခြေရာလက်ရာတွေ ရှုပ်ရှက်ခတ်နေတာပဲ၊ သက်သေခံ ပစ္စည်းနဲ့ လက်ဗွေရာသလောက်ယူလာရတယ်။

ဒါတွေကို အင်းစိန် စီအိုင်ဒီ . . . အဲ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က ဓာတ်ခွဲခန်းတို့၊ လက်ဗွေဌာနတို့ကို ပို့ရမှာပေါ့။

တရားလိုက ဦးမြတ်ခေါင်ရဲ့ မိန်းမ "ဝေး"တဲ့၊ အပြည့်အစုံက "ဝေးခက်မာ"

အပျံစား၊ တော်တော်ချော၊ တော်တော်လှတဲ့ မိန်းမ၊ အသက်က နှစ်ဆယ်ကျော် နှစ်ဆယ့်သုံးနှစ်တဲ့၊ ဦးမြတ်ခေါင်က လေးဆယ့်ငါးနှစ်၊ တရားလိုကိုတော့ စခန်းမှူးမင်းမောင်ကိုယ်တိုင် စုံစမ်း စစ်မေးနေတယ်။

အဲဒီကာစ ဒီမိန်းမ "ဝေး"ကို တွေ့ဖူးတာ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမ ဖြစ်ရတာ သနားစရာလေး။

တွေးမိတုန်း၊ အမှတ်မထင် သူ့ကို သေချာကြည့်လိုက်မိတယ်၊

သူ့လည်တိုင်မှာ . . . ။

ကျွန်တော် ဝေးကို တကယ်ချစ်တာပါ။

မွေးချင်းမရှိတဲ့ကျွန်တော်ဟာ ဝေးကို ညီမလေးတစ်ယောက်လို ချစ်ခဲ့တာပါ၊ ပြီးတော့

သူနဲ့ ကျွန်တော်က ငယ်သူငယ်ချင်းလေ၊ သူငယ်ချင်း သံယောဇဉ်ကြောင့်လည်း အခုလိုဖြစ်ရတာပါ။

ဟုတ်တယ်လေ ကျွန်တော့်နာမည် သာထူး၊

သူတကာထက်သာအောင်၊ ထူးအောင် ကျွန်တော့်အမေ ပေးထားတဲ့နာမည်၊ အဲ . . . ဒါပေမယ့် မိထွေးနဲ့ကျမှ ကျွန်တော့် နာမည် တာထူးဖြစ်ရော . . .၊ မိထွေးဒဏ်မခံနိုင်တာနဲ့ ကျွန်တော် ဆယ့်နှစ်နှစ်သားမှာ အိမ်က ထွက်ပြေးတယ်၊

နေစရာ၊ စားစရာမရှိ ပေတေလေလွင့်ခဲ့တယ်၊ ကျွန်တော့်ကို ကယ်တင်စောင့်ရှောက်ထားတာက "ဦးမိုး"၊ သူက သူခိုးအကြီးစား၊ ဘာပဲဖြစ်ဖြစ် ကျွန်တော့် ကျေးဇူးရှင်လေ . . .။

သူနဲ့ အနေကြာလာတော့၊ ကျွန်တော်ခိုးတာ၊ ဖောက်တာ ကျွမ်းကျင်လာတယ် ဆိုတာထက် ထူးချွန်လာတယ်ဆိုတဲ့ စကားပဲ သုံးရမယ်ထင်တယ်၊

အော် . . . ဝေးနဲ့ ပြန်တွေ့တာလား၊

သိပ်မကြာသေးပါဘူး၊ လေးငါးခြောက်လ လောက်ပဲ ရှိဦးမယ်၊ သူက ဦးမြတ်ခေါင်နဲ့ အိမ်ထောင်ကျပြီးမှ ပိုလှလာတယ်၊ အဲ . . .

လူကြီးဆံပြီး တည်ငြိမ်လာတယ်၊ အိနြွေရှိရှိနဲ့ ပိုကြည့်လို့ကောင်းလာတယ်၊ ငယ်ရုပ်တော့ မပျောက်ပါဘူး။

ပြန်တွေ့ပြီးနောက်ပိုင်းလား၊ အဆက်အသွယ်ရှိတာပေါ့။

တစ်မျိုးတော့မထင်ပါနဲ့ဗျာ၊ ကျွန်တော်တို့က သူငယ်ချင်းချစ်၊ ရိုးရိုးရှင်းရှင်းပါ။

ဒါပေမယ့်ဗျာ... ဦးမြတ်ခေါင် မကောင်းဘူး၊ ကျွန်တော်နဲ့ ဝေးကို သံသယမျက်စိနဲ့ကြည့်တယ်၊ သက်ာမကင်းတဲ့သဘောပေါ့။

ဘယ်... ဗျာ ဒ၊ သ၊ န၊ သော ဆိုတာ ခပ်ငယ်ငယ် ဘုန်းကြီးကျောင်းမှာနေဖူးလို့ နားလည်နေတာ လင်ရှိမယား ဝေးကို စိတ်နဲ့တောင် မပြစ်မှားဘူး ယုံ။

ဝေးကို သူငယ်ချင်း သံယောဇဉ်နဲ့ သန့်သန့်စင်စင်ချစ်တာပါ။

ဆင်းဆင်းရဲရဲ၊ တော်တော်ပြတ်ပြတ်နဲ့ ကျွန်တော့်လိုကလေးကို သူမို့လို့ အရောတဝင် သူငယ်ချင်းဖြစ်ခဲ့တာ၊ ဝေးက ကျွန်တော့်အပေါ် ကောင်းပါတယ်၊

ဒါနဲ့... ၊

တစ်နေ့တော့ ဦးမိုး အပေါင်းအသင်း "ဘယ်ကျော်" ဆိုတဲ့လူ ရောက်လာတယ်၊ ထောင်ကလွတ်လာတာ နှစ်လတောင်မပြည့်သေးဘူး လို့သိရတယ်၊ အိမ်ဖောက်ထွင်းဖို့အလုပ်ရှိလို့ ဦးမိုးကို လာအဖော်ညှိတာ။

ဟုတ်တယ် ဦးမြတ်ခေါင်တိုက်ကို ဖောက်မလို့တဲ့၊ စာကြည့်ခန်း မီးခံသေတ္တာထဲက ဖိုင်တွဲအနီကို အဓိကယူပေးယုံတဲ့၊ ငါးသိန်းပေးဝယ်တဲ့လူရှိတယ်၊ ခက်ခက်ခဲခဲ ထုခွဲစရာမလိုဘူးလို့ ပြောတယ်၊ ကျွန်တော်ကတော့ ဘယ်သဘောတူမလဲ၊ ဝေးတို့ အကျိုးစီးပွားထိခိုက်မှာကိုး၊ ဒီတော့ ဦးမိုးက –

"ဟာကွာ... တာတူးကလည်း၊ မီးခံသေတ္တာက မင်း

ပါမှဖြစ်မှာ'' လို့ စိတ်ပျက်လက်ပျက် ပြောတယ်၊ ဆက်ပြီး ပြောဆိုချင်စိတ်မရှိတာနဲ့ အိမ်ပြင်ထွက်လာခဲ့တယ်။

ပန်းခြံထဲ တစ်ယောက်တည်း သွားထိုင်နေတာပေါ့။

ညကျတော့၊ လူခြေတိတ်ချိန်လောက်မှာ ဝေး တို့ခြံထဲကို မှောင်ရိပ်ခိုဝင်၊ အိမ်ရှေ့တံခါးမကြီးက သော့ကိုဖွင့်၊ စာကြည့်ခန်းထဲကို တန်းသွား၊ မီးခံသေတ္တာဖွင့်ဖို့ ခဏလေး ကြိုးစားလိုက်ရတယ်၊ ဘယ်ကျော်ပြောတဲ့ဖိုင်အနီ ကျွန်တော့်လက်ထဲရောက်ပြီ ဘာမှမကြာဘူး။ ပြီးတော့ အိမ်အပေါ်ထပ်ကိုတက်ခဲ့တယ်၊ အိပ်ခန်းထဲမှာ ဦးမြတ်ခေါင်က ဖက်လုံးကြီးကိုခွပြီး အိပ်မောကျနေတယ်၊

ဝေးကတော့ . . .

ဘယ်အချိန်ကြည့်ကြည့် ကျွန်တော့်သူငယ်ချင်းကလှနေတာပဲ၊

ဒါနဲ့ ဝေးကို တိုးတိုးသက်သာနှိုးပြီး အောက်ထပ် မီးဖိုခန်းထဲ ခေါ်ခဲ့တယ်၊

''ဝေး . . . ဒီဖိုင်တွဲကို လုံခြုံမယ်ထင်တဲ့နေရမှာသိမ်း၊ မဖြစ်မနေ လိုချင်တဲ့လူတစ်စုရှိတယ်''

''တာတူးရယ်၊ ငါက ဘာများလဲလို့ ဒါစာချုပ်စာတမ်းတွေ သိမ်းတဲ့ဖိုင်၊ ဒါထက်နေပါဦး၊ နင်က အချိန်မတော်ကြီး အိမ်ထဲ ဘယ်လိုလုပ်ဝင်လာတာတာလဲ''

''ဘာဘဲဖြစ်ဖြစ် သေချာ''

''ဒုံး''

''ဂွမ်း''

ကျွန်တော့်စကားမဆုံးခင်မှာ တခြားအခန်းက အသံတွေ ကြားလိုက်ရတယ်၊

ကျွန်တော်နဲ့ဝေး၊ တခဏတော့ ငြိမ်နားထောင်နေမိတယ်၊ ဘာသံမှ ထပ်မကြားရတော့ ပြန်မယ်ဆိုပြီးအထွက်၊ ထမင်းစားခန်း အပေါက်ဝမှာ ရပ်နေတဲ့ ဦးမြတ်ခေါင်ကို တွေ့လိုက်ရတယ်။

ဖိုင်အနီကိုလည်း သူမြင်သွားတယ်၊ ဝေးက ကျွန်တော့်ကို နိုးဝှက်ပေးတယ်လို့ ထင်သွားပုံရတယ်။

ဝေးနဲ့ ကျွန်တော့်ကို ကြည့်တဲ့အကြည့်က . . .၊ ကျွန်တော် အကဲခတ်တတ်ပါတယ်၊ အင်မတန်အထင်သေးတဲ့အကြည့်၊ အင်မတန် စက်ဆုပ်ရွံရှာတဲ့အကြည့်၊ မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးတွေ၊

ကျွန်တော် ဘယ်က စရှင်းရမှန်းမသိခင်မှာပဲ၊

''သစ္စာမရှိတဲ့ မိန်းမယုတ် သေပေတော့''

ပြောပြောဆိုဆို ဦးမြတ်ခေါင်ဟာ ဝေးဆီကို ပြေးသွားပြီး သူ့လက်နှစ်ဖက်နဲ့ ဝေး လည်ပင်းကို ညှစ်တယ်၊

ကျွန်တော့်မျက်စိရှေ့မှာ ဝေးကို သူသတ်နေတာ မကြည့်ရက် တော့ဘူး။ ကျွန်တော် ဦးမြတ်ခေါင်ကို ပြေးကန်လိုက်တယ်။

ဝေး သူ့လက်က လွတ်ပြီး အလဲလဲအပြိုပြိုဖြစ်သွားတာပေါ့။

ဦးမြတ်ခေါင် ပန်းကန်စင်ဘက်လဲကျသွားရာက ထလာတယ် ဟိုကြည့်ဒီကြည့်နဲ့ ဓားကို တွေ့သွားတယ်၊ ယူတယ်၊ ကျစ်ကျစ်ပါအောင် ဆုပ်တယ်၊ ပြီးတော့ ကျွန်တော့်ကို ပြေးထိုးတယ်။

ရင်ဖွင့်ပေးထားရာက ညာခြေကို တစ်လှမ်းဆုတ်၊ သူ့လက်ကို အမိအရကိုင် သူ့အား ကိုယ့်အားပေါင်းပြီး နံရံဘက် ဆွဲပစ်ချလိုက်တယ်။

''ဒုံး''

''အား''

သွားပြီ၊

ဆွဲပစ်လိုက်တဲ့ အရှိန်နဲ့ နံရံကိုအဆောင့်၊ သူ့ဓားနဲ့ သူထိုးမိသွားတယ်။

ဘယ်ဘက် ရင်အုံအောက်ဘက်၊ နှလုံးသားတည့်တည့်၊ ပွဲချင်းပြီး သွားပြီ . . .၊

ကဲ ဘာလုပ်ကြမလဲ၊ ဝေးကိုအတူ၊ ထွက်ပြေးမယ်ပြောတော့၊ ဥပဒေဘောင်အထဲက ဖြေရှင်းမယ်တဲ့၊ ဒါလူ့သတ်မှု၊ ပေါ့သေးသေး မှတ်လို့ သူ့အလွယ်ကလေးပြောတယ်။

စောင့်တယ်။

ဝေးရောက်မလာပါဘူး၊ ရဲတွေ ဖိဖိစီးစီးလိုက်နေတယ် ကြားတယ်။

အခြေအနေသိပ်မကောင်းဘူး၊ လစ်မှ . . . ၊

ဟာ . . .ဘယ်ကျော်ရောက်လာတယ်။

လေထဲမိုးထဲ ဖိုင်အနီကိုတောင်းတယ်၊

မရှိဘူး၊ ယူမလာဘူး၊ မပေးနိုင်ဘူးလို့ပြောတော့ လက်မခံဘူး၊ သူ့မှာပါတဲ့ မောင်းပြန်ဓားကို ထုတ်တယ်။ အကြမ်းနည်းသုံးမယ်ပေါ့။

ဒီလိုတော့လည်း ရမလား၊ ယောကျ်ားချင်းပဲ၊ သူသေ ကိုယ်သေပေါ့။ ရင်ဆိုင်ဖို့အသင့်ပြင်ထားတယ်၊ ကိုယ့်ကိုယ်ကို ကာကွယ်ဖို့ သင်ထားတဲ့ ကိုယ်ခံပညာနဲ့ ခုခံရမှာ၊ လွယ်တော့မလွယ်ဘူး။

သူက သတ်ပုတ်နေကျလူ၊ လက်ယဉ်နေတဲ့လူ၊ ဦးမြတ်ခေါင် လို အစိမ်းသက်သက်မဟုတ်ဘူး။

ဟော . . . ရုတ်တရက်ပြေးထိုးတယ်။

ရှောင်တယ်၊ လွတ်တယ်၊ လက်ပြန်တွက်တယ်၊ တစ်ချက် ထိသွားပြီ။ သတိထားနေရင်း နောက်တစ်ချက်၊ နောက်တစ်ချက်၊ ဒဏ်ရာတွေ ပွနေပြီ၊ ညာဘက်ရင်မှာနက်နက်လေး စူးဝင်သွားတယ်။ ရှောင်ရတိမ်းရ၊ လှုပ်ရရှားရနဲ့ သွေးတွေ တော်တော်ထွက်လာတယ်။

ဘယ်ကျော်အပိုင်တွက်ပြီး ပြေးတက်လာတယ်။ ခဲတစ်လုံး တက်နင်းပြီး ဟန်ချက်အပျက်၊ ရှိုရှုမဲ့စု အားကုန်သုံးပြီး ငိုက်ကျလာတဲ့ သူ့မေးစေ့ကို ခြေဖျားနဲ့ ခတ်ထည့်လိုက်တယ်။

နောက်ကိုလန်ထွက်သွားတယ်၊ မထနိုင်တော့ဘူး။

ကားတစ်စီးဝင်လာတယ်၊

"တာတူး . . . တာတူး . . . ဘာဖြစ်တာလဲ"

ဝေးရောက်လာပြီး တွဲတယ်၊ ကားပေါ်တင်တယ်၊

"ဆေးရုံကိုမောင်းရမလား"

"ဟာ . . ဘယ်ဖြစ်မလဲ၊ မြို့ပြင်ကိုမောင်း"

ကြောက်အားလန့်အားနဲ့ ဝေး မောင်းထွက်လိုက်တယ်။

နောက်တော့ . . . ။

ကျွန်တော်တာမှ မသိတော့ဘူး။ တစ်လောကလုံး မှောင်အတိ ကျသွားတယ်။

ကျုပ်မညာတတ်တာ ဆရာသိပါတယ်။

ဘယ်တုံးက ညာဖူးလို့လဲ။ ခိုးရင်ခိုးတယ်၊ ဖောက်ရင် ဖောက်တယ်ပေါ့။

လုပ်ရဲရင် ခံရဲရတယ်၊ ဘာညာစရာရှိလဲ။

အဲဒီတိုက်ကို ဖောက်ဖို့ကြံတာက ကျုပ်နဲ့ ဘယ်ကျော်

နှစ်ယောက်တည်း၊ ဟင့်အင်း၊ တာတူးမပါဘူး၊ ကျုပ်ပြောတာအမှန်ပါ။

အဲ . . . ဟိုရောက်တော့ ကျုပ်တို့ ပင်ပင်ပန်းပန်း ဖောက်ထွင်းစရာမလိုဘူး၊ တာတူးအရင်ဝင်သွားတာ ဆရာသိပါတယ်။

သူ့နောက် နည်းနည်းကြာမှ ကျုပ်တို့အထဲ ရောက်တော့ စာကြည့်ခန်းထဲမှာ မီးခံသေတ္တာက ပွင့်နေပြီ၊ ဖိုင်အနီမရှိတော့သလို တာတူးကိုလည်း မတွေ့တော့ဘူး။

ဒီကြားထဲ ဘယ်ကျော်က တစ်မှောင့်၊

အိမ်ဝင်ခိုးပါတယ်ဆိုမှ ငြိမ်ငြိမ်မနေဘူး၊ အလည်သွားသလို ဟိုသွား ဒီသွားနဲ့ ပန်းအိုးတင်ထားတဲ့ စင်ကလေးနဲ့ တိုက်မိတာ ဒီကောင် သူခိုးပါးမဝလို့ ဒီလိုဖြစ်ရတာ။

အိမ်အပေါ်ထပ်က မီးပွင့်လာတယ်၊ ဆင်းလာတဲ့ခြေသံလည်း ကြားရတယ်။

ကျုပ်နဲ့ ဘယ်ကျော် စားပွဲအောက်မှာ ဝင်ပုန်းနေကြတာပေါ့။

မကြာပါဘူး၊ ထမင်းစားခန်းဘက်က တွန်းထိုး သတ်ပုတ်သံ ကြားရတယ်။

နောက်ကျတဲ့ ခြေထောက် သစ္စာဖောက်ပေါ့။ ကျုပ်နဲ့ ဘယ်ကျော် သုတ်ခြေတင်ပြေးကြရတော့တယ်၊ မြင်တာတော့ ဘာမှ မမြင်ခဲ့ရဘူး။ အဲဒီအချိန်မှာ ပြေးနိုင်မှလွတ်မှာကိုး။

ကျုပ်နဲ့ ဘယ်ကျော် တစ်ယောက်တစ်လမ်းစီ၊ တာတူး အိမ်ပြန်ရောက်လာမှ အခြေအနေမှန်ကိုသိရတာ။

သူငယ်ချင်း သံယောဇဉ်တော်တော်ကြီးတဲ့ကောင်၊ ကြောင် တယ်လို့လည်း မပြောရက်ဘူး၊ ခုမှတော့ မထူးတော့ဘူးဆိုပေမယ့် ပြေးကြမှဖြစ်မယ်ထင်တယ်။

အနေအထားက သိပ်မကောင်းဘူး။

နောက်နေ့ညနေ ဘုရားပျက်ကုန်းမှာ ပြန်ဆုံဖို့ ပြောပြီး လူချင်းခွဲခဲ့ကြတယ်။

နောက်တစ်နေ့

မိုးသာ စုပ်စုပ်ချုပ်သွားတယ် ဒီကောင် ပေါ်မလာဘူး။

"ကျုပ်တို့ ဓားပြသွားတိုက်မလို့ ရဲတွေကြိုစောင့်နေပါတယ်" လို့ ဘယ်ဓားပြကမှလည်း စခန်းကိုလာပြီး မပြောပါဘူး။

အခုဆို . . .

အပိုင်နယ်မြေ ရဲကင်းတွေခွဲဝေတာဝန်ချထားတယ်၊ လှည့်ကင်းဆိုတာတော့ မပြောနဲ့တော့၊ တပ်ဖွဲ့ဝင်တွေ အိပ်ချိန်ကိုမရှိဘူး။

မှောင်ရိပ်ခို၊ မသင်္ကာ၊ ကြိုတင်ကာကွယ်တဲ့ အမှုတွေ လက်မလည်ဘူး၊ နယ်ထိန်းတပ်ဖွဲ့ဝင်တွေ နားမှ မနားရတာ

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဆိုတာ စီမံခန့်ခွဲမှုစနစ်အသစ်နဲ့။

- ရပ်ရွာအေးချမ်းသာယာရေး၊
- တရားဥပဒေစိုးမိုးရေး၊
- မူးယစ်ဆေးဝါးအန္တရာယ် တားဆီးရေး၊
- ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေး

ရည်မှန်းချက်တာဝန်ကြီးက (၄)ရပ်၊ နောက်ပြီးတော့

စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု စွမ်းရည် (၄)ရပ် ပြည့်စုံမှုဆိုတဲ့ အရည်အချင်း "စံ" ငါးရပ်နဲ့ ပြည့်မီရမယ်။

ကဲ . . . ဒီအမှုမှာပဲကြည့်၊ အမှုက ပြစ်မှုဆိုင်ရာ ဥပဒေ

ပုဒ်မ ၃၀၂၊ လူသတ်မှု၊

တရားလိုက ဒေါ်ဝေးခက်မာ၊ သေဆုံးသူရဲ့ဇနီး၊

ဖုန်းသတင်းနဲ့တိုင်တယ်၊

အချိန်က ညဉ့် နှစ်နာရီ မိနစ်လေးဆယ်၊

အခုတင်ကင်းလှည့် စစ်ဆေးပြီး စခန်းပြန်ရောက်ကာစ ရှိသေးတယ်၊ တာဝန်ကျ စခန်းမှူးက သတင်းပို့တင်ပြတယ်။

အချိန်ဆွဲနေလို့ မရတော့၊ ချက်ချင်းထလိုက်သွားရတယ်။

ဒါက . . . တာဝန်။

အမှုအခြေအနေက ရှင်းသလိုလိုနဲ့ နည်းနည်းတော့ ရှုပ်ထွေးနေတယ်။

လှည့်ကွက်၊ မြှုပ်ကွက်၊ ဖုံးကွယ်ချက် တစ်ခုခုတော့ ရှိနေပြီ။

နယ်ထိန်းအရာရှိ ချစ်ခင်ကို အပ်တဲ့ ညွှန်ကြားချက်တွေ ပေးလိုက်တယ်။

စခန်းမှူးက တာဝန်ပေးတာဆိုတော့ နယ်ထိန်းအရာရှိနဲ့ နယ်ထိန်းတစ်ဖွဲ့လုံး စက်ယန္တရားတစ်ခုလို လည်ပတ်လှုပ်ရှားကြရတော့တာပေါ့။

နောက်နေ့ညနေမှာ ဝေးဟာ ကားနဲ့ မြို့ပြင်ဖက်ကိုထွက်သွားတယ်၊ အဆင်သင့်ပဲလေ... နယ်ထိန်းချစ်ခင်က နောက်ကနေ အရပ်ပမာ ကပ်လိုက်သွားတယ်။

မြို့ပြင်မှာ ဝေးကားခဏရပ်တယ်၊ ပြီးတော့ ဆက်ထွက်သွားတယ်။

ဝေးကားရပ်တဲ့နေရာမှာ လဲကျမေ့မြောနေတဲ့ ဘယ်ကျော်(ခ)၊

လင်းခက်ဝဲ (ခ) တင်ဝင်း၊ လူဆိုးမှတ်တမ်းဝင်ထောင်ထွက်ကိုတွေ့လို့ ကားပေါ်တင်ခေါ်ပြီးတော့ ဝေးကိုမျက်ခြည်ပြတ်သွားပြီ။

နယ်ထိန်းအရာရှိ ချစ်ခင်ကတော့ အပြုံးမပျက်ပါပဲ၊

ဘယ်ကျော်ကို လိုအပ်တာတွေ စစ်မေးပြီး အချုပ်ထဲ ထည့်ထားတယ်။

နောက်တစ်နေ့

ဒုရဲအုပ်ချစ်ခင်၊ စခန်းမှူးရုံးခန်းထဲ အပြေးကလေးဝင် လာတယ်၊

ထူးခြားဖြစ်စဉ်တင်ပြတယ်၊ လိုအပ်တဲ့ပံ့ပိုးမှုတွေ တောင်းဆို တယ်။ သူ့အစီအစဉ်အတိုင်း ဆက်လုပ်ခိုင်းလိုက်တယ်။

နယ်ထိန်းအဖွဲ့က ကြိုရောက်နှင့်နေတယ်။ ကျန်အဖွဲ့က ဝေးရဲ့ ကားနောက်ကနေလိုက်တယ်။

မြို့ပြင် ဘုရားပျက်ကုန်း၊

ဝေးက ကားကို လမ်းဘေးကပ်ရပ်လိုက်တယ်၊

ကားပေါ်ကဆင်းတော့ လက်ထဲမှာ လွှမ်းသူ့ပန်းခြင်းကလေးနဲ့ တစ်ကိုယ်လုံး အနက်ရောင်အဝတ်အစားနဲ့၊ ဝမ်းနည်းခြင်းအထိမ်းအမှတ် နဲ့ပေါ့၊ ခေါင်းငိုက်စိုက်ချပြီး တစ်လှမ်းချင်း ဘုရားပျက်ကုန်းပေါ်တက် သွားတယ်၊ နောက်ကပါတဲ့အဖွဲ့က အသာစောင့်ကြည့်တယ်။

မြေပုံအသစ်ကလေးပေါ်ကို ပန်းခြင်းတင်လိုက်တယ်၊ ဗုဒ္ဓ ဘာသာဝင်ပီပီ လက်အုပ်ချီကန်တော့တယ်၊ ပါးစပ်ကလည်း တတွတ်တွတ်နဲ့ ဆုတောင်းနေကြတာ၊ နည်းနည်းလေးလှမ်းတော့ ဘာမှမကြားရဘူး၊ ကိုယ်ကလေးလှုပ်ပြီး ရှိုက်ရှိုက်ငိုနေတာကိုတော့ ခန့်မှန်းလို့ရတယ်။

ခဏာနေတော့ မတ်တပ်ရပ်တယ်၊ နောက်လှည့်ပြီး လာတုန်းကလိုပဲ တစ်လှမ်းချင်းလှမ်းပြီး ကားဆီပြန်သွားတယ်။

ကားနားရောက်တော့ ရပ်ပြီး မြေပုံကို နောက်ပြန်တစ်ချက်ကြည့်တယ်။ နောက် . . . ကားထဲဝင်၊ တံခါးပိတ်၊ စက်နှိုးပြီး ကားကို ဂငယ်ကွေ့ ကွေ့ပြီး မြို့ထဲဘက် ပြန်မောင်းတယ်။

နယ်ထိန်းအရာရှိချစ်ခင် . . .၊

လျှင်တယ်ဗျာ . . . ၊

မြေပုံနဲ့ မလှမ်းမကမ်းက ကုက္ကိုပင်အောက်မှာ ဖျတ်ကနဲ ပြေးဝင်ပြီး လက်ထိပ်ခတ် ဖမ်းလိုက်တယ်၊ လက်သိုင်းပတ်တီး ကြိုးစီးနဲ့ ဒဏ်ရာရထားတဲ့တာတူး။

ဘုရားပျက်နောက်မှာ ပေါက်ပြားတစ်လက်နဲ့ ယာယီသုဘရာဇာ၊ လက်သစ်ဖောက်ထွင်း မိုးကြိုး(ခ) မိုးကောင်း (ခ) ဦးမိုးကို နယ်ထိန်းတပ်ကြပ်ကြီး တင်အောင်က ဖမ်းထားပြီးသားဖြစ်နေတယ်။

ပြေးကာနီး သူငယ်ချင်းဖြစ်သူဝေးကို ခြေရာဖျောက်ပြီး သေကွဲကွဲဟန်ဆောင်တဲ့ သာထူး(ခ) တာတူးကို ခြေရာကောက်မိခဲ့တယ်။

သတိရတော့ . . .

ကားမောင်းထွက်သွားတဲ့ ဝေးကို လှမ်းကြည့် လိုက်တယ်။ ဝေးရဲ့ကားကို တားပြီး ဝေးကို ရဲစခန်းအရောက် ဘေးရန် ကင်းကင်းနဲ့ ကားမောင်းပို့မယ့် တာဝန်မှူး ဒုရဲအုပ်လှဝင်း၊

ကွင်းဆက်ကလေးတွေ တစ်ခုစီချိတ်လို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲ့ အစိတ်အပိုင်းလေးတစ်ခု၊ မြို့သစ်ရဲစခန်းက တပ်ဖွဲ့ဝင်များ ရဲမှုခင်း ဖော်ထုတ်မှု၊

ဥပဒေနှင့်အညီ တရားစွဲတင်ပို့နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရဦးမယ်။

ပထမ သတင်းပေးအမှတ်ကို ကြည့်မိတော့။

❋ ❋ ❋ ❋ ❋

[ ၁၆ ]

# တို့ဆေးဆိုသည်မှာ တကယ်ရှိရဲ့လား

စာရေးသူ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ရန်ကုန်တိုင်းအတွင်း နေ့စဉ်ဖြစ်ပွားခဲ့သော မှုခင်းများကို နံနက် ၇ နာရီအချိန်တိုင်း စုစည်းလေ့လာဖတ်ရှုပြီး မြို့နယ် ရဲစခန်းများသို့ လိုအပ်သည်များ ညွှန်ကြား၍ အထက်အဖွဲ့အစည်းများသို့ ဆောင်ရွက်ချက်များ တင်ပြရသည့်အချိန်ကာလက ဖြစ်ပါသည်။

ဒုရဲမှူး ဦးတင့်ရွှေ (စာရေးဆရာ ရမည်းသင်းတင့်ရွှေ)က အမှုစာရင်းများ စုစည်း၍ စာရေးသူထံ ဝင်လာပါသည်။

''ဆရာ အမှုအထူးအဆန်းတော့ တာမွေမှာဖြစ်တယ်။ တို့ဆေးနဲ့တို့ပြီး အမျိုးသမီးတစ်ဦးဆီက လက်ဝတ်လက်စား ၂ သိန်းဖိုးလောက် ယူသွားတယ်တဲ့ဆရာ''

စာရေးသူ အမှုကို အသေအချာဖတ်ကြည့်မိသည်။

''ကိုတင့်ရွှေ ဒီအမှုပေါ်အောင်စစ်ဗျာ အခြေအနေအမှန်ကို အမြန်သိရတာပေါ့၊ တိုင်းရုံးက အဖွဲ့တစ်ဖွဲ့ဖွဲ့ပေးပြီး သီးခြားစုံစမ်းခိုင်းပါ။

ဟုတ်ကဲ့ဆရာ ကိုတင့်ရွှေ ပြန်ထွက်သွားသည်။

စာရေးသူ စဉ်းစားကြည့်မိသည်။ ထိုအချိန်က ဘိုးတော်အတု များကို ဖော်ထုတ်နေချိန်နှင့် ကိုက်ညီနေပါသည်။ ပျောက်စေဆရာဆိုသူ၊ သူ့ကိုသူ ဘိုးတော်အမည်ခံ၍ လိမ်ညာနေသူများကို စီမံချက်များဖြင့် ဖော်ထုတ်အရေးယူနေချိန်ဖြစ်ပါသည်။

(၂)

တစ်ပတ်ခန့်ကြာသောအခါ ဒုရဲမှူး ဦးတင့်ရွှေ ဖိုင်တွဲတစ်တွဲနှင့် ဝင်လာသည်။

''ဆရာရေ အမှုမှန်တော့ ပေါ်ပြီ''

''ဘယ်လိုဖြစ်တာလဲ''

''ဆရာရေ ဟောဒီအမျိုးသမီး မနုနုရွှေ (၂၈)နှစ်က တာမွေ အပိုင်းထိပ်က ရွှေဂုံတိုင်လမ်းအတိုင်း ဘတ်စ်ကားစီးလာရင်း သူ့ဘေးက ထိုင်နေတဲ့ အမျိုးသားက လက်မောင်းကို ဘာနဲ့တို့လိုက်မှန်းမသိ အတို့ခံလိုက်ရပြီး သတိလက်လွတ်ဖြစ်သွားခဲ့တာ ညနေရောက်တော့ ပြည်လမ်းက တက္ကသိုလ်မြောက်ဘက်က ပန်းခြံထဲရောက်နေပြီး သတိရတော့ လက်ဝတ်လက်စားတွေ ၂ သိန်းဖိုး ပါသွားတယ်၊ လူခန္ဓာကိုယ်တော့ ထိခိုက်စော်ကားမှုမရှိဘူးလို့ တိုင်ခဲ့ပါတယ်။ အဲဒါ ဆရာညွှန်ကြားတဲ့အတိုင်း တိုင်းရုံးက အဖွဲ့တစ်ဖွဲ့ ပွဲ့ပေးပြီး တာမွေ ရဲစခန်းက စခန်းမှူးအဖွဲ့နှင့် ပူးပေါင်းဖော်ထုတ်ခဲ့ပါတယ်''

''ပထမဆုံး တရားလိုအမျိုးသမီးကို မှတ်တမ်းတင်ထားတဲ့ လူဆိုးဓာတ်ပုံတွေ ပြကြည့်ခဲ့ပါတယ်။ သူ့ဘေးမှာထိုင်နေတဲ့သူနဲ့ မတူဘူးလို့ ပြောပါတယ်။ ပုံသဏ္ဌာန်လည်း တိတိကျကျ မမှတ်မိဘူး။

ဒါနဲ့ သူမရဲ့ ကိုယ်ရေးရာဇဝင်နဲ့ နောက်ကြောင်းအခြေအနေကို အဖွဲ့ခွဲပြီး စုံစမ်းခဲ့ပါတယ်။ မနုနုရွှေဟာ အပျိုပါ၊ ဒါပေမယ့် လူမှုရေးရှုပ်တော့ မိဘက အိမ်ပေါ်က နှင်ချခဲ့ဖူးပါတယ်၊ နောက်တော့ မိဘက အိမ်ပေါ် ပြန်တင်ထားပြီး လက်ဝတ်လက်စား (၂)သိန်းဖိုးလောက် ဆင်ပေးထား ပါတယ်''

''သူနဲ့ တိတ်တဆိတ်ချစ်ကြိုက်နေတဲ့ ဇနီးရှိတဲ့ ကိုမင်းသူနဲ့ အပြင် တည်းခိုခန်းတစ်ခုမှာ မကြာခဏချိန်းတွေ့ကြတယ်။ တစ်နေ့တော့ သူတို့ချိန်းတွေ့ကြပြီး မနုနုရွှေ အိပ်ပျော်နေခိုက် ကိုမင်းသူက လက်ဝတ် လက်စားတွေချွတ်ယူပြီးထွက်ပြေးသွားခဲ့တယ်၊ မနုနုရွှေက တည်းခိုခန်း က စာရေးကျော်ဆွေကို ပြောပြခဲ့တယ်၊ သူ့မိဘတွေဆူမှာစိုးလို့ တို့ဆေးနဲ့ အတို့ခံရပြီး ပစ္စည်းတွေပါသွားတယ်လို့ ရဲစခန်းကို လိမ်ပြီး တိုင်ခဲ့တာပါဆရာ''

''ကိုတင့်ဆွေတို့ ဘယ်လိုအထောက်အထားတွေ ရပြီလဲ''

တည်းခိုခန်းက ကျော်ဆွေ ထွက်ချက်အရ၊ မနုနုရွှေရဲ့ အဖြစ်မှန်သိရပြီး မင်းသူဘယ်မှာရှိတယ်ဆိုတာစုံစမ်းတော့ သာကေတမှာ နေတယ်၊ အငှားကားမောင်းတယ်၊ ကားနံပါတ်တို့ပါ ပြောပြီးတာနဲ့ ဆက်လိုက်တော့ မင်းသူအိမ်ကို ရှာတွေ့ပါတယ်၊ မင်းသူအိမ်ကို ဝင်ရှာတော့ သူတို့လင်မယားအိပ်တဲ့ ခေါင်းအုံးအောက်က မနုနုရွှေ ဆီက ယူသွားတဲ့ လက်ဝတ်လက်စားတွေ ပြန်တွေ့ရပါတယ်၊ မင်းသူက မနုနုရွှေ အိပ်နေခိုက်ဖြုတ်ယူခဲ့တာ ဝန်ခံပါတယ်၊ မနုနုရွှေကို ပြန်စစ် တော့လည်း အမှန်အတိုင်းဝန်ခံပြီး သူ့မိဘတွေဆူမှာ စိုးရိမ်လို့ ကြားဖူးနားဝရှိတဲ့ တို့ဆေးအတို့ခံရလို့ မေ့သွားတယ်ပြောပြီး ရဲစခန်း တိုင်ခဲ့တဲ့အကြောင်း ပြောပြပါတယ်''

''သူတို့ချိန်းတွေ့တဲ့တည်းခိုခန်းက ကမာရွတ်မှာပါဆရာ''

"ဒါဖြင့် သူက အင်းယားကန်ဘေး ဘယ်လိုရောက်သွားတာလဲ"

"လက်ဝတ်လက်စားမပါဘဲပြန်ရင် မိဘသိမှာစိုးလို့ စိတ်ညစ်ညစ်နဲ့ အင်းယားကန်သွားထိုင်ပြီး အကြံထုတ်တယ်လို့ ပြောပါတယ်"

"မနုနုရွှေက မင်းသူနေတဲ့အိမ်မသိဘူးလား"

"မသိပါဘူးဆရာ၊ မင်းသူကားကို ငှားစီးရင်း ရည်းစားဖြစ်ပြီး မကြာခဏ အဲဒီတည်းခိုခန်းမှာ ချိန်းတွေ့ကြတယ်လို့ သိရပါတယ် ဆရာ"

"အေးဗျာ ခင်ဗျားတို့ ပူးပေါင်းဆောင်ရွက်လို့ အမှုမှန်ဖော်ထုတ်နိုင်တာ ချီးကျူးပါတယ်၊ တို့ဆေးအမှုဆိုရင် နောက်ကြောင်းလိုက်စစ်ဖို့ လိုလာတဲ့အကြောင်း နယ်မြေကရဲစခန်းတွေကို ဖြစ်စဉ်ပြောပြပြီး ပညာပေးပါဗျာ"

"ဟုတ်ကဲ့ဆရာ"

စာရေးသူသည် ရန်ကုန်တိုင်းမှ စစ်ကိုင်းတိုင်းသို့ ပြောင်းရွှေ့ရပြီး (၅)နှစ်ခန့်ကြာသောအခါ ရန်ကုန်သို့ ပြန်လည်တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့သည်။

အပတ်စဉ်ကျင်းပသော မှုခင်းကျဆင်းရေး အစည်းအဝေးတွင် မှုခင်းအခြေအနေများ သုံးသပ်ကြစဉ် တို့ဆေးအတို့ခံရ၍ ရွှေ၊ ရတနာမျိုးစုံ သိန်း ၅၀ ဖိုးခန့် ပါသွားကြောင်းဖြစ်စဉ်တစ်ခုထပ်မံ ဖြစ်ပွားခဲ့ပါသည်။ ဖြစ်စဉ်မှာ ပုဇွန်တောင်တွင်နေသော စိန်ရွှေရတနာမျိုးစုံတို့ကို ရောင်းသည့်ပွဲစား မသူဇာ (၃၂)နှစ်သည် နံနက် ၁၁ နာရီခန့်တွင် ပုဇွန်တောင်မှ အငှားယာဉ်တစ်စီးကို ငှားစီးပြီး သူသွားနေကျ ဗိုလ်ချုပ်ဈေးသို့ သွားရောက်ခဲ့စဉ် သတိမေ့သွားကြောင်း၊ ညနေဘက်တွင်

ကန်တော်ကြီး ပန်းကန်လုံးကျွန်းပေါ် တစ်ဦးတည်းရောက်နေမှ သတိရ လာပြီး လက်ကိုင်အိတ်နှင့် စိန်၊ ရွှေ၊ ရတနာထည့်ထားသောအထုပ်တို့ ပျောက်ဆုံးသွားကြောင်း အငှားကားကို မမှတ်မိကြောင်း ကားရှေ့ခန်း ယာဉ်မောင်းဘေးမှာ ထိုင်ခဲ့ကြောင်း၊ ကားပေါ်ထိုင်ပြီးနောက်ပိုင်း ဘာဖြစ်သည်ကို မသိရတော့ကြောင်း ညနေပိုင်း ကန်တော်ကြီး ပန်းကန်လုံးကျွန်းပေါ်ထိုင်နေရာမှ သတိပြန်ရပါကြောင်း ထို့ကြောင့် မင်္ဂလာတောင်ညွန့်ရဲစခန်းသို့ လာတိုင်ခဲ့ကြောင်း ဖြစ်စဉ်ကို သိရပါသည်။

စာရေးသူက မသူဇာ၏ နောက်ကြောင်းရာဇဝင်နှင့် လှုပ်ရှားမှု ကို အဖွဲ့များခွဲ၍ စုံစမ်းသင့်ကြောင်း အကြံပေး၍ ယခင်က မနုနုရွှေ၏ အမှုကို နမူနာအဖြစ်ပြောပြခဲ့ပါသည်။

တစ်ပတ်ခန့်ကြာသောအခါ အခြားရဲစခန်း (၂)ခု၌ မသူဇာထံ ရောင်းရန်အပ်ထားသောပစ္စည်းများပြန်မရ၍ မသူဇာကို ပစ္စည်းပိုင်ရှင်က အမှုလာတိုင်ကြကြောင်း သိရပါသည်။

မသူဇာမှာ စိန်၊ ရွှေ၊ ရတနာ ပွဲစားတစ်ဦးဖြစ်ကြောင်း သိရပြန်ပါသည်။

(၂)ပတ်ခန့်အကြာတွင် စုံစမ်းဖော်ထုတ်ချက်အရ ''မသူဇာ'' သည် လောင်းကစားနှင့် ချဲထီဝါသနာကြီးသူဖြစ်ကြောင်း ကစားဝိုင်းတွင် အရှုံးကြီးရှုံးခဲ့ခြင်း၊ ချဲထီထိုးရာတွင် အရှုံးကြီးရှုံးခဲ့၍ အပ်ထားသော ပစ္စည်းများကို ရောင်းချကုန်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့ပြန်ပါသည်။ မသူဇာ တိုင်ကြားမှုကြောင့် မသူဇာလိမ်လည်အလွဲသုံးစားပြုခဲ့ခြင်းများအပြင် ရဲတပ်ဖွဲ့မှ ကစားဝိုင်းများ၊ ချဲထီဒိုင်များကိုပါ ဖော်ထုတ်နိုင်ပြီး ပစ္စည်းများ အားလုံး ပြန်လည်သိမ်းဆည်းရရှိခဲ့ပါသည်။

''တို့ဆေး''နှင့်တို့၍ လူကိုမေ့အောင်လုပ်သည်ဆိုသော အမှုများသည် စာရေးသူ အတွေ့အကြုံအရ လိမ်လည်မှုများသာ

ဖြစ်သည်ဟု တင်ပြလိုပါသည်။ ဆေးပညာအရလည်း တို့ရှုံနှင့် လူတစ်ဦး မေ့သွားနိုင်လောက်သည်ဟု ဖြစ်နိုင်မည်မထင်ပါ –

ယုံသင့်မှ ယုံကြရန် အကြံပြုလိုပါသည်။

အိပ်ဆေးခတ်ခြင်း၊ အိပ်မွေ့ချခြင်း စသည်တို့ကိုလည်း စာရေးသူ လေ့လာတွေ့ရှိချက်များကို ဆက်လက်တင်ပြသွားမည် ဖြစ်ပါသည်။

❊ ❊ ❊ ❊ ❊

[ ၁၇ ]

# အမေ့ကျေးဇူးနှင့် ဥပဒေအဆုံးအမ ခံယူတတ်ပါစေ

စာရေးသူ၏ အလုပ်စားပွဲပေါ်တွင် ထိုင်နေသော မိခင်အရွယ် အလယ်တန်းကျောင်းအုပ်ဆရာမကြီး အငြိမ်းစား ဒေါ်ဒေါ်စောကို မြင်ရသည်မှာ လွန်ခဲ့သောနှစ်ပေါင်း (၃၀)ကျော်က စာရေးသူတို့ ဇာတိချက်ကြွေမွေးရပ်မြေတွင် တွေ့ခဲ့ရသော ဆရာမကြီး ပုံသဏ္ဍာန်နှင့် မတူလောက်အောင် ပြောင်းလဲသွားခဲ့သည်ကို တွေ့မြင်ရသောကြောင့် များစွာ စိတ်မကောင်းဖြစ်မိပါတယ်။

ဇရာထောင်း၍ ဆံဖြူ၊ သွားကျိုး၊ ပါးရေတွန့်သည်သာမက ယခင်က တပည့်များအပေါ် စေတနာဖြင့် တက်ကြွစွာ ပညာသင်ကြား ခဲ့ပုံသဏ္ဍာန်များနှင့် တစ်ခြားစီဖြစ်နေကြောင်း သတိပြုမိပါတယ်။ မျက်ဝန်းမှာလည်း မျက်ရည်များနှင့် စိတ်သော[illegible]ရောက်နေပုံရပါတယ်။

"ဆရာမကြီး ကျွန်တော် ဘာကူညီရမလဲ ပြောပါခင်ဗျာ"

"မောင်မောင် ငါ့ကိုဆရာမကြီးလို့မခေါ်ပါနဲ့ ငါက မင်းအမေနဲ့ ငယ်သူငယ်ချင်းတွေပါ ဒေါ်ဒေါ်လို့ပဲခေါ်ပါ"

"ဟုတ်ကဲ့ပြောပါ ဒေါ်ဒေါ်"

"ငါအခု မင်းဆီကို တော်တော်မေးပြီးမှ လာခဲ့ရတာ။ မင်းသူငယ်ချင်း ကိုစိုးက နိုင်ငံခြားမှာ မိသားစုနဲ့ အလုပ်သွားလုပ်နေတယ်။ အငယ်ကောင်ကိုဖြိုးက ရန်ကုန်မှာ စားသောက်ဆိုင်နဲ့ ကာရာအိုကေဆိုင်ဖွင့်ပြီး ရန်ကုန်မှာပဲနေတယ်။ သူက အိမ်ထောင်မပြုသေးတော့ ဒေါ်ဒေါ်လည်း နယ်ကအိမ်တွေ ခြံတွေရောင်းပြီး သူနဲ့ လာနေတယ်"

"ဟုတ်ကဲ့ ဒေါ်ဒေါ် ကျွန်တော်ကြားမိပါတယ်။ ဒါပေမယ့် အလုပ်များနေတာနဲ့ မရောက်ခဲ့ပါဘူး"

"အေး အခုလာတာက မင်းဆီကို အကူအညီတောင်းချင်လို့ မင်းက ရဲအရာရှိဆိုတော့ ငါ့ကို ကူညီနိုင်မယ်ထင်လို့ပါ"

"ပြောပါဒေါ်ဒေါ် ဘာကူညီရမလဲ၊ ကျွန်တော်တို့ရဲတပ်ဖွဲ့က ကူညီပါရစေ ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ကူညီနိုင်တာ ကူညီမှာပါ"

"ဒီလိုကွ မင်းညီ ကိုဖြိုးက လူပျိုလူလွတ်၊ စားသောက်ဆိုင်၊ ကာရာအိုကေ ဆိုင်ပိုင်ရှင်ဆိုတော့ အပေါင်းအသင်း အဆက်အသွယ်များတယ်၊ လွန်ခဲ့တဲ့တစ်နှစ်လောက်ကစပြီး လူလည်း ပိန်လာတယ်၊ မူးယစ်ဆေးသုံးတယ်လို့ ဒေါ်ဒေါ်ထင်ရတယ်၊ ဒေါ်ဒေါ်လည်း စောင့်ကြည့်ခဲ့ပါတယ်၊ ဘာပစ္စည်းမှတော့ အိမ်မှာမတွေ့ဘူး၊ သူက သူများပေးတဲ့အကြောင်း၊ နောက်ကိုမလုပ်တော့ကြောင်း ဝန်ခံခဲ့ဖူးတယ်။ ဒါပေမယ့် ခဏပဲ၊ ပြန်ဆက်သုံးတယ်ထင်တယ်၊ နားလည်သူတွေနဲ့ ဒေါ်ဒေါ်တိုင်ပင်ပြီး ဆေးဖြတ်ဖို့ ကြိုးစားကြည့်ခဲ့ဖူးတယ်။ ဒါပေမယ့်

ခဏာပဲ၊ မကြာခင်ဆက်သုံးတော့ ကြာရင် သူ့အသက်ဆုံးမှာအထိ စိုးရိမ်လာရတယ်''

မိခင်အိုကြီးတစ်ယောက် သားအတွက် ဆက်တိုက်စကား ပြောလိုက်ရ၍ မောသွားပုံရပါတယ်။ ရေသန့်ပုလင်းမှ ရေကိုဖန်ခွက်နဲ့ ထည့်၍ သောက်စေပါတယ်။

''အေးကွယ် သာဓု သာဓု သာဓု''

''ဆက်ပြောပါ ဒေါ်ဒေါ်''

''အဲဒီကိစ္စ ဒေါ်ဒေါ်ခံစားနေရပါတယ်မောင်မောင်ရယ်၊ သူ့ကို ဆေးပြတ်အောင် မင်းတို့ ဥပဒေအဆုံးအမနဲ့ အရေးယူပေးပါလား။ ဒါမှ သူပြတ်သွားမှာပါ''

စာရေးသူ ပါးစပ်အဟောင်းသားနှင့် အထူးပင် အံ့ဩမိပါသည်။ သားကို ဥပဒေအရ အဆုံးအမပေးရန် ပြောလာသော ရှားပါးလှသည့် တိကျပြတ်သားသော မိခင်ကြီး၊ သားအပေါ် ပူပင်သောက ရောက်နေသောမိခင်ကြီး၊ အသက် (၈၀)ကျော်သည့်တိုင် အသက် (၄၀)ဝန်းကျင်လောက်ရှိသည့် သားကို သံယောဇဉ်ကြီးစွာ အချစ်ကြီးစွာဖြင့် စိုးထိတ်ပူပင်မှုရှိသောမိခင်မေတ္တာကို သတိထားမိလိုက်ပါတယ်။

''ဒေါ်ဒေါ် တကယ်ပြောတာလား''

''ဟုတ်တယ် သားမောင်မောင်၊ သူ့ကို ဘယ်လိုမှ ဆေးပြတ်အောင် လုပ်လို့မရတော့ဘူး။ ဥပဒေနဲ့ အရေးယူပြီး နိုင်ငံတော်ကဖွင့်ထားတဲ့ ပြန်လည်ထူထောင်ရေးစခန်းတွေပို့ပြီး ဖြတ်ပေးမှ ရမယ်ဆိုတာ ဒေါ်ဒေါ်လေ့လာသိရတယ်။ ဒီနည်းမှ ဒေါ်ဒေါ်မသုံးရင် သူ့အသက်တိုလိမ့်မယ်။ လုပ်ပေးပါ သားမောင်မောင်ရယ်''

စာရေးသူ လွန်ခဲ့သော နှစ်ပေါင်း (၃၀)ကျော်က ဓာတ်ီမြို့တွင် နေခဲ့စဉ်က ဆရာမကြီးအိမ်နှင့် စာရေးသူတို့အိမ်က မျက်နှာချင်းဆိုင် တစ်ရပ်ကွက်တည်း၊ စာရေးသူ၏မိခင်နှင့် ဆရာမကြီးက ငယ်စဉ် ကတည်းကသူငယ်ချင်း၊ ကြီးပြင်းလာတော့ ကျောင်းနေဖက်တွေဖြစ် ကြပါတယ်။ ဆရာမကြီးက စိတ်ဓာတ်မာကျော၍ ပြတ်သားသူ ဖြစ်တယ်။ တစ်ရက်တွင် ဆရာမကြီးသား(၂)ယောက် စာကျက်ချိန် စာမကျက်ဘဲ အလည်လွန်နေရာမှ ပြန်လာချိန်တွင် လမ်းမပေါ်ထုတ်၍ ရိုက်နှက်ဆုံးမရာတွင် ငါက ဆရာမ၊ မင်းတို့က ဆရာမ သားတွေ၊ ငါက ကျောင်းသားတွေရာချီပြီး စည်းကမ်းရှိအောင် စာတတ်ပေတတ် ဖြစ်အောင်သင်ပေးနေတယ်၊ မင်းတို့က စည်းကမ်းဖောက်လာတော့ ငါက ဒီလိုရိုက်ရမယ်ဟုပြောက သားနှစ်ယောက် ငယ်သံပါအောင် အော်ငိုသည်အထိ အရိုက်ခံရပါတယ်။ နောက်ပြီး မေ့မရတဲ့ ဆရာမ စကားက ''မင်းတို့နှစ်ယောက်မှ ပညာတတ်တွေဖြစ်အောင် ဆုံးမပြီး မသင်နိုင်ရန် ငါ့ကိုယ်ငါ သတ်သေမယ်ကွ''တဲ့ စာရေးသူ သတိရမိ လာပါတယ်။

''ဟုတ်ကဲ့ဒေါ်ဒေါ် ကျွန်တော် တာဝန်ရှိသူတွေနဲ့ တိုင်ပင်ပြီး ဆောင်ရွက်ပေးပါ့မယ်၊ မောင်ဖြိုးဆေးသုံးတဲ့အချိန် ဒေါ်ဒေါ်ကျွန်တော့်ကို ဖုန်းဆက်လိုက်ပါ''

''အေး ငါဆက်ဆက် မင်းကိုဖုန်းဆက်မယ်''

ဒေါ်ဒေါ်ပြန်သွားပါတယ်။ အော် မိခင်ကြီးတစ်ယောက် အိုကြီး အိုမဖြစ်နေတာတောင် သားအတွက် ပူဆွေးသောကဖြစ်နေဆဲ။ ကြီးမားလှသော မိခင်မေတ္တာ၊ တုနှိုင်းမရသောမိခင်မေတ္တာကို တွေးတောနေမိပြန်ပါတယ်။

တစ်ပတ်ခန့်အကြာ ဒေါ်ဒေါ်အဆောက်အသွယ် သတင်းပေး မှုကြောင့် ရဲတပ်ဖွဲ့ဝင်များ ဝင်ရောက် စီးနင်းရှာဖွေကြပါတယ်။

သုံးစွဲသော မူးယစ်ဆေးဝါးမတွေ့ရသော်လည်း သုံးစွဲထားပုံရပါတယ်။ မောင်ဖြိုးကို ဆေးစစ်ကြည့်တော့ မူးယစ်ဆေးသုံးစွဲကြောင်း ပေါ်ပေါက်ခဲ့လို့ ဥပဒေဖြင့်ထောင်ကျသွားပါတယ်။

လာရောက်ရှာဖွေ ဖမ်းဆီးခဲ့သော ရဲအရာရှိများရှေ့တွင်ပင် ဒေါ်ဒေါ်က "မောင်ဖြိုး မင်းဘဝ ကောင်းစားဖို့အတွက် ငါကိုယ်တိုင် ရဲအရာရှိတွေ အကူအညီတောင်း၊ သတင်းပေးခဲ့တာ၊ မင်းကိုချစ်လို့ပဲ၊ မင်းဥပဒေအဆုံးအမနဲ့ ပြုပြင်ခဲ့ပါ၊ မင်းလူကောင်းဖြစ်လာတာကို အမေမြင်ချင်တယ်၊ ငါစောင့်နေမယ်" ဟုပြောပြီး ငိုချလိုက်ကြောင်း သိရပါတယ်။

မောင်ဖြိုး ပြစ်ဒဏ်ခံနေရစဉ် ဒေါ်ဒေါ်စောတစ်ယောက် ရန်ကုန်ဆေးရုံကြီး အထူးကုသဆောင်၌ တက်နေရကြောင်း သူငယ်ချင်းမောင်ဖြိုး၏အစ်ကို မောင်စိုး နိုင်ငံခြားမှ ပြန်လာပြီး စာရေးသူကိုလာပြော၍ လိုက်သွားကြည့်ခဲ့ပါတယ်။ ဒေါ်ဒေါ်က ဆေးရုံခုတင်ပေါ်မှာ မျက်လုံးကို အားယူဖွင့်လိုက်ပြီး –

"သား မောင်မောင် မောင်ဖြိုးက အမေ့ကို ခုလိုလုပ်ရမလားဆိုပြီး အမေ့ကို စိတ်ဆိုးပြီး စိတ်နာနေတယ်၊ သူ့ကို သွားတွေ့တာ အတွေ့မခံဘူး၊ သူကောင်းအောင် ဒေါ်ဒေါ်နောက်ဆုံးပြုပြင်ခဲ့တဲ့ နည်းပါ၊ သူ လူကောင်းတစ်ယောက် ပြန်ဖြစ်လာရင် အမေ့ရဲ့ မေတ္တာကို နားလည်လာမှာပါ၊ မင်းတို့ရဲတွေကိုလည်း ကျေးဇူးတင်ပါတယ်"

စာရေးသူ စိတ်မကောင်းစွာနဲ့ ပြန်ခဲ့ပါတယ်။

တစ်ပတ်လောက်ကြာတော့ ဒေါ်ဒေါ်ကွယ်လွန်သွားခဲ့ပါတယ်။

❊ ❊ ❊

မောင်ဖြိုး အပြစ်ဒဏ်ခံပြီး ပြန်လည်ထူထောင်ရေးစခန်းက ပြန်ထွက်လာတဲ့အခါ စာရေးသူကို လာတွေ့ပါတယ်။

''အစ်ကို ကျွန်တော် လူရောစိတ်ပါ နိုင်ငံတော်ကပြင်ပေးလို့ ပြုပြင်ခဲ့ပါပြီ။ လူသစ်စိတ်သစ်နဲ့ ဘဝကို ဆက်သွားမယ်၊ ပထမတော့ အမေ့ကို ရက်စက်တယ်ထင်ပြီး အထင်လွဲ စိတ်နာခဲ့ပါတယ်။ အခုတော့ အမေ့ကျေးဇူး အမေ့စေတနာတွေကို နားလည်လာမှ ကျွန်တော် ပြန်ဆပ်ခွင့်မရတော့ဘူးအစ်ကိုရယ်'' ဟုပြောကာ တရှုံ့ရှုံ့ဖြင့် ငိုပါသည်။

''မောင်ဖြိုး ဆရာမကြီး မင်းအမေဟာ ငယ်စဉ်က တို့ အပါအဝင် တပည့်တွေကို ပြတ်ပြတ်သားသား ဆိုဆုံးမပြီး လမ်းခင်း ပေးခဲ့တယ်၊ မင်းတို့ ညီအစ်ကိုကို ဆုံးမခဲ့တာတွေလည်း ငါသတိရ မိတယ်၊ တို့ နိုင်ငံသူ နိုင်ငံသားတွေလည်း မင်းအမေလို ပြတ်သားပြီး ဥပဒေကို အားကိုးသူတွေ၊ မင်းလို နိုင်ငံတော်ကပြုပြင်မှုကို အသိတရား နဲ့ ခံယူပြီး လူသစ်စိတ်သစ်ဖြစ်လာတဲ့လူတွေ ဖြစ်လာကြရင် နိုင်ငံတော် ကြီးဟာ 'မှူးယစ်ကင်းစင်သောနိုင်ငံ' မကြာခင်ဖြစ်လာတော့မှာ သေချာပါတယ်။

**သင်ခန်းစာယူနိုင်ကြပါစေဟု**

❊ ❊ ❊ ❊ ❊

[ ၁၈ ]

# ဆရာ

# ကျွန်တော့်ကို မနက်ဖြန်မှ ဖမ်းပါဆရာရယ်

ရန်ကုန်မြို့လယ်မှာ ဖြစ်ပွားခဲ့သော လုယက်မှုကြီးတစ်ခုကို စုံးစမ်းဖော်ထုတ်ရင်း ထူးခြားသောဖြစ်ရပ်တစ်ခုကို ရဲတပ်ဖွဲ့ဝင်များ တွေ့ကြုံခဲ့ရခြင်းကို တင်ပြလိုပါသည်။ ဒီလိုဖြစ်ရပ်တွေက ရဲတပ်ဖွဲ့များမှာ မကြာခဏ တွေ့ကြရပါတယ်။

ရန်ကုန်မြို့လယ် တစ်နေရာမှ ငွေကြေးချမ်းသာသူတစ်ဦးရဲ့ နေအိမ်ခြံဝင်းကို ဝင်းတံခါးသော့၊ အိမ်တံခါးသော့၊ မီးခံသေတ္တာများကို သော့တုဖြင့်ဖွင့်ကာ ဓားကိုင်ထားတဲ့ လူ(၃)ဦးက လုယက်သွားတဲ့ အမှုတစ်ခုရရှိခဲ့ပါတယ်။ စိန်ရွှေငွေ တန်ဖိုးကျပ်သိန်း ၃၀၀ခန့် ပါသွားပါတယ်။ အမှုကျူးလွန်သူ တရားခံ (၂)ဦးကို ရဲတပ်ဖွဲ့မှ (၂)ပတ် အတွင်းမှာပဲ ၎င်းကို ဝေစုရထားသော ပစ္စည်းများနှင့်အတူ သိမ်းဆည်း

ဖော်ထုတ် ဖမ်းဆီးရမိခဲ့ပါတယ်။ ကျန်တရားခံတစ်ဦးမှာ သော့တုဖြင့် ဖောက်ထွင်းမှု ကျူးလွန်ရာတွင် နာမည်ကြီး ဂွတို (ခ) ညီကြီး ဖြစ်ကြောင်း ပေါ်ပေါက်ခဲ့ပါတယ်။ ဂွတို (ခ) ညီကြီးမှာ ဝေစုများဖြင့် အတူ ရန်ကုန်မှ အဝေးတစ်နေရာသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရှိခဲ့ရပါတယ်။

သော့တုပိုင်ရှာ ဂွတို (ခ) ညီကြီးမှာ သော့မျိုးစုံကို သော့တုနှင့် ကျင်လည်စွာ ဖွင့်နိုင်သူဖြစ်ပါတယ်။ ရှေ့ခေတ်က မီးခံသေတ္တာကြီးကိုပင် သော့တုဖြင့် ဖွင့်နိုင်အောင် ကျွမ်းကျင်သူဖြစ်ပါတယ်။ ယခုအမှုမှာလည်း ယှယက်မှုမည့်သူ (၂)ဦးက အိမ်အနေအထားကို သေချာလေ့လာစုံစမ်းခဲ့ပါတယ်။ အိမ်ရှေ့ခြံတံခါးကြီးမှာ သံကြိုးနဲ့ပတ်ထားပြီး သော့ကို ခတ်ထားပါတယ်။ တိုက်အဝင်တံခါးမကြီးကိုတော့ သော့အမြဲခတ်ထားပါတယ်။ အဲဒီသော့ (၂)လုံးကို အဆင့်ဆင့် ဖွင့်ပြီးမှ အိမ်အတွင်းသို့ ရောက်ရှိမှာဖြစ်ပါတယ်။ အိမ်အတွင်းကို ရောက်ခဲ့ရင် မီးခံသေတ္တာသော့ မပေးပါက ဂွတို (ခ) ညီကြီးက ဖွင့်ပေးရမည်ဖြစ်ပါသည်။ ဂွတို (ခ) ညီကြီးက လုယက်၍ ရရှိလာမည့် ပစ္စည်းအားလုံး၏ တစ်ဝက်ကို သူ့ကိုပေးမှ လုပ်ပေးနိုင်မည်ဆိုသောကြောင့် ကျန်လူဆိုး (၂)ဦးက သဘောတူခဲ့ကြပါတယ်။

လုယက်ခံရသောအိမ်တွ - ..ရှင်မှုဆိုးမ အမျိုးသမီးကြီးနှင့် မုဆိုးမကြီး၏ သမီး (၂)ယောက်၊ အိမ်ဖော်အမျိုးသမီးတစ်ယောက် စုစုပေါင်း အမျိုးသမီး (၄)ယောက်သာ နေထိုင်သောအိမ် ဖြစ်ပါတယ်။ အိမ်အတွင်းသို့ ရောက်ရှိကြလျှင် ပစ္စည်းကို အလွယ်တကူ ရရှိကြမည်ဟု လူဆိုးများက တွက်ဆထားကြပါတယ်။ အိမ်ရှင်အမျိုးသမီးကြီးက သော့ကို ထုတ်မပေးဘဲ အပြင်မှာနေတဲ့ ညီမထံ အပ်ထားတယ်လို့ ပြောခဲ့ပါတယ်။

လူဆိုးများ တွက်ဆထားသည့်အတိုင်းပင် သော့တုဝိဇ္ဇာ ဂွတို (ခ) ညိုကြီး၏ အစွမ်းထက်မှုကြောင့် ခြံတံခါးသော့၊ အိမ်မကြီးတံခါးသော့နှင့် မီးခံသေတ္တာများကို အဆင့်ဆင့် ဖွင့်နိုင်ခဲ့ပါတယ်။ ရွှေငွေ ပစ္စည်း ကာလတန်ဖိုး ကျပ်သိန်း ၃၀၀ခန့် လုယက်သွားနိုင်ခဲ့ကြပါတယ်။ လူဆိုးများ ကြိုတင်ညှိနှိုင်းထားသည့်အတိုင်း သိန်း ၁၅၀ဖိုးခန့်ကို ဂွတို (ခ) ညိုကြီးကို ဝေစုခွဲပေးလို့ ရယူသွားပြီး ထွက်ပြေးတိမ်းရှောင်သွားခဲ့ပါတယ်။

တစ်လခန့်ကြာတဲ့အခါ ရဲတပ်ဖွဲ့အချင်းချင်း ဆက်သွယ်စုံစမ်းခဲ့မှုနဲ့ ဂွတို (ခ) ညိုကြီးဟာ ရန်ကုန်မြို့နှင့် မိုင် ၂၅၀ ခန့်ဝေးကွာသည့် မြို့ငယ်တစ်မြို့တွင် သွားရောက်ပုန်းအောင်း တိမ်းရှောင်နေကြောင်း သတင်းအတိအကျ ရရှိခဲ့ပါတယ်။ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှ ဒုရဲမှူးတစ်ဦး ဦးဆောင်သည့် အဖွဲ့တစ်ဖွဲ့ကို အမြန်စီစဉ်၍ စေလွှတ်လိုက်ပြီး နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကာ တိမ်းရှောင်နေသူ ဂွတို (ခ) ညိုကြီးအား ဖမ်းဆီးခဲ့ဖို့နဲ့ လုယက်သွားသော ပစ္စည်းများအားလုံးကို သိမ်းဆည်းရန် စေလွှတ်လိုက်ပါတယ်။

နောက်တစ်နေ့တွင် တာဝန်ပေးအပ်လိုက်သော ဒုရဲမှူးက စာရေးသူထံ ဖုန်းဆက်၍ သတင်းပို့သည်မှာ ဂွတို (ခ) ညိုကြီးကို တွေ့ထားပြီဖြစ်ကြောင်း၊ ယခု ဖုန်းဆက်ချိန်တွင် ဂွတို (ခ) ညိုကြီးမှာ အမျိုးသမီးတစ်ဦးနှင့် မင်္ဂလာဆောင်ညစာခံပွဲ ကျင်းပနေကြောင်း၊ မင်္ဂလာပွဲလာရောက်သူများနှင့် စည်ကားနေချိန်ဖြစ်၍ ဂွတို (ခ) ညိုကြီးအနီးတွင် အရပ်ဝတ်နှင့် ရဲအရာရှိ (၂)ဦး တာဝန်ပေးထားပြီး ညစာသည်ရှင်းချိန်တွင် တစ်ခါတည်း ဖမ်းဆီး၍ စစ်ဆေးရန် စီစဉ်ထားကြောင်း၊ ရပ်ကွက်လူကြီးများကလည်း လူရှင်းချိန်ထိ စောင့်ပေးရန် မေတ္တာရပ်ခံထားကြောင်း သတင်းပို့ပါသည်။

စာရေးသူက **ရဲနှင့်လူဆိုး** တွေ့ရှိပြီးမှ ထွက်ပြေးလွတ်မြောက်သွားလျှင် ရဲတပ်ဖွဲ့များအား**လုံးတာဝန်ရှိ၍** အရေးယူခံရမည်ဖြစ်ကြောင်း၊ ထွက်ပြေးမည်ထင်ရလျှင် **မင်္ဂလာ**ဆောင်သို့ လာရောက်သူများကို ရပ်ကွက်လူကြီးမှတစ်ဆင့် မေတ္တာရပ်ခံ ရှင်းပြပြီး ဝွတို (ခ) ညိုကြီးကို လုယက်မှုဖြင့် အလိုရှိသူဖြစ်ကြောင်း ပြောပြ၍ တစ်ခါတည်း ဖမ်းဆီးရန် ညွှန်ကြားလိုက်ပါသည်။

**သွား**ရောက်ဖမ်းဆီးသောအဖွဲ့သည် ဝွတို (ခ) ညိုကြီး၏ **လုပ်ရှားမှု** **အပြုအမူ**များသည် မသင်္ကာစရာဖြစ်လာပြီး ထွက်ပြေးမည့်သူဟု ယူဆထားသဖြင့် ရပ်ကွက်လူကြီးများကို အခမ်းအနားတက်ရောက်သူများအား ရှင်းပြစေသည်။ လူစဲသွားမှ တစ်ခါတည်းဖမ်းဆီးခဲ့ကြောင်း၊ သတို့သမီးဘက်မှ အချိန်မီ လူဆိုးမှန်းသိရသဖြင့် ကျေးဇူးတင်ကြောင်း ပြောခဲ့သော်လည်း အရှက်တကွဲဖြစ်ခဲ့ရကြောင်း ရဲအရာရှိများကို ပြောပြ၍ သိရပါတယ်။

ဝွတို (ခ) ညိုကြီးထံမှ လုယူထားသော ပစ္စည်းများ ပြန်လည်သိမ်းယူနိုင်ပါသည်။

သွားရောက်ဖမ်းဆီးရာတွင် ကြီးကြပ်ခဲ့သည့် ဒုရဲမှူးက ရန်ကုန်ပြန်ရောက်ခဲ့ရာတွင် စာရေးသူအား ရယ်ရယ်မောမောနှင့် သတင်းပို့ရာတွင် ''ဆရာရေ'' မင်္ဂလာဆောင်အခမ်းအနား လူစည်ကားနေတဲ့အချိန် ကျွန်တော်တို့ ရောက်သွားတယ်။ ကျွန်တော်တို့က ဝွတို (ခ) ညိုကြီးအနားကို ကွာခြေမပျက် အရပ်ဝတ်တွေနဲ့ ဝိုင်းထားလိုက်တယ်။ နယ်မြေခံရဲက ရပ်ကွက်လူကြီးတွေကို တိုးတိုးတိတ်တိတ် သွားရှင်းပြလိုက်တယ်။ ဝွတို (ခ) ညိုကြီးက ကျွန်တော်အနားကပ်လာပြီး **''ဆရာတို့ရယ် ကျွန်တော့်ကို အခုမဖမ်းပါနဲ့၊ ဒီညမင်္ဂလာဦးညလေး ဆင်နွှဲပြီးမှ မနက်ဖြန်မနက်မှ ဖမ်းပါဆရာရယ်၊ ဒီမင်္ဂလာပွဲမှာ**

ကျွန်တော် သိန်း (၂၀)လောက် ကုန်ခဲ့ပါပြီ'' ဟု ပြောခဲ့ကြောင်း၊ သူ့အမှုအရာ၊ သူ့အခြေအနေဟာ ထွက်ပြေးနိုင်တဲ့အနေအထားမှာ ရှိကြောင်း၊ ရပ်ကွက်လူကြီးတွေမှတစ်ဆင့် အခမ်းအနားလူကြီးတွေကို ရှင်းပြပြီး တစ်ခါတည်း ဖမ်းဆီးခဲ့ကြောင်း ပြောကြားခဲ့ပါတယ်။ အမျိုးသမီးဘက်ကတော့ ရဲကအလိုရှိနေတဲ့ လူဆိုးဖြစ်တာရယ်။ ရန်ကုန်မှာ မိန်းမနဲ့ ကလေး (၂)ယောက်ရှိနေတာ ရှင်းပြကြတော့ အမျိုးသမီးငယ် ရေတိမ်နစ်ဖို့ဆဲဆဲ လက်မတင်လေး ကယ်တင်နိုင်ခဲ့တာ သိသွားပြီး ကျေးဇူးတင်ကြတယ်။ ရပ်ကွက်က လူတွေကတော့ လူလိမ်မှန်းသိလို့ ဒေါသဖြစ်ကြတယ်။

အဲဒါ ရဲနဲ့ ရပ်ကွက်လူကြီးတွေက ဝိုင်းပြီး နှစ်သိမ့်ထိန်းသိမ်းကြရတယ်။

စာရေးသူတို့ ရဲတပ်ဖွဲ့ဝင်များ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရာတွင် အဆိုပါ လူမှုရေးကိစ္စများနှင့် ရင်ဆိုင်ဖြေရှင်းခဲ့ရသည့်ကိစ္စများလည်း မကြာခဏ တွေ့ရှိရပါတယ်။

ပြစ်မှုကျူးလွန်သူတွေဟာ သူ့ရပ်သူ့ရွာမှာ ကယ်တင်ရှင်ကြီး၊ သူဌေးကြီး၊ အလှူ့ဒါယကာကြီး၊ လူတော်လူကောင်းကြီးလို့ မျက်နှာဖုံးစွပ်ထားတတ်ပါတယ်။ ဒါကို ရဲက အသေအချာပဲ ရပ်ကွက်ကျေးရွာလူကြီးများအကူအညီနဲ့ ရှင်းပြခဲ့ရတာ တွေ့ရှိခဲ့ပါတယ်။

ရဲတပ်ဖွဲ့ဝင်များအနေနဲ့ကတော့ အဲဒီလို လူမှုရေးကိစ္စတွေ ရောထွေးလာတဲ့ မှုခင်းတွေမှာတော့ ဥပဒေစည်းကမ်းနဲ့ယှဉ်လာရင် ဥပဒေဘက်တော်သားပီပီ ဥပဒေအတိုင်း အရေးယူခဲ့ကြရပါတယ်။

ဂွတို (ခ) ညီကြီးကတော့ မသိနားမလည်တဲ့ ရိုးသားတဲ့ မိဘများနှင့် အမျိုးသမီးငယ်ကို လှည့်စားပြီး သိန်း (၂၀)လောက် ကုန်တဲ့ မင်္ဂလာပွဲ ကျင်းပခဲ့ပါတယ်။ ဒါကို ရဲက အချိန်မီ တားဆီးနိုင်

ခဲ့လို့ စာရေးသူတို့ ရဲတပ်ဖွဲ့ဝင်များဘက်ကတော့ ဝမ်းသာအားရ ဖြစ်မိခဲ့ရပါတယ်။

စာဖတ်သူများ နားလည်နိုင်ကြပါစေဟု

❋ ❋ ❋ ❋ ❋

[ ၁၉ ]

# ဘိုးတော်ဆိုတိုင်းမယုံသင့်ပါ

ဆယ်ရာစု(၂)စု၏ ဟိုဘက်ဆီကဖြစ်ပါတယ်။ စာရေးသူ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့စဉ် "ဘိုးတော်" အတုအယောင်များကို သက်သေအထောက်အထားများ ရှာဖွေဖော်ထုတ်ပြီး တရားစွဲတင်ပို့နေစဉ်ကာလက ဖြစ်ပါတယ်။ ထိုစဉ်က ရန်ကုန်တိုင်းအပါအဝင် နယ်မှ ဘိုးတော်အမည်ခံ လူလိမ်အချို့ ဥပဒေအရ အပြစ်ပေးခံနေရချိန် ဖြစ်ပါတယ်။

ထိုကာလကလည်း ဘိုးတော်အမည်ခံ လူလိမ်လူညာများ ခေတ်စားခဲ့ကြပါတယ်။ ရှေ့ဖြစ်နောက်ဖြစ်ကို ဟောရာ၌ လက်ကို မြှောက်လိုက်လျှင် လက်ထဲမှာ အဆောင်ပစ္စည်း စီးကရက်၊ ရုပ်ပွားတော်၊ အင်းကွက်၊ ဓာတ်စာ စသည် စသည်တို့ကို ထွက်ပေါ်လာစေသည့် လက်လှည့်ပညာများကိုလည်း သုံးစွဲလာကြပါတယ်။

အတတ်ဟောပညာကို အနည်းငယ် တတ်ရှံသင်ပြီး လက်လှည့်၊ မျက်လှည့်တွေ ပူးတွဲသုံးလိုက်တော့ ပြဿနာဖြစ်နေသူ၊ ချို့တဲ့နေသူ၊ စိတ်ဆင်းရဲနေသူ၊ အားငယ်နေသူ၊ ကြီးပွားချင်သူတွေ တကယ်ယုံပြီး ဘိုးတော်အတုအယောင်တွေဆီ အလုအယက်သွားကာ အားကိုးတကြီး ဖြစ်လာကြပါတယ်။ အဲဒီနေရာမှာ အမျိုးသမီးတွေက ပိုများလာတာပေါ့။ အတုအယောင်တွေက အဲဒီအားနည်းချက်ကိုယူပြီး ငွေ၊ ပစ္စည်း၊ အဲဒီကနေ အချို့ဘိုးတော်အတုတွေက လူမှုရေး ဖောက်ပြန်တဲ့အထိ လုပ်လာကြတယ်။ အဲဒီအမှုတွေထဲက တစ်ခုကို တင်ပြရရင်တော့ . . .

စာရေးသူ၏ အထက်အရာရှိကြီးတစ်ဦးက သူ့ရုံးခန်းကို အခေါ် လာခဲ့ပါဆိုလို့ အနော်ရထာလမ်းနှင့် ၄၇–လမ်းမှာရှိတဲ့ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ရုံးကနေ သိမ်ဖြူလမ်းမှာရှိတဲ့ ဝန်ကြီးများရုံးက ရဲဌာနချုပ်ရုံးကို ချက်ချင်းပဲ သွားခဲ့ပါတယ်။

အရာရှိကြီးရုံးခန်းရောက်တော့ စာရေးသူကို တိုင်စာတစ်စောင် ထုတ်ပေးရင်း . . .

ရော့ ဒီမှာ တိုင်စာတစ်စောင် အထက်က ပို့လိုက်တယ် "ဘိုးတော်လိမ် မောင်ချစ်" တဲ့ တာမွေဘက်မှာ ရှိတယ်။ မင်း လက်အောက်ကအဖွဲ့နဲ့ သေချာစစ်ဆေးပြီး အမှန်ကို ဖော်ထုတ်ပါ။ အခြေအနေကို ပြန်ပြီးတင်ပြပါ။

ဟုတ်ကဲ့ . . .။

စာရေးသူ ပြန်လာခဲ့ပါတယ်။ ရုံးခန်းရောက်တော့ တိုင်စာကို ဖတ်ကြည့်မိပါတယ်။ တိုင်ထားသူက အမျိုးသားတစ်ယောက်ပါ။ သူ့ဇနီးဟာ ဘိုးတော်လိမ် မောင်ချစ်ကို သွားမေးရင်း မောင်ချစ်၏ လှည့်ဖြားမှုခံရကြောင်း၊ သူ့ဇနီးအပြင် အခြားအမျိုးသမီးများကိုလည်း

လိမ်လည်လှည့်ဖြား အယုံသွင်းနေကြောင်း။ မကြာခင် လူမှုရေးဖျက်ဆီးခံရမည့် စိုးရိမ်၍ တိုင်ကြားပါကြောင်း ဖော်ပြထားပါတယ်။

မောင်ချစ်ဆိုသူအကြောင်း စာရေးသူ သတင်းရထားပြီးဖြစ်ပါတယ်။ သူ့ကိုလည်း အနီးကပ် လေ့လာစုံစမ်းနေသောအဖွဲ့ရှိနေပါတယ်။ သူတို့နဲ့ ဆက်သွယ်ပြီး စာရေးသူကိုယ်တိုင် တွေ့ဆုံမေးမြန်းချင်တာနဲ့ လျှို့ဝှက်စွာ အပူသည်တစ်ဦးဟန်ဆောင်ပြီး သွားမေးခဲ့ပါတယ်။ တိုင်စာတိုင်ကြားသူကို အဖွဲ့တစ်ဖွဲ့စေလွှတ်ပြီး စစ်ဆေးဖို့တာဝန်ပေးခဲ့ပါတယ်။

စာရေးသူ ရောက်သွားချိန်မှာ လူပါးသော နေ့ခင်း ထမင်းစားချိန်ဖြစ်ပါတယ်။ နေ့ခင်းတစ်နာရီခန့်ဆိုတော့ မောင်ချစ် ထမင်းစားပြီးပက်လက်ကုလားထိုင်မှာ ထိုင်ကာ အချိုပွဲစားနေချိန် ဖြစ်ပါတယ်။

စာရေးသူနဲ့ တပည့်တစ်ဦး သူ့ထံ ရိုရိုသေသေပုံစံပြပြီး ဝင်သွားပါတယ်။ မောင်ချစ်က စာရေးသူကို လှမ်းကြည့်ရင်း . . .

ညီတော်မောင် လာ ရှေ့တိုးလာခဲ့။ ဒီဆက်တီကုလားထိုင်မှာထိုင်ကြပါ။

စာရေးသူနှင့် တပည့်တို့ ဆက်တီကုလားထိုင်တွင် ဝင်ထိုင်ကြတယ်။ မောင်ချစ်က ပက်လက်ကုလားထိုင်မှထပြီး စာရေးသူတို့နှင့်မျက်နှာချင်းဆိုင် ထိုင်ခုံသို့ ရွှေ့ထိုင်လာပါတယ်။

သိရှိထားသော မေးမြန်းသူတို့ဂုံးစံအတိုင်း စာရေးသူကစာအိတ်နှင့်ထည့်လာသော ငွေကျပ် ၅၀၀ ကို မောင်ချစ်ရှေ့ရှိ စားပွဲပေါ်သို့ တင်ပေးလိုက်ပါတယ်။ မောင်ချစ်က စာအိတ်ကို လက်နဲ့ဖိရုံဖိလိုက်ပါတယ်။

ကဲ ညီတော်မောင်ရဲ့ မွေးသက္ကရာဇ်၊ နာမည်ပြော . . .

စာရေးသူက တလွဲတွေကို ပြောပြလိုက်ပါတယ်။

မောင်ချစ်က စာရွက်ပေါ်ရေးပြီး တွက်ချက်ပါတယ်။

ပြီးတော့ ညီတော်မောင် အဓိက ဘာမေးချင်ပါသလဲ။

ကျွန်တော် စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ချင်ပါတယ်။ အဲဒါ ဘိုးတော် အောင်မြင်အောင် ဆောင်ရွက်ပေးပါ။

အင်း ညီတော်မောင် အညွှံ့ထဲရောက်နေတယ်။ ပြီးတော့ ညီတော်မောင်က သိုက်ကလာတာဆိုတော့ အသက်အန္တရာယ်ထိ ရှိနိုင်တယ်။ ဒါပေမယ့် ကျုပ် အကောင်းဆုံးယတြာတွေ လုပ်ပေးရမှာပေါ့။ ဒါပေမယ့် ဒီနှစ်ကုန်ရင်တော့ အညွှံ့လွတ်ပြီ၊ ဒီအတွက် ယတြာအပြင် အဆောင်ပါ ပေးလိုက်မယ်။ အဲဒါဆောင်ရင် မင်းလုပ်ချင်တဲ့ အလုပ်တွေ အောင်မြင်လိမ့်မယ်။

ရော့ ဒီရေနွေးကြမ်းထည့်ထားတဲ့ ပန်းကန်ကို မင်းကိုင်ထား မျက်စိမှိတ်ပြီး ဘုရားဆုတောင်း၊ မင်းရဲ့သိုက်က အစောင့်တွေနဲ့ တိုင်ပင်ပြီး အဆောင်ပေးမယ် . . .။ မျက်စိမှိတ်ထားတော့ . . .

စာရေးသူက သူပေးလာသော ရေနွေးကြမ်းပန်းကန်ကိုယူပြီး လက်နှစ်ဖက်နှင့် ကိုင်ပါတယ်။ မျက်စိမှိတ်ခါနီး တပည့်ကို လှမ်းကြည့်လိုက်တယ်။ တပည့်က သဘောပေါက်ကြောင်း ခေါင်းညိတ်ပြပါတယ်။ ဆရာတပည့် အတိုင်အဖောက်လုပ်ထားသည်မှာ သူဘာကိုလိမ်သလဲ ဆိုတာ စောင့်ကြည့်ရန် ဖြစ်ပါတယ်။

ကဲ ညီတော်မောင် မျက်စိမှိတ် ဘုရားအာရုံပြု။

စာရေးသူ မျက်စိမှိတ်လိုက်ပါတယ်။ တအောင့်အကြာ လောက်တွင် . . .

ကဲ မျက်စိဖွင့်ပြီး ပန်းကန်ထဲကြည့်လိုက်ပါ။ ရေနွေးပန်းကန် ထဲတွင် သေးငယ်လှသော ရှင်သီဝလိရုပ်ပွားတော် အဖြူရောင်လေး တစ်ဆူ ရောက်နေပါတယ်။

စာရေးသူက တပည့်ကို လှမ်းကြည့်ရာ ခေါင်းခါပြပါသည်။ မမြင်တွေ့လိုက်ကြောင်း ပြောပြခြင်းပင်၊ ဘူသိလိုက်ပုံမပေါ်ပါ။

ကဲ ညီတော်မောင်ရဲ့ သိုက်ဆက်တွေကိုလည်း တိုင်တည်ပြီးပြီ စောင့်ရှောက်ကြလိမ့်မယ်။ အကြံအစည်အတိုင်း ဆက်လုပ်ပေတော့ ဂါထာကလည်း ယတြာအတွက် အိမ်မှာ သာသနာပွဲတင်ပေးမယ်။ အဲ သာသနာပွဲအတွက်ကတော့ ငွေကျပ် ၁၅၀၀ ကုန်မယ်။ အခု ပါရင်လည်း ပေးခဲ့၊ မပါရင်လည်း ညနေလာပို့ပေါ့။

ဟုတ်ကဲ့ ညနေလာပို့ပါမယ်။ စာရေးသူတို့ ပြောဆိုနေချိန် မှာပင် အသက် (၃၀)ခန့် အမျိုးသမီးတစ်ဦး ဝင်လာပါသည်။

ဩော် . . . ကြည့်ပေနွယ် သမီးရောက်လာပြီကိုး . . .

ဟုတ်ကဲ့အဘ အဘစားဖို့ ကြက်သားပလာတာလည်း ဝယ်လာတယ် . . .။

ညက အဘပြောတာ လုပ်ဖြစ်ရဲ့လား သမီး . . .

ဟုတ်ကဲ့ လုပ်ပါတယ်အဘ . . .

အေး ထူးခြားလာမယ်သမီး၊ သမီးကလည်း သိုက်ဆက် ထဲကပဲ . . .

စာရေးသူ မထသေးဘဲ နားထောင်နေမိပါတယ်၊ နောက်ထပ် အမျိုးသမီးငယ် (၂)ဦး ထပ်ရောက်လာပါတယ်။

ကဲ ညီတော်မောင်တို့ ပြန်ပြီး လုပ်စရာရှိတာ လုပ်ကြတော့။

စာရေးသူ ဆက်မနေတော့ဘဲ နှုတ်ဆက်ပြီး ပြန်ခဲ့ပါတယ်။ ကားပေါ်ရောက်တော့ တပည့်ဖြစ်သူကို ရှင်သီဝလိရုပ်ပွားတော် ဘယ်လို ပန်းကန်ထဲ ထည့်လိုက်တာလဲဟု မေးကြည့်ရာ သူသေချာအာရုံစိုက် ကြည့်နေသော်လည်း မမြင်မိကြောင်း ပြောပါတယ်။ လိမ်တာတော့ လိမ်ခြင်းပင်၊ ပိရိသေသပ်စွာ လိမ်ခြင်းဟု စာရေးသူ မှတ်ချက်ချမိ ပါတယ်။

စာရေးသူ ရုံးခန်းရောက်တော့ တိုင်စာပို့တဲ့သူကို သွားစစ်တဲ့ အဖွဲ့ ပြန်ရောက်နေပါပြီ။ တိုင်ကြားသူထံမှ အချက်အလက် အခိုင်အမာ ရခဲ့ပါတယ်။ ဒါနဲ့ ည (၇)နာရီလောက်မှာ "ဘိုးတော်လိမ် မောင်ချစ်"ကို သွားခေါ်ပြီး ရရှိတဲ့ အချက်အလက် အခိုင်အမာနဲ့ စစ်ဆေးခဲ့ရပါတယ်။

မောင်ချစ်ကို အချက်အလက်အခိုင်အမာတွေ စစ်ဆေးရရှိ ထားကြောင်း ပြောတော့ မောင်ချစ်က ဘူးကွယ်မနေတော့ဘဲ အမှန် အတိုင်း ဝန်ခံပါတယ်။ အဲဒီအချိန်က မောင်ချစ်ပြောဆိုခဲ့တဲ့ အချက် အချို့ကို တင်ပြရမယ်ဆိုရင်တော့ . . .

ကျွန်တော် ဗေဒင်ပညာကို (၂)နှစ်သင်ခဲ့ပါတယ်။ လူတွေ ပိုပြီး ယုံကြည်လာအောင် ဗေဒင်ပညာနဲ့ရောပြီး လက်လှည့် မျက်လှည့် ပညာကို သင်ဖို့လိုတယ်ထင်လို့ လက်လှည့် မျက်လှည့်ပညာကိုတော့ (၃)နှစ် လေ့ကျင့်ခဲ့ပါတယ်။

ကျွန်တော့်လက်ထဲက အဆောင်တွေ ထွက်လာအောင် လုပ်တာကတော့ ကျွန်တော်က တိုက်ပုံခပ်ပွပွချုပ်ပြီး ဝတ်ပါတယ်။ တိုက်ပုံတံတောင်ဆစ်တွေရဲ့အောက်မှာ စီးကရက်ဘူးကို လက်မောင်းက ညှပ်ထားပါတယ်။ လိုချင်တဲ့အခါ ထွက်လာအောင် လက်ကို ဇော့ယမ်း လိုက်ရင် တံတောင်ဆစ်နားက စီးကရက်ဘူးက အလိုလို ထွက်ကြ လာတော့ လုမ်းဖမ်းလိုက်ပါတယ်။ မြင်တွေ့ရသူက အံ့ဩသွားစေခဲ့ ပါတယ်။

ရှင်သီဝလိ ဆင်စွယ်ရုပ်တုငယ်လေးတွေနဲ့ ကျောက်အနီအပြာရောင်စုံ အသေးဆုံးလေးကို ရွှေတိဂုံဘုရားဈေးနဲ့ ရွှေဘုံသာလမ်းက ဝယ်ပါတယ်။ ကျွန်တော့်လက်ဆယ်ချောင်းကိုကြည့်ပါ လက်သည်းအောက်ကအသားကို လက်သည်းနဲ့ကွာပြီး ဟောင်းလောင်းဖြစ်အောင် ပင်အပ်နဲ့ထိုးထိုးပြီး ပြုပြင်တော့ လက်သည်းတွေကိုညှိပြီး အောက်က အသားနဲ့ကပ်နေရာကကွာပြီး ဂလိုင်လိုဖြစ်နေတယ်။ အဲဒီကွာဟနေတဲ့ လက်ဆယ်ချောင်းရဲ့ ဂလိုင်ထဲမှာ ရှင်သီဝလိရုပ်နဲ့ ရောင်စုံကျောက်ကလေးတွေ တစ်ခုစီထည့်ထားပြီး လာမေးတဲ့သူတွေယုံအောင် လက်ကို ဖွေ့ရမ်းလိုက်ပြီး လေ့ကျင့်ထားတဲ့အတိုင်း ထုတ်ယူလိုက်ပါတယ်။ ပြီးတော့ အဆောင်အဖြစ်ပေးပါတယ်။ ကြည့်နေသူတွေက တကယ်ပဲ အစောင့်တွေက ပေးလိုက်လို့ရောက်လာတယ်ဆိုပြီး ထင်ကြ အံ့ဩကြ တာတွေ့ရပါတယ်။

အချို့ကိုတော့ ရေနွေးကြမ်းပန်းကန်ကိုင်ထားစေပြီး မျက်စိ မှိတ်ခိုင်း၊ ဘုရားအာရုံပြုခိုင်းထားပြီး ပေးမယ့်အဆောင်ပစ္စည်းကို လက်သည်းကြားကထုတ်၍ လက်ညှိုးပေါ်တင်ကာ လက်မနဲ့တောက်ပြီး ပန်းကန်ထဲကျအောင် လုပ်ပါတယ်။ အဲဒါလည်း (၃)နှစ်လောက် လေ့ကျင့်ခဲ့ရပါတယ်။

စာရေးသူနဲ့အဖွဲ့က လက်တွေ့လုပ်ခိုင်းကြည့်ပါတယ်၊ ပန်းကန် အတွင်းသို့ ကျအောင်လုပ်ပြနိုင်ပါတယ်။ သေးငယ်သော ပစ္စည်းဖြစ်လို့ ပေါင်ကြားတွင် ဖိုက်ထားသောလက်မှ တောက်လိုက်ခြင်းဖြစ် သောကြောင့် သတိမထားမိကြပါ။

သိုက်ဆက်၊ လူဝင်စား၊ အညံ့တွေများနေပါတယ်၊ အချို့ကို အသက်အန္တရာယ်ထိရှိနေတယ်ဟု ပြောခြင်းမှာလည်း လာမေးသူ၏ စိတ်ဓာတ်ကိုကျစေပြီး ယုံကြည်လာအောင် ပြောနေကျ သုံးနေကျ စကားများပင်ဖြစ်ကြောင်း သိရပါတယ်။

ယတြာအတွက် ပွဲထိုးရပါမယ်ဟုပြော၍ ငွေတောင်းခြင်းမှာ ထိုးထားသောပွဲကို လူတိုင်းပြ၍ ငွေလိမ်ယူခြင်းဖြစ်ကြောင်း ဝန်ခံပါတယ်။

လာမေးတဲ့သူများထဲမှ အမျိုးသမီးများမှာ အထူးသဖြင့် ယုံလွယ်ကြ၍ ယုံသည်ထက်ယုံအောင် မြှူဆွယ်ခဲ့ကြောင်းကိုလည်း ဝန်ခံခဲ့ပါတယ်။

မောင်ချစ်က နောက်ဆုံးပြောတဲ့ဝန်ခံချက်ကတော့ -

''ကျွန်တော် လူလိမ်ပါ'' ဝန်ခံပါတယ်။

''လူတွေကို ကျွန်တော်လိမ်တာ ကျွန်တော့်မှာ အပြစ်ရှိပါတယ်။ ဒါကို ကျွန်တော်မငြင်းလိုပါဘူး၊ လိမ်တဲ့ ကျွန်တော့်မှာတင် အပြစ်ရှိသလား၊ ကျွန်တော့်ဆီလာပြီး ကျွန်တော် လိမ်သမျှ အလိမ်ခံကြတဲ့ လူတွေမှာကော အပြစ်မရှိဘူးလားတဲ့''

ယုံသင့်မှ ယုံကြပါဟု စာရေးသူ အကြံပြုပါရစေ...။

❊ ❊ ❊ ❊ ❊

[ ၂၀ ]

# ယုံကြည်မှ စားသောက်ပါ

စာရေးသူသည် မှုခင်းသတင်း ဂျာနယ်တွင် ''တို့ဆေး ဆိုသည်မှာ တကယ်ရှိရဲ့လား'' ဆောင်းပါးဖြင့် ယုံသင့်မှယုံကြည်ရန် ကိုယ်တွေ့အခြေအနေများကို တင်ပြခဲ့သည်။

ယင်းဆောင်းပါး၌ အိပ်ဆေးခတ်ခြင်း၊ အိပ်မွေ့ချခြင်းစသည် တို့ကို စာရေးသူလေ့လာတွေ့ရှိထားချက်များကို စာဖတ်သူများ ဗဟုသုတဖြစ်စေရန် တင်ပြသွားမည်ဟု ရေးသား ဖော်ပြခဲ့သည့်အတိုင်း ယခု ဆက်လက်တင်ပြပါသည်။

''အိပ်ဆေးခပ်ခြင်း''မှာ စာရေးသူသည် ရန်ကုန်တိုင်းရဲတပ်ဖွဲ့၌ မှုခင်းကြီးများ ကြီးကြပ်ရသောတာဝန်ကို ဆောင်ရွက်ခဲ့ရစဉ်က အိပ်ဆေး ခတ်မှုများ မကြာခဏကြုံခဲ့ရပါသည်။ တစ်မှုမှာဖြစ်စဉ်မှာ –

ရန်ကုန်မြို့လယ်ရှိ မြို့နယ်တစ်မြို့နယ်တွင် မွန်ပြည်နယ်မှ အမျိုးသမီးတစ်ဦး လာရောက်၍ အသိအိမ်၌တည်းခိုစဉ် အိမ်ရှင်က ညအိပ်ကာနီး ကော်ဖီထဲတွင် အိပ်ဆေးထည့်ခပ်ပြီး တိုက်ခဲ့ပါသည်။

ညပိုင်းတွင် အမျိုးသမီး အိပ်မောကျနေချိန်တွင် ''ဘာလက်ကာယ'' ပြုကျင့်ခဲ့ရာ မိုးလင်းသော်လည်း အမျိုးသမီးအိပ်ရာမှ မနိုးဘဲဖြစ်နေရာမှ အသိဖြစ်သူများက အိမ်ကိုလာခေါ်မှ မနည်းနှိုးယူရပါသည်။ သူ့ခန္ဓာကိုယ်အခြေအနေပျက်နေ၍ ''ဘာလက်ကာယ''ပြုကျင့်ခံရကြောင်း သိရသဖြင့် အရှက်ကြီးရှက်ပြီး ရဲစခန်းသို့ တိုင်ကြားခဲ့ပါသည်။ ရဲစခန်းမှ မှူခင်းဆရာဝန်ကြီးထံပို့ပြီး စစ်ဆေးခဲ့ရာ အများသိသော ''ဘာမီတွန်'' ဆေး(၅)လုံးကို ကော်ဖီထဲထည့်၍တိုက်ခဲ့ပြီး မတရားပြုကျင့်ခဲ့ကြောင်း ပေါ်လွင်ခဲ့၍ ပြစ်မှုကျူးလွန်သူကို တရားစွဲဆိုခဲ့ရာ ထောင်ကျသွားခဲ့ပါသည်။ ကျန်လူများသည်လည်း လူကိုသေစေရန် အကြံအစည် မရှိသော်လည်း ပစ္စည်းယူရန်၊ လူကိုမတရားကျင့်ရန် အိပ်ဆေးခတ်တတ်ကြောင်း တွေ့ရှိရပါသည်။

စာရေးသူ ရထားတပ်ဖွဲ့တွင် တပ်ဖွဲ့မှူးအဖြစ်ဆောင်ရွက်စဉ်က ရန်ကုန်–မန္တလေးရထားများပေါ်တွင် ခရီးသည်ချင်း အိပ်ဆေးတိုက်ပြီး ပစ္စည်းများခိုးယူထွက်ပြေးခြင်း မကြာခဏခံရကြောင်း တွေ့ရှိခဲ့ရပါသည်။

ရထားပေါ်တွင် အိပ်ဆေးတိုက်ခံရသောအမှုတစ်မှုမှာ ရထားတွဲပေါ်တွင် ဝယ်ယူထားသော ခုံနံပါတ်အတိုင်း ထိုင်ကြရာတွင် ထိုင်ခုံ၌တစ်ခါမှ မသိကျွမ်းသူများ တွေ့ဆုံတတ်ကြပါသည်။ ဖော်ရွေမှု၊ မိတ်ဖွဲ့မှုကျွမ်းသော ပြစ်မှုကျူးလွန်ရန် ကြံစည်သူသည် ၎င်း၏ဘေးမှ ခရီးသည်နှင့် မျက်နှာချင်းဆိုင်မှ ခရီးသည်နှစ်ဦးတို့ကို မိတ်ဖွဲ့ မိတ်ဆက်ပြီး ရင်းနှီးမှုကို ရယူပါသည်။ ရထားသည် ရန်ကုန်မှ ညနေပိုင်း ထွက်သောရထားများဖြစ်၍ ည ၉ နာရီ ၁၀ နာရီ နောက်ပိုင်းတွင် ရထားပေါ်၌ အိပ်ငိုက်သူငိုက်၊ အနားယူရန် မှေးအိပ်နေသူများဖြင့် တိတ်ဆိတ်နေစဉ် အကြံသမားသည် အစားအသောက်ထည့်လာသော ခြင်းတောင်းထဲမှ စားချင်စဖွယ်လုပ်လာသော လက်ဖက်အုပ်၊ ဓာတ်ဘူးနှင့် ထည့်လာသော လက်ဖက်ရည်များကို ထုတ်ယူပြီး

မျက်နှာချင်းဆိုင်ခရီးသည်နှင့် ငှင်းဘေးမှ ခရီးသည်ကို ရက်ရက်ရောရော အပြောကောင်းကောင်းနှင့် လက်ဖက်အုပ်ကို အလှည့်ကျထိုးပေးသည်။ လက်ဖက်ရည်ပူပူလေးကို ခွက်ငယ်များနှင့်ထည့်ပြီး သောက်ရန် အတင်း ထိုးပေးသည်။

ခရီးသည်များသည် ပုဇွန်ခြောက် အကောင်ကြီးများနှင့် စားချင်စဖွယ် လက်ဖက်ကို အလွတ်မခံ၊ ယူစားကြသည်။ အငွေ့ တထောင်းထောင်းနှင့် လက်ဖက်ခြောက်နံ့သင်းနေသော လက်ဖက် ရည်ကို လက်လွတ်မခံ သောက်ကြသည်။ ကျွေးမွေးညှဉ်ခံသူကို ကျေးဇူး တင်ကြောင်း အထပ်ထပ်ပြောရင်း ရင်းနှီးသွားကြသည်။

ည ၁၂ နာရီ ၁ နာရီလောက်ရောက်ချိန်တွင် လက်ဖက်နှင့် လက်ဖက်ရည်သောက်မိသူများ အားလုံးအိပ်မောကျသွားကြသည်။ ပတ်ဝန်းကျင်ထိုင်ခုံများမှ ခရီးသည်များလည်း ထိုင်ခုံပေါ်တွင် အိပ်မော ကျသူကျ၊ ငိုက်မြည်းသူမြည်း ဖြစ်နေကြသည်။ အကြံသမားသည် ငှင်းဘေးမှ ''ဟောက်''၍အိပ်နေသူလက်မှ လက်ပတ်နာရီ၊ ရွှေလက်ပတ်ကြိုးကိုဖြုတ်သည်။ မျက်နှာချင်းဆိုင်ရှိ ခရီးသည်နှစ်ဦးထံမှ ငွေနှင့် အဖိုးတန်ပစ္စည်းထည့်ထားသောအိတ်ငယ်များကိုယူပြီး ရထားချင်း ဆုံ၍ ခေတ္တရပ်သောဘူတာတွင် ဆင်းသွားခဲ့သည်။ မိုးလင်းကာနီး တစ်ရေးအရင်နိုးလာသူက သူ့ပစ္စည်းများပါသွားကြောင်းသိမှ အခြား ခရီးသည်များလည်း အိပ်ချင်မူးတူးနိုးလာကြရာမှ လက်ပတ်နာရီ၊ လက်ပတ်ကြိုး၊ ငွေနှင့် ပစ္စည်းများပါသွားကြောင်းသိကြရသည်။ စားကောင်းသည့်လက်ဖက်နှင့် သောက်ကောင်းသည့် လက်ဖက်ရည် များတွင် အိပ်ဆေးထည့်ထားကြောင်း နောက်ပိုင်းမှသိရပြီး အရှက်ရ ကြသည်။

အစားအသောက်တွင် အိပ်ဆေးခတ်၍ ''ဘလက်ကာယ'' ပြုမှု၊ အနိုင်အထက်ပြုမှု၊ ခိုးမှုများ အလွယ်တကူဖြစ်ပွားတတ်ပါသည်။

အိပ်ဆေးမျိုးစုံသည်လည်း အလွယ်တကူရရှိနိုင်၍ ဖော်ရွေတတ်သော၊ အားနာတတ်သောသူများ၏ အားနည်းချက်ကို အခွင့်ကောင်းယူ၍ အိမ်မှာနေရင်း၊ ခရီးသွားရင်း အစားအသောက်များကို အိပ်ဆေးခတ်၍ ပြစ်မှုကျူးလွန်ခဲ့ကြခြင်းဖြစ်ပါသည်။

ထို့ကြောင့် စာဖတ်သူများ သတိတရားလက်ကိုင်ထား၍ ..သိမကျွမ်း၊ စိတ်မချရသူ၊ မယုံကြည်ရသူက ကျွေးသော အစား ..သောက်များကို အလွယ်တကူမစားသုံးသင့်ကြောင်း သတိပေး ..လိုပါသည်။

အိပ်ဆေးခတ်၍ ပြစ်မှုကျူးလွန်ခြင်းသည် အကြံသမား ..တွက် အလွန်လွယ်စွာလုပ်နိုင်သော မှုခင်းတစ်ခုဖြစ်ပါသည်။

အသိတရား လက်ကိုင်ထား၍ ရှောင်ရှားနိုင်ကြပါစေဟု ..ရေးသူ အတွေ့အကြုံမှုခင်းများမှ အထက်ပါစာမူကို တင်ပြလိုက် ..ါသည်။

ခင်မောင်ထွန်း(လမ်းမတော်)

❊ ❊ ❊ ❊ ❊

[ ၂၀ ]

# ယုံသင့်မှယုံပါ
# စိတ်ညှို့ပညာအကြောင်း သိကောင်းစရာ

ယခင်အပတ်များက တို့ဆေးအကြောင်း၊ အိပ်ဆေးအကြောင်းများကို စာရေးသူက ကိုယ်တွေ့ဖြစ်ရပ်များနှင့်ယှဉ်ပြီး စာဖတ်သူများ သတိထားဆင်ခြင်ကြရန် ရေးသားတင်ပြခဲ့ပြီးဖြစ်ပါတယ်။

စိတ်ညှို့ပညာ၊ အိပ်မွေ့ချပညာကို စာရေးသူလေ့လာခဲ့ရခြင်းမှာ ရန်ကုန်မြို့တွင်း၌ တို့ဆေးကြောင့် မေ့သွားရပြီး ခိုင်းစေသမျှ ခံရကြောင်း၊ စိတ်ညှို့ပညာ၊ အိပ်မွေ့ချပညာအကြောင်းကို လက်လမ်းမီသမျှ မေးမြန်းစူးစမ်း ဖတ်ရှုလေ့လာခဲ့ရပါတယ်။

ယခုတစ်ပတ်မှာတော့ စိတ်ညှို့ပညာ သို့မဟုတ် အိပ်မွေ့ချပညာအကြောင်း လေ့လာတွေ့ရှိမှုများကို စာဖတ်သူများ ဗဟုသုတဖြစ်စေရန် ရေးသားတင်ပြလိုက်ပါတယ်။

စိတ်ညှို့ပညာ သို့မဟုတ် အိပ်မွေ့ချပညာကို အင်္ဂလိပ်လို (Hypnosis)ဟု ခေါ်ပါသည်။ ဤအခေါ်အဝေါ်ကို ဂရိဘာသာမှ

[ ၂၀ ]

# ယုံသင့်မှယုံပါ
# စိတ်ညှို့ပညာအကြောင်း သိကောင်းစရာ

ယခင်အပတ်များက တို့ဆေးအကြောင်း၊ အိပ်ဆေးအကြောင်းများကို စာရေးသူက ကိုယ်တွေ့ဖြစ်ရပ်များနှင့်ယှဉ်ပြီး စာဖတ်သူများသတိထားဆင်ခြင်ကြရန် ရေးသားတင်ပြခဲ့ပြီးဖြစ်ပါတယ်။

စိတ်ညှို့ပညာ၊ အိပ်မွေ့ချပညာကို စာရေးသူလေ့လာခဲ့ရခြင်းမှာ ရန်ကုန်မြို့တွင်း၌ တို့ဆေးကြောင့် မေ့သွားရပြီး ခိုးစေသမျှခံရကြောင်း၊ စိတ်ညှို့ပညာ၊ အိပ်မွေ့ချပညာအကြောင်းကို လက်လမ်းမီသမျှ မေးမြန်းစူးစမ်း ဖတ်ရှုလေ့လာခဲ့ရပါတယ်။

ယခုတစ်ပတ်မှာတော့ စိတ်ညှို့ပညာ သို့မဟုတ် အိပ်မွေ့ချပညာအကြောင်း လေ့လာတွေ့ရှိမှုများကို စာဖတ်သူများ ဗဟုသုတဖြစ်စေရန် ရေးသားတင်ပြလိုက်ပါတယ်။

စိတ်ညှို့ပညာ သို့မဟုတ် အိပ်မွေ့ချပညာကို အင်္ဂလိပ်လို (Hypnosis)ဟု ခေါ်ပါသည်။ ဤအခေါ်အဝေါ်ကို ဂရိဘာသာမှ

ဆင်းသက်လာပါတယ်။ ဂရိဘာသာ၏ အဓိပ္ပာယ်မှာ ''အိပ်ခြင်း'' ဟုဆိုပါတယ်။

စာရေးသူတို့ မြန်မာအများ အခေါ်အဝေါ်အသုံးအနှုန်းအရ ''စိတ်ညှို့ပညာ'' ''အိပ်မွေ့ချပညာ'' ဟု လူသိများလာခဲ့ကြောင်း သိရပါတယ်။

(Hypnosis) ပညာကို ၁၇ ရာစုနှစ်က ဘရိုဒ်ဆိုသူ ပညာရှင်က စတင်အသုံးပြု ခေါ်ဝေါ်ခဲ့ခြင်းဖြစ်ကြောင်း ဖတ်ရှုမှတ်သား ခဲ့ရပါတယ်။

အဲဒီ စိတ်ညှို့ပညာကို ဩစတြေးလျနိုင်ငံသား ဆရာဝန်ကြီး ''အင်ဟွန်မက်ဖာ'' (၁၇၃၃–၁၈၁၅) ကလည်း အသုံးပြုခဲ့ဖူးကြောင်း၊ ထိုစဉ်က ''မက်စမာဝါဒ'' ဟုလည်း ခေါ်ခဲ့ဖူးကြောင်း မှတ်သားရ ပါတယ်။

အင်္ဂလန်နိုင်ငံမှာလည်း အလားတူ စိတ်ညှို့ပညာနည်းကို ခေတ်စားလာကာ အသုံးပြုခဲ့ဖူးကြောင်း ဖော်ပြကြပါတယ်။ ထိုပညာကို ငယ်ရွယ်နုပျိုသော လူငယ်လူရွယ်များ၊ ဝေဒနာရှင်များကို များသော အားဖြင့် မျက်လုံးကို ပိတ်စေကာ စိတ်ညှို့သူက ဖြစ်စေချင်တာကို အကြိမ်ကြိမ် ရွတ်ပြပြီး စိတ်ညှို့ခံရသူက လိုက်လုပ်စေခဲ့ခြင်း ဖြစ်ပါတယ်။ စိတ်ညှို့သူက ''သင် ကလေးဘဝပြန်ရောက်ပြီ'' ဟု အမိန့်ပေးလိုက်လျှင် စိတ်ညှို့ခံရသူက လိုက်နာပြီး ကလေးငယ်ပမာ ပြုမူပြောဆိုလာတတ်ကြောင်း၊ စိတ်ညှို့ခံရသူသည် စေခိုင်းရာကို လိုက်လုပ်တတ်ကြောင်း ဆိုပါတယ်။

အချို့နိုင်ငံများတွင် စိတ်ညှို့ခံရသူများ အတိုင်အဖောက် ညီအောင် လုပ်ဇာတ်ခင်းပြီးမှ လူအများရှေ့တွင် စိတ်ညှို့ပြကြပါတယ်။ အဲဒါကို သတင်းစာကြီးများ၌ နာမည်ကျော်အောင် ဖော်ပြခဲ့လို့ စိတ်ညှို့

ပညာကို လူတိုင်း၊ နိုင်ငံတိုင်း စိတ်ပါဝင်စားလာကြတယ်လို့ ဆိုပါတယ်။ ဟိုစဉ်က လူသားအရင်းအမြစ်များဟာ ယနေ့ခေတ်အခါလောက် သိပ္ပံပညာ၊ အသိပညာများ ကျယ်ပြန့်စွာ မတိုးတက်စဉ်က ထိုစိတ်ညှို့ ပညာသည် အချိန်အခါ ခေတ်စားခဲ့သည်ဟု ဆိုပါတယ်။

ထိုစဉ်က အင်္ဂလန်နိုင်ငံမှာလည်း ခေတ်စားခဲ့ပါတယ်။ လူငယ်များ အများကြီး ထိုပညာကို လိုက်စားကြပြီး၊ ဒုစရိုက် မှုခင်းများကိုပါ ကျူးလွန်လာကြကြောင်း၊ တာဝန်ရှိသူများက လူငယ်များကို ယင်းပညာကို လိုက်စားခြင်းမပြုရန် တားမြစ်မိန့် ထုတ်ခဲ့ကြောင်း ကိုလည်း ဖတ်ရှုမှတ်သားရပါတယ်။

အင်္ဂလန်နိုင်ငံ ''ဘရစ်တီနီးယားလော့(ချ်)'' ကျန်းမာရေး ဌာနကို တည်ထောင်ခဲ့သည့် စိတ်ညှို့ပညာရှင်ဟု ကျော်ကြားသူ ''ဒေါက်တာနယ်လ်ဆင်တော့'' ကလည်း အိပ်မွေ့ချပညာနဲ့ ဆေးကုသ ခံသူ အမျိုးသမီးကို မတော်မတရား ပြုကျင့်ခဲ့ကြောင်း ဒေးလီး ''တယ်လီဂရပ်ဖ်'' သတင်းစာကြီးနှင့် ''ဒေးလီးမိုင်းရား'' သတင်းစာကြီး များက ဖွင့်ဖော်ထုတ်ချ ရေးသားခဲ့ကြောင်း သိရပါတယ်။

ထိုအချိန်လောက်က အမေရိကန်နိုင်ငံတွင်လည်း ''စိတ်ညှို့ ပညာ အသုံးချမှုကို စိတ်ဝင်စားနေချိန်ဖြစ်ရာ အင်္ဂလန်မှ သတင်းစာကြီး များ၏ ဖော်ထုတ်ချက်ကြောင့် စိတ်ဝင်စားမှု၊ ခေတ်စားမှုများ မှေးမှိန် ပျောက်ကွယ်သွားခဲ့ကြောင်း ဖတ်ရှုမှတ်သားရပါတယ်။

ဆေးပညာရှင်များ၊ စိတ်ပညာရှင်များက စိတ်ပညာ နယ်ပယ်တွင် လွန်စွာခက်ခဲနက်နဲသော ပညာများရှိခဲ့သလို လိမ်ညာ ဖြားယောင်းမှုများ ရှိခဲ့ကြောင်း မှတ်ချက်ပြုခဲ့ကြပါတယ်။

သူတို့ဆီက မည်သို့ပင်စေကာမူ ''စိတ်ညှို့ပညာ'' ''အိပ်မွေ့ချ ပညာ'' ဟု ခေါ်သော (Hypnosis) ပညာသည် မြန်မာနိုင်ငံတွင်

လွန်ခဲ့သော နှစ်ပေါင်းများစွာက ''ဆပ်ကပ်အဖွဲ့ဖြေဖျော်မှုအချို့တွင် ဖြေဖျော်မှုအချို့ ရှိခဲ့သည်မှအပ လူအများ လိုက်စားခြင်း၊ ခေတ်စားခြင်း မရှိခဲ့ပါ။

ယခုကာလအချိန်အခါတွင် လူသားများ၊ အသိပညာတိုးတက်လာခဲ့ပြီဖြစ်ပါတယ်။ သိပ္ပံပညာ၏ တိုးတက်မှုများလည်း မြင့်မားလာခဲ့ပြီဖြစ်ပါတယ်။ လူအများရဲ့ စိတ်ပညာပိုင်းဆိုင်ရာကိုလည်း တိုးတက်လာခဲ့ပြီဖြစ်ပါတယ်။ တိုးတက်လာခဲ့သော စိတ်ရောဂါအထူးကု ဆေးရုံကြီးများနှင့် တက္ကသိုလ်များ၌ စိတ်ပညာအထူးပြုဘာသာရပ်များ သင်ကြားနေပြီဖြစ်၍ စိတ်ပိုင်းဆိုင်ရာကို ယခင်ကလို အယုံသွင်း၍ သိမ်ညာ၍ ရနိုင်တော့မည်မထင်ပါ။

ထို့ကြောင့် ပြစ်မှုတစ်ခု ဖြစ်ပွားလျှင် တို့ဆေးကြောင့်၊ အိပ်ဆေးကြောင့်၊ စိတ်ညှို့ပညာကြောင့်ဟု ဆိုတိုင်း မယုံကြည်ကြဘဲ ဖြစ်ရပ်အမှန်များအပေါ် လေ့လာသုံးသပ် သင်ခန်းစာယူပြီး ယုံသင့်မှ ယုံကြပါဟု တင်ပြပါရစေ။

※ ※ ※ ※ ※

[ ၂၂ ]

# ဒေါသကြောင့်လား ကံတရားကြောင့်လား

လူ့အသိုင်းအဝိုင်းတွင် နေထိုင်ကြသော လူသားများသည် ''လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနနှင့် အရက်ကြောင့်၊ မူးယစ်ဆေးဝါးသုံးစွဲမှုများကြောင့် ဥပဒေကို ချိုးဖောက်ကာ ပြစ်မှုများ ကျူးလွန်ခဲ့ကြ၊ ကျူးလွန်နေဆဲဖြစ်ကြောင်း တွေ့ရပါတယ်။

စာရေးသူသည် ရဲတပ်ဖွဲ့ဝင်တစ်ဦးအနေနှင့် မှုခင်းများကို ကိုယ်တိုင် ကိုင်တွယ်စစ်ဆေးခဲ့ရသည့်အဆင့်မှ ကြီးကြပ်ကွပ်ကဲ လမ်းညွှန်ရသည့်အဆင့်အထိ အဆင့်ဆင့်သော တာဝန်ပိုင်းများကို ဆောင်ရွက်ခဲ့ရပါတယ်။ တပ်ဖွဲ့များ၊ ပြည်နယ်တိုင်းရဲတပ်ဖွဲ့ စသည့် နေရာများသို့လည်း ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရတာကြောင့် နေရာဒေသအလိုက် ဖြစ်ပွားလေ့ရှိသော မှုခင်းများ မတူညီကြသည်ကိုလည်း

တွေ့ရပါသည်။ သို့သော်လည်း မှုခင်းဖြစ်ပွားရခြင်း၏ အကြောင်းအရင်း ဇာစ်မြစ်ကို အဖြေရှာ သုံးသပ်ကြည့်ပါက အထက်ကဆိုသည့်အတိုင်း လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနနှင့် အရက်မူးခြင်း၊ မူးယစ်ဆေးဝါး သုံးစွဲခြင်းတို့ကြောင့် ဖြစ်ပွားရကြောင်း တွေ့ရမှာဖြစ်ပါတယ်။

စာရေးသူ ကြုံတွေ့ခဲ့ရသော မှုခင်းတစ်ရပ်မှာ ဒေါသကြောင့် ဆိုရမည်လား။ အရက်ကြောင့် ဆိုရမည်လား၊ ကံ ကံ၏အကျိုးပေး မကောင်းမှုကြောင့် ဆိုရမည်လား၊ ထိုအချက်များထက်ကျော်၍ ဘာသာရေးအရ နှိုင်းယှဉ်ကြည့်လျှင် ဝဋ်ကြွေးကြောင့် ဆိုရမည်လား မသိရပါ။ အားလုံးပေါင်းစပ်၍ ဖြစ်ပွားရမည်ဟုသာ ဆိုရလေမည်လား၊ သတ်သတ်မှတ်မှတ် ဆုံးဖြတ်မရသော မှုခင်းတစ်ခုကို စာဖတ်သူများ ခံစားဆုံးဖြတ်နိုင်ရန် ရေးသားတင်ပြလိုက်ရပါတယ်။

မကြာသေးသောနှစ်များက ဖြစ်ပါတယ်။ မောင် .....နဲ့ မ .....တို့ဟာ မောင်နှမအရင်း ဖြစ်ပါတယ်။ မြေလတ်ဒေသရှိ မြို့ကြီးတစ်မြို့က ဖြစ်ကြပါတယ်။ သူတို့ရဲ့နေရပ် ပြန်ကာနီး မိခင်၊ ဖခင်ဖြစ်သူတို့အတွက် လိုအပ်တဲ့ ဆေး လက်ဆောင်ပစ္စည်းအချို့ ဝယ်ယူရန် ရန်ကုန်မြို့လယ် အနော်ရထာလမ်းကို ရောက်ခဲ့ကြပါတယ်။ လိုအပ်တဲ့ပစ္စည်းများဝယ်ပြီး အနော်ရထာလမ်းကနေ မဟာဗန္ဓုလ လမ်းဘက်ကူးပြီး တစ်ခုခုစားဖို့ ထွက်လာကြပါတယ်။

အချိန်ကတော့ ညနေ ၅ နာရီခွဲလောက်ဖြစ်ပါတယ်။ လူအသွားအလာတွေလဲ ရှုပ်ရှက်ခတ်နေပါတယ်၊ စားသောက်ဆိုင်တစ်ခု ဝင်ကာနီးမှာ နောက်မှ လူငယ်သုံးယောက်က အနီးကပ်လိုက်လာ ပါတယ်။ တစ်ယောက်က ရှေ့ကျော်တက်ပြီး–

ဒီကညီမလေးက အရမ်းလှတာပဲ။ ဒီကလူနဲ့ မလိုက်ဖက် ပါဘူး။ သူ့ကို ဘေးဖယ်လိုက်ပါဆိုပြီး ရှေ့ရပ်လိုက်ပါတယ်။

အစ်ကိုဖြစ်သူက "ခင်ဗျားတို့ အထင်မလွဲနဲ့၊ ဒါ ကျွန်တော့် ညီမအရင်းဗျ" လို့ ပြောလိုက်ပါတယ်။

(၃)ယောက်ထဲက တစ်ယောက်က "ဘဂ်လားမောင်နှမ တွေပါ၊ အပေါင်းအသင်း ဒါမျိုးတွေရှိးနေပါပြီ" ဆိုပြီး မ....လက်မှ ကိုင်ထားတဲ့ အထုပ်တွေကို ကူသယ်ပေးမယ်ဆိုပြီး အနားကိုကပ်သွားပါတယ်။

အစ်ကိုဖြစ်သူက သူ့ညီမရှေ့က ဖြတ်ဝင်ပြီး ရပ်လိုက်တယ်၊ "ခင်ဗျားတို့ ထိရဲရင်ထိကြည့်၊ ဒါ ကျွန်တော့်နှမ"

(၃)ယောက်အနက် (၂)ယောက်က အစ်ကိုဖြစ်သူကို ဝိုင်းချုပ်ထားလိုက်ကြတယ်။

(၃)ယောက်စလုံး ပါးစပ်က အရက်နံ့တွေ တထောင်းထောင်း ထွက်နေတယ်၊ ညနေခင်းကြီး သူတို့(၃)ယောက် မူးနေကြတယ်။

အစ်ကိုဖြစ်သူက "ခင်ဗျားတို့ မူးနေရင်လဲ ဖယ်ပါ။ မနှောင့်ယှက်ကြပါနဲ့" လို့ ပြောပြီး ရုန်းထွက်ပါတယ်။

(၂)ယောက်က အစ်ကိုဖြစ်သူကို လက်မောင်းချုပ်ထားရာက လွှတ်မပေးဘဲ တွန်းပစ်လိုက်လို့ အစ်ကိုဖြစ်သူ လမ်းပေါ်လဲသွားပါတယ်။

အစ်ကိုဖြစ်သူက ဒေါသထွက်လာပြီး ချက်ချင်းပြန်ထပြီး (၂)ယောက်ထဲက တစ်ယောက်ကို လိုက်ထိုးပါတယ်။

အဲဒီမှာ (၃)ယောက်ပိုင်းချုပ်ပြီး အစ်ကိုဖြစ်သူကို ဝိုင်းထိုးကြတယ်။

အစ်ကိုဖြစ်သူကို ဝိုင်းထိုးနေလို့ မ.....က အနီးလမ်းပေါ်ရှိတဲ့ အုတ်ခဲကျိုးတစ်လုံးကောက်ယူပြီး သူ့အစ်ကိုကို ထိုးနေတဲ့သူကို မိမိရရ

ပစ်ထည့်လိုက်တယ်။ ငနဲ ဦးခေါင်းကိုထိပြီး သွေးတွေထွက်ကာ လဲကျသွားတယ်။

အဲဒီမှာတင် ဝိုင်းကြည့်နေတဲ့ အနီးအနားကလူတွေက အားလုံးကို ဝိုင်းဖျန်ပေးပြီး အနီးဆုံးရဲစခန်းကို ပို့လိုက်ကြတယ်။

ရဲစခန်းရောက်တော့ ရဲကဒဏ်ရာရသူကို ဆေးရုံချက်ချင်း ပို့လိုက်တယ်။ မူးနေတဲ့(၂)ယောက်ကို ဆရာဝန်ထံပို့ပြီး ဆေးစစ်တယ်။ အဖြစ်အပျက်ကို တွေ့မြင်သူတွေနဲ့ ကာယကံရှင်တို့ကို ပြည့်စုံအောင် စစ်ဆေးခဲ့ကြတယ်။

ဆေးရုံသွားပို့တဲ့ ရဲအရာရှိတွေ မကြာခင်ပြန်လာကြတယ်။ ဒဏ်ရာရထားတဲ့ လူငယ်ဆေးရုံအရောက်မှာပဲ သွေးလွန်ပြီး ဆုံးသွားပြီးတဲ့.....

သွေးလွန်ပြီး ဦးနှောက်ထဲ သွေးရောက်ပြီး သေဆုံးသွားတာနဲ့ တူတယ်လို့ ပြောကြတယ်။

သာမန်မူးယစ်ရမ်းကားတဲ့ အမှုလေးက မမျှော်လင့်ဘဲ လူသတ်မှုကြီးထိ ဖြစ်ခဲ့ရပြီ.....

မူးယစ်ရမ်းကားသူ(၃)ဦးမှာလည်း မိကောင်းဖခင်သားသမီး၊ ငွေကြေးတတ်နိုင်သူများ ဖြစ်ကြတယ်။ အရက်ကို မသောက်စဖူးနှင့် သောက်ကြတော့ မသိစိတ်တွေဝင်ခဲ့ပြီး ရမ်းကားခဲ့ကြခြင်း ဖြစ်ပါတယ်။ ယခင်က ဒီလိုအဖြစ်မျိုး လုပ်ခဲ့ဖူးခြင်း မရှိကြောင်း ရပ်ကွက်လူကြီးများကလည်း ထောက်ခံကြပါတယ်။

မြေလတ်ရှိ မြို့ကြီးတစ်မြို့မှ ရိုးသားသော ကုန်သည်မျိုးရိုးမှ ဆင်းသက်ပေါက်ဖွားလာသော မောင်နှမ ဖြစ်ကြပါတယ်။ မိဘက ဒုက္ခခံပြီး မောင်နှမနှစ်ဦးကို ပညာသင်ပေးခဲ့ကြပါတယ်။ မောင်နှမ

နှစ်ဦးစလုံး အထူးကြိုးစားခဲ့ကြသည်။ နှစ်ဦးစလုံး ဘာသာရေးကို ကိုင်းရှိုင်းသည်။ သူငယ်ချင်းအားလုံးက ချစ်ခင်ကြပြီး သဘောကောင်းသူ ကူညီတတ်သူဖြစ်ကြောင်း ပြောပြကြပါတယ်။

သို့သော်လည်း တဒင်္ဂအရက်မူး ရမ်းကားရာမှ လူသတ်မှုကြီး ဖြစ်သည့်တိုင် ကြီးကျယ်သွားခဲ့ရသော မောင်နှမနှစ်ဦးအပါအဝင် လူငယ်များ ဥပဒေကို ကျူးလွန်ဖောက်ဖျက်ခဲ့၍ ဥပဒေ၏ အဆုံးအမကို ခံယူခြင်းခံကြရပါတယ်။

မူးယစ်ရမ်းကား၍ အသက်ရှင်ကျန်နေသူ(၂)ဦးနှင့် အစ်ကို ဖြစ်သူတို့မှာလည်း အမျိုးသမီး မ..... ကို ကာယိန္ဒြေဖျက်ဆီးမှု၊ ကိုယ်ထိလက်ရောက် စော်ကားမှု၊ သတ်ပုတ်နှောင့်ယှက် ထိုးကြိတ်မှု များဖြင့် အရေးယူပေးခြင်းခံကြရပါတယ်။

မိန်းမဖြစ်သော မ.....မှာ အနှောင့်အယှက်ပြုခြင်းခံရပြီး အစ်ကိုဖြစ်သူကို ဝိုင်းထိုးနေလို့ သူ့အစ်ကို လွတ်မြောက်စေရာ လမ်းပေါ်မှ အုတ်ခဲဖြင့် သေစေရန် ရည်ရွယ်ချက်မရှိဘဲ ထုလိုက် သော်လည်း ခံရသူမှာ မမျှော်လင့်ဘဲ သေဆုံးသွားခဲ့ရပါတယ်။ မ..... မှာလည်း ပြစ်ဒဏ်ကျခံသွားခဲ့ရပါတယ်။

နှစ်ဖက်သော သူတို့လေးတွေဖြစ်ပျက်တာကြည့်တော့ လူငယ် (၃)ဦး အရက်အလွန်အကျွံသောက်ခဲ့လို့ မောင်နှမအရင်းကို အတွဲထင်ပြီး နှောင့်ယှက်ခဲ့ရာက ခြေလွန်လက်လွန်ဖြစ်ကြပြီး လူသေတဲ့အထိ ဖြစ်ခဲ့ ကြရတာ တွေ့ရပါတယ်။ စတဲ့လူကစလို့ တဒင်္ဂအတွင်း ဒေါသကြောင့် အများတွေကျူးလွန်ခဲ့ကြတယ်။ ဒါကြောင့် ဒီအမှုဟာ

အရက်ကြောင့်လား

ဒေါသကြောင့်လား

ကံတရားကြောင့်လား

ဝဋ်ကြွေးကြောင့်လား

အားလုံးပေါင်းစပ်နေလို့လားဆိုတာ စာဖတ်သူများ သတိ
တရားလက်ကိုင်ထား၍ အဖြေရှာပြီး ဆင်ခြင်နိုင်ကြပါစေ။

❋ ❋ ❋ ❋ ❋

[ ၂၇ ]

# အရက်ကြောင့်လား လောဘကြောင့်လား ကံကြီးထိုက်တာလား

မိဘအမွေခွဲဝေမှုအပေါ် မကျေမနပ်ဖြစ်ကြပြီး တစ်အူတုံ့ဆင်း မောင်ရင်းနှမတွေ စိတ်ဝမ်းကွဲကြ၊ ရန်ဖြစ်ကြ၊ ရဲစခန်းရောက်ကြ၊ တရားရုံးမှာ အမှုရင်ဆိုင်ကြနဲ့ အမွေမှုမျိုးစုံ ဖြစ်ပွားတတ်ကြသည်ကို စာရေးသူ ကိုယ်တွေ့ဖြစ်ပါတယ်။ အဲဒီအမှုတွေထဲက စာရေးသူ ခင်မင်လှတဲ့ မိသားစုတစ်စုရဲ့ ဖြစ်ရပ်တစ်ခုကို စာဖတ်သူတို့ သတိထား သင်ခန်းစားယူ၍ ဆုံးဖြတ်ပေးနိုင်ရန် တင်ပြလိုပါတယ်။

စာရေးသူနဲ့ ရင်းနှီးလှတဲ့ မိသားစုတစ်စုဟာ လှူကုံထံ ရပ်ကွက်မှာ နေကြပါတယ်။ မိခင် ဒေါ်ဒေါ်စောက ချမ်းသာတဲ့ မိသားစုက ပေါက်ဖွားလာတဲ့ တစ်ဦးတည်းသောသမီးဖြစ်လို့ မိဘ ဆုံးပါးသွားတဲ့အခါ အမွေတွေ အများကြီးရလိုက်ပါတယ်။ ဒေါ်ဒေါ်စောရဲ့ ခင်ပွန်း ဦးလေးဦးဘကျော်ကလည်း ကုမ္ပဏီကြီးတစ်ခုတည်ထောင်ပြီး

စီးပွားဖြစ်လာတော့ ပိုပြီး ကြီးပွားချမ်းသာသည်ထက် ချမ်းသာလာပါတယ်။ ဦးလေးဦးဘကျော်နဲ့ ဒေါ်ဒေါ်စောတို့မှာ သမီးနှစ်ယောက်နဲ့ သားတစ်ယောက် ထွန်းကားခဲ့ပါတယ်။ သမီးနဲ့သားတို့ ပညာတတ်တွေ ဖြစ်လာကြပါတယ်။ စိန်ကို စိန်နဲ့စီတယ်ဆိုတာလိုပဲ ပညာတတ် ဥစ္စာပေါ တွေနဲ့ အိမ်ထောင်ကျသွားခဲ့ကြပါတယ်။ ဦးလေးဦးဘကျော်က အသက် (၆၀)ဝန်းကျင်မှာ ဆုံးပါးသွားခဲ့ပါတယ်။ သမီးအကြီးဆုံး မမကြီးရဲ့ ခင်ပွန်း စာရေးသူမိတ်ဆွေက ကုမ္ပဏီရဲ့ လုပ်ငန်းတွေကို ဦးစီးလုပ်ကိုင်ခဲ့ပါတယ်။ ဒေါ်ဒေါ်စောကလည်း သမီးကြီးနဲ့အတူနေခဲ့ပါတယ်။ သမီးကြီး မမကြီးက အမေကိုစိတ်ချမ်းသာအောင်ထားပြီး လိုလေသေး မရှိအောင် အနီးကပ် ပြုစုခဲ့ပါတယ်။

ဒေါ်ဒေါ်စောက လူကုံထံတွေနေတဲ့ ရပ်ကွက်ထဲမှာ လုံးချင်းတိုက်နဲ့ခြံတွေကို သားသမီး (၃)ယောက် တင့်တောင့်တင့်တယ် နေရအောင် နေရာခွဲပေးခဲ့ပါတယ်။ နောက်ဆုံးပေါ် ကားတစ်စီး ဝယ်ပေးခဲ့ပါတယ်။

ဒုတိယအကြီးက သမီးလတ်ပါ။ မလတ်က ခင်ပွန်းရဲ့အိမ်မှာ လိုက်နေပြီး အမေကပေးတဲ့အိမ်ကို နိုင်ငံခြားသားမိသားစုကို ဒေါ်လာနဲ့ ငှားစားနေပါတယ်။

သားငယ်ဖြစ်တဲ့ ကိုငယ်ကတော့ ဖနီးရဲ့လုပ်ငန်းဖြစ်တဲ့ စိန်ရွှေ ရတနာရောင်းဝယ်တဲ့လုပ်ငန်းကို လုပ်ကိုင်နေပါတယ်။ သူ့အမေ ဝယ်ပေးတဲ့အိမ်မှာပဲ နေကြပါတယ်။

မမကြီးရဲ့ခင်ပွန်းဖြစ်တဲ့ ဦးကိုကြီးက စာရေးသူနဲ့ အားကစား တစ်ခုမှာ မကြာခဏ တွေ့ဆုံကစားကြရင်း ရင်းနှီးခင်မင်သွားကြလို့ သူတို့အိမ်မှာ အလုပ်လုပ်တဲ့အခါ၊ အထူးအဆန်းလေးတွေ ချက်စားတဲ့ အခါတိုင်းမှာ အတင်းဖိတ်လို့ မကြာခဏရောက်ပြီး စားအိမ် သောက်

အိမ်လို ဖြစ်နေပြီ။ ဒေါ်ဒေါ်စောအပါအဝင် မောင်နှမအားလုံးနဲ့လည်း သိကျွမ်းခင်မင်ရင်းနှီးခဲ့ပါတယ်။

အရပ်စာရေးရုံးကို ဦးကိုကြီးက ဖုန်းဆက်လာပါတယ်။ သူတို့ အိမ်ကို အခုလာခဲ့စေချင်ပါတယ်တဲ့၊ အမေစောကလည်း ခေါ်ခိုင်းပါတယ်တဲ့၊ ရဲအရာရှိတစ်ယောက်အနေနဲ့မဟုတ်ဘဲ ခင်မင်ရင်းနှီးသူ တစ်ဦးအနေနဲ့ မိသားစုကိစ္စလေး တိုင်ပင်ချင်ပါတယ်တဲ့။

စာရေးသူလည်း အလုပ်အားနေချိန်ဖြစ်လို့ ဦးကိုကြီးနဲ့ မမကြီးတို့အိမ်ကို ချက်ချင်းပဲ သွားခဲ့ပါတယ်။ အိမ်ထဲရောက်တော့ ဦးကိုကြီးက ခရိုးဦးကြိုပြုနေပြီး မမကြီးရယ်၊ မမလတ်ရယ် ဧည့်ခန်းမှာ မျက်ရည်တွေနဲ့ ငိုပြီးနေကြပါတယ်။ စာရေးသူလည်း စိတ်မကောင်းစွာ ဧည့်ခန်းမှာထိုင်ပြီး ဘာဖြစ်ကြတာလဲလို့ မေးမိပါတယ်။

မမကြီးက သူ့အမေ ဒေါ်ဒေါ်စော နေမကောင်းဖြစ်နေတာ တစ်လခန့်ကြာသွားပြီဖြစ်ကြောင်း၊ မေမေ အခြေအနေမကောင်းလို့ ရှေ့နေတစ်ယောက်ခေါ်ပြီး လက်ရှိသမီးနဲ့ သားတို့နေထိုင်နေတဲ့အခန်း ခြံတစ်ခြံစီရယ်၊ ဘဏ်မှာရှိတဲ့ ငွေသိန်း......စီရယ်၊ အတွင်းပစ္စည်း များကို အညီအမျှစာချုပ်နဲ့ ခွဲပေးခဲ့ကြောင်း၊ ဒါကို မောင်ငယ်ဖြစ်သူ ကိုသက်ဦးက မကျေနပ်လို့ အရက်မူးရောက်လာပြီး စိန်ထည်တချို့နဲ့ အဖိုးတန်အတွင်းပစ္စည်းများ ခွဲဝေပေးတာ မညီမျှလို့ မကျေနပ်ကြောင်း ပြောပြီး အပေါ်ထပ် အိပ်ရာထဲမှာ လဲနေတဲ့ အမေ့ကို သွားရန်တွေ့ ခဲ့ကြောင်း၊ အစ်မများရှေ့တွင် အမေက အညီအမျှခွဲပေးတာဖြစ်ကြောင်း ပြောခဲ့ပေမယ့် မကျေနပ်ဘူးဆိုပြီး အမေလည်ပင်းကို ညှစ်မယ်လုပ်လို့ အစ်မနှစ်ယောက် ဝိုင်းဆွဲပြီး တွေ့ရာနှင့် ရိုက်ကြ၍ အစ်မများကိုလည်း ပြန်ရိုက်ခဲ့ကြောင်း၊ ဦးကိုကြီးတို့ တက်လာပြီး ဖျန်ဖြေနှစ်သိမ့်ပေးမှ အစ်မများနှင့် အမေကို မကျေနပ်ကြောင်း၊ အားလုံးကို သေခန်းပြတ်ဟ

ပြောပြီး ပြန်သွားခဲ့ကြောင်း၊ အမေက ဦးခင်မောင်ထွန်းကို တွေ့ချင်ကြောင်းပြောပြီး အမေ့ကို သွားတွေ့ရန် မေတ္တာရပ်ခံကြ၍ အပေါ်ထပ်အိပ်ရာထဲတွင် လဲနေသည့် ဒေါ်ဒေါ်စောထံ သွားတွေ့ခဲ့ပါတယ်။ ဒေါ်ဒေါ်စောဘေးမှာ ဝင်ထိုင်လိုက်တော့ အားငယ်နေတဲ့မျက်လုံးနဲ့ စာရေးသူကိုကြည့်ပြီး ငိုပါတယ်။ စာရေးသူလက်ကိုဆွဲပြီး "သားခင်မောင်ထွန်းရယ် အမေက သမီးများနဲ့ သား မောင်သက်ဦးကို ရှိတဲ့ပစ္စည်းတွေ အညီအမျှခွဲဝေပေးခဲ့တာပါ။ သား သက်ဦးက အစ်မတွေကို ပိုပေးတယ်လို့ ထင်နေတယ်။ စိန်ရွှေရတနာတွေ ခွဲပေးတော့ ချိန်ခွင့်လျှာနဲ့ အညီအမျှခွဲပေးလို့မရတော့ အပိုအလိုတော့ ရှိနိုင်ပါတယ်။ အမေ့မေတ္တာက သားသမီးတွေအားလုံးကို အတူတူပင်ချစ်ကြောင်း၊ မည်သူ့ကိုမှ မပိုကြောင်း၊ မောင်သက်ဦး အထင်လွဲမိုက်မဲမှုကို အမေအပြစ်မယူကြောင်း၊ သားက အခု အရက်စွဲနေပြီ ဥပဒေချိုးဖောက်မှုတွေကျူးလွန်မှာ စိုးရိမ်မိကြောင်း၊ အခုလာပြီး ရမ်းကားတာကိုလည်းအမှုမလုပ်လိုကြောင်း၊ သား ခင်မောင်ထွန်းက ရဲအရာရှိဆိုတော့ သားလူမိုက် မောင်သက်ဦးကို အမေ့စေတနာ အမြင်မှန်ရအောင်ပြောပေးဖို့နဲ့ အမေအသေဖြောင့်အောင် မောင်နှမတစ်တွေစိတ်ဝမ်းမကွဲဘဲ ချစ်ချစ်ခင်ခင်နေကြဖို့ ပြောပေးပါသားရယ်" ဟုဖြည်းဖြည်းချင်းပြောခဲ့ပါတယ်။

မိခင်ကြီး ဒေါ်ဒေါ်စောသည် အသက် (၈၀)ကျော်အရွယ်ကင်ဆာရောဂါဖြင့် သေနေ့ကို စောင့်နေသူ၊ တစ်သက်စားမကုန်အောင်အမွေတွေရပေမယ့် လောဘတက်နေသူ ကိုသက်ဦး၏ မိုက်မဲမှုကိုကြီးမားလှသော မိခင်မေတ္တာက အပြစ်ဟုမမြင်ရက်၊ သေခါနီးပင်ခွင့်လွှတ်ဆဲ၊ သားအတွက် ပူပင်ဆဲပင်ဟု နှိုင်းမရသော ကြီးမားသည့်မိခင်၏ သံယောဇဉ် မေတ္တာပင်၊ "ဒေါ်ဒေါ်စော စိတ်ချပါ ကိုသက်ဦးကိုကျွန်တော် ဖျောင်းဖျပြီး နားလည်အောင် ရှင်းပြပေးပါမယ်၊ ဒေါ်ဒေါ်စော

စိတ်မကောင်းမဖြစ်ပါနဲ့ ကျန်းမာအောင်နေပါ။ သူ့အစ်မတွေနဲ့လည်း မကြာခင် သင့်မြတ်သွားမှာပါ'' ဟု စာရေးသူ နှစ်သိမ့်ခဲ့ရပါတယ်။

စာရေးသူ စိတ်မကောင်းစွာဖြင့် ပြန်လာခဲ့ပါတယ်။ ကိုသက်ဦးမှာ နေ့စဉ် အရက်ကို အလွန်အကျွံသောက်နေပြီး လောင်းကစားဝိုင်းများတွင် လောင်းကစားနေကြောင်း ကြားသိရတယ်။

မကြာပါ ကိုသက်ဦး ဂျင်ဝိုင်းတစ်ခုတွင် ဖမ်းမိသွားပြီး ထောင်တစ်နှစ်ကျသွားကြောင်း သိရတယ်။ အစ်မများက ထောင်ဝင်စာသွားတွေ့ပြီး ဂရုစိုက်ခဲ့ကြောင်းကိုလည်း သိရသည်။

ကိုသက်ဦး ထောင်ထဲမှာပဲရှိနေစဉ် ဒေါ်ဒေါ်စော ကွယ်လွန်သွားခဲ့ပါတယ်။ အမေဆုံးပါးသွားတော့ သူ့အမှားသူသိပြီး အငြိုငြင်နေကြောင်း သူ့အစ်မများထံက သိရပါတယ်။ ကိုသက်ဦး ထောင်မှလွတ်လာတော့ စာရေးသူကို လာတွေ့ပါသည်။ စာရေးသူရုံးခန်းတွင် ရှိုက်ကြီးတငင် ငိုခဲ့ပါတယ်။

စာရေးသူက ဒေါ်ဒေါ်စောက ခင်ဗျားကို ခွင့်လွှတ်ကြောင်း ပြောပြသွားခဲ့ကြောင်း ပြောပြလိုက်ပါတယ်။ ကိုသက်ဦးက အမေ့ကို သေခါနီး မျက်ရည်ကျအောင် ဒုက္ခပေးခဲ့မိကြောင်း၊ တစ်သက်လုံး ခံစားရတော့မည်ဖြစ်ကြောင်း၊ အစ်မများကိုလည်း ထောင်မှလွတ်သည့်နေ့က သွားကန်တော့ပြီး ဝန်ချတောင်းပန်ခဲ့ကြောင်း၊ ယခု လူသစ်စိတ်သစ်ဖြင့် အမေ့ဆန္ဒအတိုင်း နေထိုင်မည်ဖြစ်ကြောင်း ပြောပြ၍ စာရေးသူ ဝမ်းနည်းဝမ်းသာဖြစ်ခဲ့ရပါတယ်ဟု စာရေးသူ ဒေါ်ဒေါ်စောကို သတိရမိပြီး အမေ့ဆန္ဒ ပြည့်ပါပြီဟု တိုင်တယ်မိပါတယ်။

ကိုသက်ဦး ထောင်မှလွတ်လာပြီး (၂)လခန့်အကြာ ကားချင်းတိုက်မိ၍ နေရာတွင် ပွဲချင်းပြီး သေဆုံးသွားခဲ့ပါတယ်။

ကံ၊ ကံ၏ အကျိုးပေးကြောင့်လား၊ ကျေးဇူးရှင် မိခင်ကြီးကို ရိုင်းပျစွာ စော်ကားခဲ့ခြင်းကြောင့် ကံကြီးထိုက်တာလား စသည့် အပြစ်တစ်ခုခုကြောင့် ကိုသက်ဦးဟာ အမေ့အမွေတွေကို ကြာရှည်မခံစားရဘဲ အသက်တိုစွာ လူ့ဘဝမှာ အစောကြီး စွန့်ခွာသွားခဲ့ရပါတယ်။ စာရေးသူယနေ့တိုင် စိတ်မကောင်းဖြစ်ခဲ့ရပါတယ်။ ကိုသက်ဦး၏ အမှားသည် လောဘကြောင့်လား၊ အရက်ကြောင့်လားတော့ မသိပါ။

ချစ်သော စာဖတ်သူ သတိတရား လက်ကိုင်ထား၍ အဖြေရှာပြီး သင်ခန်းစာယူနိုင်ကြပါစေဟု....။

❋ ❋ ❋ ❋ ❋

[ ၂၄ ]

# စိတ်အလှုနှင့်မှုခင်းများ

မှုခင်းဖြစ်ပွားခဲ့၍ ရဲစခန်းများသို့ တိုင်ကြားခဲ့လျှင် ရဲတပ်ဖွဲ့ဝင်များက အမှုမှန်ပေါ်ပေါက်ရေးအတွက် စုံစမ်းစစ်ဆေးနေစဉ် ကာလတွင် အမှုတွင် အမှန်ကို ကူညီဖော်ထုတ်လို၍သော်လည်းကောင်း၊ အမှုမှန်ပေါ်မည်ကို စိုးရိမ်၍ အမှုလမ်းကြောင်း လွဲသွားစေရန်သော်လည်းကောင်း၊ အခြားအကြောင်းများကြောင့်လည်းကောင်း သတင်းပေးဆက်သွယ်မှုများ အနှောင့်အယှက်ပေးမှုများ ရှိခဲ့ခြင်းကို မကြာခဏ ကြုံတွေ့ရပါတယ်။ စာရေးသူ ကြုံတွေ့ခဲ့ရမှုများထဲမှ အမှုတစ်မှုအကြောင်းကို စာဖတ်သူများ သိရှိခံစားနိုင်ရန် တင်ပြလိုပါတယ်။

ရန်ကုန်မြို့လယ် ကိုယ့်ဝင်း၊ ကိုယ့်ခြံနှင့်နေကြသော ရပ်ကွက်မှ စက်ရုံပိုင်ရှင်တစ်ဦး၏ အိမ်တစ်အိမ်တွင် ဓားပြတိုက်မှုတစ်ခု ဖြစ်ပွားခဲ့ပါသည်။ နာမည်ကျော် စက်ရုံပိုင်ရှင် သူဌေးမှာ ကွယ်လွန်သွားခဲ့၍ ဇနီးဖြစ်သူ ''ဒေါ်ခင်နှင်းရီ'' က ဦးဆောင်ကာ စက်ရုံကို ဆက်လက်

လည်ပတ်ဆောင်ရွက်ခဲ့ပါတယ်။ ''ဒေါ်ခင်နှင်းရီ'' အိမ်တွင် အရွယ်ရောက်နေသော ဘွဲ့ရသမီးတစ်ယောက်၊ အိမ်ဖော်နှစ်ယောက် အမျိုးသမီး စုစုပေါင်း (၄)ယောက်သာ နေထိုင်ကြပါတယ်။ စက်ရုံက အိမ်နဲ့ အလှမ်းဝေးပါတယ်။ ခြံအတွင်း နေ့ခင်း လာရောက်အလုပ်လုပ်သော ခြံသန့်ရှင်းရေး အလုပ်သမား၊ ပန်းဥယျာဉ်ပျိုးသူ၊ ယာဉ်မောင်းများ ပြန်သွားလျှင် ဖော်ပြပါ အမျိုးသမီးလေးယောက်သာ အိမ်မှာ ကျန်ရစ်ခဲ့ပါတယ်။ ညပိုင်းရောက်လျှင် ခြံတံခါးကို သော့ခတ်၊ အိမ်မကြီးတံခါးကို သော့ အသေအချာခတ်ပြီး လုံခြုံစွာနေသောအိမ်ဖြစ်ပါတယ်။ ဒါပေမယ့် ခြံတံခါးကို သော့တုနှင့်ဖွင့် ဝရန်တာကျော်တက်ကာ တံခါးကိုဖျက်၍ ဓားပြ (၅)ဦး အိမ်တွင်းသို့ ဝင်ရောက်ခဲ့ပါတယ်။ အမျိုးသမီးအားလုံးကို မျက်နှာအဝတ်စည်း၍ မမြင်ရအောင် မမှတ်မိအောင်လုပ်ပြီး စိတ်ရွှေရတနာ စုစုပေါင်း ငွေကျပ် သိန်း (၅၀)ဖိုးခန့် ဓားပြတိုက်သွားခဲ့ကြပါတယ်။ အိမ်ရှင် ဒေါ်ခင်နှင်းရီက ဓားပြခေါင်းဆောင်ဟုထင်ရသူက မီးခံသေတ္တာသော့ကို တောင်းစဉ် မျက်နှာကို အသေအချာကြည့်ပြီး လူပုံသဏ္ဍာန် မှတ်သားထားကြောင်း သိရပါတယ်။ ကျန်အမျိုးသမီးများက သဲကွဲစွာ မမြင်ရသောကြောင့် မမှတ်မိကြောင်းသာ သိရပါတယ်။

မြို့လယ် တစ်နေရာတွင် အမှုကြီးတစ်မှုဖြစ်သော ဓားပြမှု ဖြစ်ပွားခဲ့၍ ရဲတပ်ဖွဲ့ဝင်အားလုံး လှုပ်ရှားကြပြီး တရားခံကို အပူတပြင်း ရှာဖွေခဲ့ကြပါတယ်။ ဒေါ်ခင်နှင်းရီအိမ်တွင် ဓားပြမှုဖြစ်ကြောင်း မှုခင်းစာစောင်အချို့၌ သတင်းအဖြစ် ဖော်ပြပါရှိလာပါတယ်။ အမှုဖြစ်ပြီး (၅)ရက်ခန့်အကြာ ''ဒေါ်ခင်နှင်းရီ'' ထံသို့ စာတိုက်မှ အမြန်ချောပို့နဲ့ စာတစ်စောင် ရောက်လာပါတယ်။ စာထဲမှာတော့ **''ဒေါ်ခင်နှင်းရီ ဓားပြတိုက်ခံရတာ၊ တရားခံအားလုံးကို သိရှိကြောင်း၊ ပစ္စည်းများ ခွဲကြပြီး သူတို့ဘယ်မှာနေတယ်ဆိုတာသိရှိကြောင်း၊ ဒေါ်ခင်နှင်းရီ**

ကိုယ်တိုင်တွေ့ပြီးမှ ပြောပြလိုကြောင်း၊ လာမည့် စနေနေ့ နံနက် (၅)နာရီ တက္ကသိုလ်ရိပ်သာလမ်းနဲ့ အဓိပတိလမ်းဆုံ တက္ကသိုလ်ရိပ်သာလမ်းပေါ်က လာခဲ့စေလိုကြောင်း ဒေါ်ခင်နှင်းရီက အနက်ရောင်ဝတ်စုံဝတ်ပြီး ပန်းအနီတစ်ပွင့် ပန်လာရမည်ဖြစ်ကြောင်း၊ ယာဉ်မောင်းတစ်ဦးကိုသာ ခေါ်လာစေလိုကြောင်း၊ ရဲကို လုံးဝ အကြောင်းမကြားစေလိုကြောင်း၊ လူဆိုးများက "ဒေါ်ခင်နှင်းရီကို နှုတ်ပိတ်ရန်လည်း အကြံအစည်ရှိကြောင်း" ဆက်ဆက်လာရန် ရေးထားပြီး မမဒေါ်ခင်နှင်းရီရဲ့ကျေးဇူး တစ်ချိန်ကရှိခဲ့၍ ကျေးဇူးဆပ်သည့်အနေဖြင့် ရေးသားရကြောင်း စသည်ဖြင့် အမည်မဖော်ဘဲ ရေးသားထားပါတယ်။ စာကို ဒေါ်ခင်နှင်းရီက ရဲ မြို့နယ်မှူးကို လျှို့ဝှက်ခေါ်ပြပါတယ်။ မြို့နယ်မှူးက ခေတ္တယူပြီး အဆင့်ဆင့် တင်ပြခဲ့ပါတယ်။

စာရေးသူမှာ ရန်ကုန်တိုင်း မှုခင်းများကြီးကြပ်ရသူဖြစ်သောကြောင့် စာရေးသူထံ ရောက်လာပါတယ်။ စာရေးသူကလည်း အထက်အရာရှိထံ တင်ပြပြီး ဒေါ်ခင်နှင်းရီကို သွားရောက်တွေ့ခဲ့ပါတယ်။

စာရေးသူက ရေးသားချက်ကို သံသယရှိကြောင်း ပြောပြရာ ဒေါ်ခင်နှင်းရီက အကျိုးအကြောင်းသိလို၍ ချိန်းသည့်အတိုင်း သွားလိုကြောင်း ပြောပါတယ်။ စာရေးသူက ဒေါ်ခင်နှင်းရီကို လုပ်ကြံမည်၊ တစ်ခုခုဖြစ်မည် စိုးရိမ်ရသဖြင့် ကိုယ်တိုင်မလိုက်ဘဲ ဒေါ်ခင်နှင်းရီနဲ့ သဏ္ဌာန်တူသော အမျိုးသမီးရဲအရာရှိတစ်ယောက်ကိုသုံး၍ ဆောင်ရွက်ကြည့်ချင်ကြောင်း ပြောပြရာ ဒေါ်ခင်နှင်းရီက ၎င်းစိတ်ဝင်စားကြောင်း၊ ကိုယ်တိုင်ပင် လုပ်ကိုင်လိုကြောင်း၊ ဖြစ်လာသမျှ ရင်ဆိုင်လိုကြောင်း ပြောဆိုပါတယ်။ စာရေးသူကိုယ်တိုင် ဦးစီးဆောင်ရွက်မည်ဟု ကတိပြုပြီး အသေးစိတ် အစီအစဉ်ရေးဆွဲရပါတယ်။ အမှုအတွက် အမှန်တရားကို သတင်းပေးသူ မဟုတ်ပါက ဒေါ်ခင်နှင်းရီကို လုပ်ကြံနှုတ်ပိတ်ရန်

ဖြစ်ခဲ့လျှင် ရဲတပ်ဖွဲ့ဝင်များတာဝန်သာ ဖြစ်ပါမည်။ စာရေးသူ ပေါ့ပေါ့တန်တန် မလုပ်ရဲ၊ စိတ်အချရဆုံး၊ အလည်ဆုံးရဲအရာရှိများ၊ အမျိုးသမီးရဲအရာရှိများကို စုစည်း၍ အသေးစိတ် လျှို့ဝှက်စီစဉ်ဆောင်ရွက်ရပါတယ်။

ချိန်းဆိုထားသော စနေနေ့ နံနက် (၄)နာရီခွဲတွင် စာရေးသူက ယာဉ်မောင်းအသွင်ဆောင်ကာ အနီးကပ်လုံခြုံမှုပေးကာ ကွပ်ကဲမည် ဖြစ်ပါသည်။ ဒေါ်ခင်နှင်းရီအိမ်သို့ ယာဉ်မောင်းအသွင်ဆောင်ရန် အရောက်သွားခဲ့ပါသည်။ အသင့်ပြင်ထားသော ဒေါ်ခင်နှင်းရီက အိမ်ပေါ်မှ ဆင်းလာပါတယ်၊ အနက်ရောင်ဝတ်စုံ ခေါင်းတွင် နှင်းဆီပန်းအနီတစ်ပွင့်၊ လက်ကိုင်အိတ်အနက်တို့ကို ကိုင်ထားပါတယ်။

စာရေးသူက မာစီဒီးကားအနက်ကို ဂိုထောင်မှထုတ်ကာ ဒေါ်ခင်နှင်းရီကို ရှေ့ခန်းမှာပင် ထိုင်စေပြီးကို ကားကို အင်းယားမြိုင်လမ်းမှ တက္ကသိုလ်ရိပ်သာလမ်းသို့ ချိုးကွေ့ကာ အဓိပတိလမ်းထိပ်သို့ မောင်းခဲ့ပါသည်။ စာရေးသူ၏ ပွိုင့်နှစ်ဆယ့်နှစ် ပစ္စတိုကို ကျည်ထည့်ကာ မောင်းထိန်းခလုတ်ကို ပိတ်ထားလိုက်ပြီး ကားထိုင်ခုံဘေး၌ ချထားပြလိုက်ပါတယ်။ နာရီကိုကြည့်လိုက်ရာ (၅)နာရီထိုးရန် (၅)မိနစ်ပဲ လိုတော့ပါတယ်။ စာရေးသူက ဒေါ်ခင်နှင်းရီကို သတိထားရန်နှင့် တံခါးကို စာရေးသူ သဘောတူမှ ဖွင့်ပြီး လမ်းပေါ်ဆင်းရန်၊ အရေးကြုံလျှင် ကားပေါ်အမြန်တက်၍ တံခါးကို သော့ချပိတ်ထားရန် အထပ်ထပ် မှာရပါတယ်။

တက္ကသိုလ်ရိပ်သာလမ်းဘေး ဝဲယာ၊ ပလက်ဖောင်းပေါ်တွင် စာရေးသူ ကြိုတင်စီစဉ်ထားသည့်အတိုင်း ရဲအရာရှိများ လမ်းလျှောက်ဟန်ဆောင်နေသူ၊ အပြေးလေ့ကျင့်နေသူ၊ ပန်းသည်၊ ပေါက်စီသည် စသည်ဖြင့် အကွက်ကျကျ သွားလာလှုပ်ရှားနေကြ[illegible]ဖြင့် စာရေးသူ တပည့်များကို စိတ်ချမိပါတယ်။

ကားကို အဓိပတိလမ်းဆုံကို ကျော်ပြီး လမ်းဘေးကပ်၍ ရပ်လိုက်ပါသည်။ အပြင်တွင် စီစဉ်ထားသော ရဲအရာရှိများ အသွား အလာသာ တွေ့ရပါတယ်။ အခြားလှုပ်ရှားမှု မတွေ့ရသေးပါ။

(၅)မိနစ်ခန့်အကြာတော့ "ဒေါ်ခင်နှင်းရီ" ရောက်လာပြီကို၊ မျှော်လိုက်ရတာ ကျွန်တော် အားလုံးသိပါတယ်။ ပြောပြပါ့မယ်ဟုဆိုပြီး လွယ်အိတ်ထဲ လက်နှိုက်လိုက်တာနဲ့ ပလက်ဖောင်းပေါ်၌ ရှိနေသော ရဲအရာရှိများ အပြေးအလွှားရောက်လာပြီး ဝိုင်းချုပ်ထားလိုက်ပါတယ်။ စာရေးသူက ရဲစခန်းခေါ်သွားပြီး စစ်ဆေးရန် မှာခဲ့ပါတယ်။

စာရေးသူ ဒေါ်ခင်နှင်းရီနဲ့ သူ့အိမ်ကို ခေတ္တဝင်ပြီး ရဲစခန်းကို လိုက်သွားကြပါတယ်။ စခန်းရောက်တော့ စခန်းမှူးက ထွက်လာပြီး ဆရာရေ ဒီကောင်က စိတ်ရောဂါဝေဒနာရှင်ပဲ စိတ်ကျန်းမာရေး ဆေးရုံမှာကုနေတဲ့ လက်မှတ်ပါလာတယ်၊ ဆေးရုံကြီးကို ဆက်သွယ်ပြီး မေးတော့ ထွက်ပြေးလာသူဖြစ်ကြောင်း သိရပါတယ်။ ဆေးရုံက ထွက်ပြေးလာပြီး မှုခင်းစာစောင်ဖတ်တော့ ဒေါ်ခင်နှင်းရီဆိုတဲ့ နာမည် ဖတ်ရတာနဲ့ နာမည်လှလို့ စိတ်ဝင်စားပြီး အဆက်အသွယ်လုပ်လို့ ရအောင် ရေးတာပါတဲ့၊ သူဘာမှ မသိပါဘူးတဲ့၊ ကြည့်ရတာတော့ စိတ်မှန်ပုံမရဘူးဆရာ။

"ကျွန်မနာမည် လှလို့တဲ့တော်၊ တော်တော်ဆိုးတဲ့ ကောင်းလေးပဲ" ဟု ဒေါ်ခင်နှင်းရီက ဆိုပါတယ်။

ဒေါ်ခင်နှင်းရီရော စာရေးသူတို့ပါ ငိုအားထက် ရယ်အားသန် ကြရပါတယ်။ သူက နာမည်ကိုကြည့်ပြီး စိတ်ဝင်စားပေမယ့် ဒေါ်ခင်နှင်းရီက အသက် (၆၀)ကျော်အရွယ်ရှိနေတဲ့ လူကြီးတစ်ယောက် ဆိုတာ သိပုံမပေါ်ဟု စာရေးသူစိတ်ထဲမှပြောရင်း ပြုံးမိပါသည်။ လူ့စိတ်သည် အမှန်းရခက်သားပင်၊ စိတ်ရောဂါဝေဒနာရှင်တစ်ဦး၏

းဆောင်ရွက်ချက်ကြောင့် ကာယကံရှင် ဒေါ်ခင်နှင်းရီနှင့် ရဲတပ်ဖွဲ့ဝင် ျားစွာ အချိန်ကုန် အလုပ်ရှုပ်ခဲ့ကြရပါတယ်။

အမှုမှာ (၂)ပတ်ခန့်အကြာ ဖော်ထုတ်နိုင်ခဲ့ပါတယ်။ တရားခံ ျားနဲ့ ပစ္စည်းများအားလုံး သိမ်းဆည်းရမိပြီး တရားရုံးသို့ နိုင်လုံစွာ ခမှုကို စွဲတင်နိုင်ခဲ့ပါတယ်။ စိတ်ရောဂါဝေဒနာရှင် ''မောင်လှမိုး''နဲ့ ပုံးဝပတ်သက်ခြင်းမရှိခဲ့ကြောင်း တွေ့ရပါတယ်။ စိတ်ရောဂါဝေဒနာရှင် ဖြစ်ပေမဲ့ စိတ်ထဲမှာ အလှကို ခံစားချင်တယ်ဆိုတာ တွေ့ရပါတယ်။ ျတပ်ဖွဲ့ဝင်များ အမှုစုံစမ်းရာမှာ အဲဒီလို ဘေးက အနှောင့်အယှက် းတွလည်း ရှိလာတတ်ကြောင်း စာရေးသူ တင်ပြအပ်ပါတယ်။

❋ ❋ ❋ ❋ ❋

[ ၂၅ ]

# အတတ်ဟောဆရာဆိုတိုင်း ယုံသင့်မှယုံပါ

အတတ်ဟောဆရာများကြောင့် ရဲတပ်ဖွဲ့ဝင်များနှင့် အမှုတိုင်တန်းသူများအကြား အဆင်မပြေမှုများ ဖြစ်ပေါ်ရသည့်အကြောင်းကို စာဖတ်သူများ သိရှိစေရန် ရေးသားတင်ပြလိုပါတယ်။

အထူးသဖြင့် ပစ္စည်းနှင့်ပတ်သက်သော ခိုးမှု၊ ဖောက်ထွင်းမှု၊ လုယက်မှု၊ ဓားပြမှု စသည့်အမှုများ ဖြစ်ပွားတဲ့အခါ အမှုကို ရဲစခန်းကို လာရောက်တိုင်တန်းကြပါတယ်။ ရဲက အမှုကို စုံစမ်းနေစဉ်မှာပဲ အမှုတိုင်တန်းသူက အတတ်ဟောဆရာ၊ ပစ္စည်းပျောက်ဟောဆရာတွေကို သွားမေးတော့ ဥပမာ - အိမ်မှာ တနင်္လာသား (သို့) သမီးရှိလား ဒါမှမဟုတ် မကြာခဏ ဝင်ထွက်နေတဲ့ တနင်္လာသား (သို့) သမီး အဲဒီနေ့နံရှိတဲ့သူက အမှုမှာပါတယ်၊ လက်ထောက်ချလိုက်တယ်၊ ရဲကိုသွားပြီး သူ့ကို ဖမ်းစစ်ခိုင်းလိုက်ပါ။ အမှုပေါ်လိမ့်မယ်လို့ အတတ်ဟောလိုက်တာများပါတယ်။

အိမ်မှာ သူဟောလိုက်တဲ့နေ့နံသင့်သူ မရှိခဲ့ရင် တခြားနေ့နံ တစ်ခုကို အလိုက်သင့် ပြောင်းပြောတယ်။ နေ့နံ နှစ်ခုသုံးခုပြောတော့ တိုက်ဆိုင်သွားတတ်တာပေါ့။ အထူးသဖြင့်တော့ အိမ်ဖော်တွေနဲ့ အဝင်အထွက်ရှိသူတွေကို စွပ်စွဲတတ်ပြီး အတတ်ဟောလိုက်တော့ အမှုတိုင်သူ (တရားလို)က ရဲစခန်းလာပြီး အတင်းဖမ်းစစ်ခိုင်းတော့တာပါပဲ။

ရဲက မသင်္ကာစရာ အထောက်အထားအခိုင်အလုံရှိမှ လူတစ်ယောက်ကို ဖမ်းလို့ရပါတယ်။ ဖမ်းပြီဆိုရင်လည်း အမှုစစ်နေစဉ် ကာလအတွင်း ချုပ်ထားခွင့်ကို အကျိုးအကြောင်း ဖော်ပြပြီး တရားသူကြီးထံ တင်ပြရပါတယ်။ ခွင့်ပြုမိန့်ပေးနိုင်တဲ့ တရားသူကြီးက ရဲအမှုတွဲက တင်ပြချက်ကို သေချာစိစစ်ပြီးတော့ ဖမ်းဆီးချုပ်နှောင်ခွင့် ပေးရပါတယ်။ ဒါပေမယ့် အတတ်ဟောဆရာရဲ့ ဟောပြောချက်ကို အမှုတိုင်သူ (တရားလို)က အတိအကျယုံကြည်နေတော့ ရဲက သူပြောတဲ့အတိုင်း မဖမ်းဘူးဆိုရင် လုပ်တာ အားမလိုအားမရဖြစ်ပြီး ဟိုတိုင်ဒီတိုင် တိုင်တာမျိုးတွေ ကြုံတွေ့ရပြန်ပါတယ်။

အဲဒီလို အမှုတွေထဲက စာရေးသူကိုယ်တွေ့ အမှုတစ်ခု အကြောင်း တင်ပြလိုပါတယ်။ ရန်ကုန်မြို့လယ် ကုုကုံထံတွေနေနိုင်တဲ့ ရပ်ကွက်တစ်ခုက ချမ်းသာသူ မိသားစုအိမ်မှာ စိန်ဆံထိုးတစ်ခု ပျောက်ဆုံးခဲ့တဲ့အမှု ဖြစ်ပွားခဲ့ပါတယ်။ ဒေါ်ဒေါ်ငွေးလို့ပဲ ဆိုကြစို့။ သူ့ရဲ့ တစ်ဦးတည်းသောသားက စာရေးသူနဲ့ ကျောင်းနေဖက်သူငယ်ချင်း ဖြစ်ပါတယ်။

ဒေါ်ဒေါ်ငွေးတစ်ယောက် အသက် (၆၀)ကျော်လာသော်လည်း မိဘမျိုးရိုးက ချမ်းသာခဲ့သူဆိုတော့ လက်ဝတ်လက်စားကို ဝါသနာပါစွာ ဝယ်ဆင်သူဖြစ်ပါတယ်။ ညအိပ်ရာဝင်မှ ဝတ်ထားတဲ့ စိန်ရွှေရတနာတွေကို အိမ်ဖော်မပြုံးကို ချွတ်ခိုင်းပြီး အိပ်ရာဘေးက မှန်တင်ခုံ

အံဆွဲမှာထည့် သော့ခတ်ပြီး ဒေါ်ဒေါ်ငွေအိပ်တဲ့ ခေါင်းအုံးအောက်မှာ ထားပေးရတာ နေ့စဉ်အလုပ်ပါ။ မနေ့ကတော့ ဒေါ်ဒေါ်ငွေ ပစ္စည်းတွေထဲက သိန်း (၂၀)လောက်တန်တဲ့ စိန်ဆံထိုးကြီးတစ်ခု ပျောက်နေပါတယ်။

သူတို့မိသားစု ကြိတ်ရှာကြပါတယ်။ မတွေ့တော့ အဲဒီအချိန်က ပစ္စည်းပျောက်မှာ နာမည်ကြီးနေတဲ့ အတတ်ပေါ်ဆရာထံလည်း သွားမေးကြပါတယ်။ စာရေးသူနဲ့ နေ့ခင်းပိုင်းလောက် ရဲစခန်းကို လာတိုင်ပါတယ်။

ဒေါ်ဒေါ်ငွေရဲ့သား သူငယ်ချင်းကလည်း စာရေးသူကို ဖုန်းဆက်ပါတယ်။ သူ့အမေ ဒေါ်ဒေါ်ငွေကလည်း စာရေးသူကို လာစေချင်ပါတယ်တဲ့၊ ဒါနဲ့ ရဲစခန်းကိုဆက်တော့ မြို့နယ်မှူး၊ စခန်းမှူး၊ နယ်ထိန်းရဲအရာရှိတွေ အဲဒီကို သွားကြပြီဆိုတာနဲ့ စာရေးသူ လိုက်သွားခဲ့ပါတယ်။

စာရေးသူ ဒေါ်ဒေါ်ငွေအိမ်ရောက်တော့ ဒေါ်ဒေါ်ငွေက ခြံဝက ဆီးကြိုပြီး ဟဲ့ ဟဲ့သား ကိုထွန်း၊ အမေ မနက်က နာမည်ကျော် အတတ်ပေါ်ဆရာမေးခဲ့ပြီး အိမ်မှာ အိမ်ဖော် (၃)ယောက်ရှိတယ်။ အဲဒီကတည်းက မပြုံးဆိုတာက အမေ့လက်ဝတ်ရတနာအားလုံး သိမ်းပေးနေတာ၊ အရင်ကတော့ ရိုးပါတယ်။ သူက အခု ရည်းစားတွေဘာတွေထားတယ်။ သူက ကြာသပတေးသမီး၊ ဆရာကြီးက တတ်အပ်ပဲ သူခိုးတာတဲ့၊ အဲဒါ မင်းရဲ့ရဲအရာရှိတွေကို သူ့ကို ဖမ်းစစ်ဖို့ ပြောပေးပါ။

စာရေးသူ ဧည့်ခန်းရောက်တော့ အိမ်ဖော် (၃)ယောက် ကြမ်းပေါ်မှာ ထိုင်နေပါတယ်။ သူတို့ဘေးထိုင်ခုံတွေပေါ်မှာ ရဲအရာရှိတွေ ထိုင်နေကြပါတယ်။ စာရေးသူလည်း ဝင်ထိုင်ပြီး သူတို့ကို အကဲခတ်

ကြည့်မိပါတယ်။ နယ်ထိန်း ဒုရဲအုပ်ဦးတင်က စာရေးသူနားလာပြီး "သူကမပြုံး။ အမေဌေးရဲ့အနီးကပ်ပြုစုရသူပါ၊ သူက မရွှေ၊ ထမင်းချက်ပါ၊ သူက မလှဝင်း။ သန့်ရှင်းရေးလုပ်ပါတယ်" ဆိုပြီး တစ်ဦးချင်းလက်ညှိုးထိုးပြပါတယ်။ မြို့နယ်မှူးက ကျွန်တော်တို့ မေးကြည့်မိချက်အရ ပျောက်ဆုံးတဲ့ပစ္စည်းက ည (၁၀)နာရီလောက်၊ အမေဌေး ဘုရားကိုးဆူပွဲက ပြန်လာတော့ အိမ်ဖော်မပြုံးက အမေဌေးရဲ့ ခြေးမလေးနေမကောင်းဘူး၊ အောက်ထပ်မှာ ပြုစုနေလို့ မခေါ်တော့ဘဲ သူဟာသူ ပစ္စည်းတွေချွတ်ကာ မှန်တင်ခုံပေါ် ဒီတိုင်းတင်ထားခဲ့ပြီး အိပ်သွားခဲ့တယ်။ မနက်လင်းတော့ ပစ္စည်းအားလုံးထဲက စိန်ဆံထိုး ပျောက်နေတယ်လို့ သိရပါတယ်။ အိမ်မှာရှိတဲ့သူတွေအားလုံး အပြင်ကို ဘယ်သူမှ မထွက်ရသေးပါဘူး။ အမေဌေးနဲ့ သူ့သားပဲ ဗေဒင်မေးဖို့နဲ့ ရဲစခန်းလာခဲ့ကြတယ်လို့ သိရပါတယ်။

ပျောက်ဆုံးတဲ့ စိန်ဆံထိုး အပြင်မရောက်သေးဟု ထင်ရသည်။ အိမ်ဖော်တစ်ဦးဦးလက်ချက်ဟုပင် ထင်ရသည်။ အိမ်ဖော် (၃)ဦးကို စာရေးသူ အကဲခတ်ကြည့်မိသည်။ အတတ်ဟောဆရာ စွပ်စွဲသော မပြုံးမှာ လည်ပင်းတွင် စိတ်ပုတီးဆွဲထားပြီး တည်ငြိမ်ရိုးသားသော အသွင်တို့ကို တွေ့ရသည်။ ကျန် (၂)ဦးကိုလည်း အကဲခတ်ကြည့်မိသည်။ နယ်ထိန်း ဒုရဲအုပ်ဦးတင်မှာ ရဲတပ်သားဘဝမှ ဒုရဲအုပ်ဖြစ်လာသော အတွေ့အကြုံ ရင့်ကျက်သည့် ရဲအရာရှိဖြစ်သည်။ သူက စာရေးသူထံလာပြီး ကျွန်တော် သူတို့ (၃)ဦးကို အကဲခတ်ကြည့်ခဲ့တာ တရားခံသိပြီဆရာ။ တရားခံ ဖော်လိုက်တော့မယ်ဟု ပြောလိုက်၍ စာရေးသူက အံ့ဩစွာဖြင့် ခေါင်းညိတ်ပြလိုက်ပါသည်။ ဦးတင်က အိမ်ဖော် (၃)ဦးအနား ကပ်သွားပြီး။

"ကဲ မလှဝင်းထပါ စိန်ဆံထိုး ဘယ်မှာဝှက်ထားသလဲဆိုတာ ပြောပါ။ မင်းယူထားတာ တို့တပ်အပ်သိပါတယ်" ဟု ဆိုလိုက်ပါသည်။

မလှဝင်းက ဣန္ဒြေပျက်ကာ ဦးလေး ကျွန်မ မယူရပါဘူး''ဟု တုန်တုန်ယင်ယင် ဖြေပါတယ်။

နယ်ထိန်း ဒုရဲအုပ်ဦးတင်က ကဲ မင်းငြင်းမယ်ဆိုရင် မင်း ဝှက်ထားတဲ့နေရာ ငါပြမယ်ဆိုပြီး မလှဝင်းကို ဧည့်ခန်းမှာအလှစိုက် ထားတဲ့ စဉ့်ဂမုန်းပန်းအိုးနား ခေါ်သွားပြီး ဂမုန်းပင်ပတ်လည်က ပွနေတဲ့ မြေဆွေးတွေကို လက်နဲ့ဖွရှာလိုက်တော့ စိန်ဆံထိုးကြီး ထွက်လာ ပါတယ်။

အားလုံး ဟာကနဲ အံ့သြတကြီး ဖြစ်သွားကြပါတယ်။ ကဲ မလှဝင်း မငြင်းနဲ့တော့ မလှဝင်းက ရှိုက်ကြီးတငင် ငိုချလိုက်ပါတယ်။

မလှဝင်းက ''ဟုတ် ဟုတ်ကဲ့ မနေ့ညနေက မေမေကြီး ဘုရားကိုးဆူသွားဖို့ အပေါ်ထပ်က လှေကားကဆင်းလာတော့ လှေကား ရင်းမှာ ပဝါခြုံလိုက်တော့ ခေါင်းပေါ်ကဆံထိုး ပြုတ်ကျကျန်ခဲ့ပါတယ်။ အားလုံးထွက်သွားကြတော့ ကျွန်မယူပြီး ပန်းအိုးထဲမှာ ဝှက်ထားခဲ့ ပါတယ်ဟု ဝန်ခံပါသည်။

အမှုက ပေါ်သွားပြီ၊ အတတ်ပောဆရာဟောလိုက်သော မပြုံးတစ်ယောက် ဘာသာရေးကိုင်းရှိုင်းမှု၊ ရိုးသားမှုများကြောင့် အဖမ်း မခံရဘဲ အစစ်အဆေးပင် မခံလိုက်ရ။

စာရေးသူက အမေဌွေးနားကပ်သွားပြီး ''ကဲ အမေရေ အတတ်ဟောဆရာတွေက ရဲကို ဒက္ခပေးတာများပြီ၊ အတွေ့အကြုံ ရှိတဲ့ ရဲက ပိုပြီး အတတ်ဟောနိုင်ပါတယ်'' ဟု ပြောလိုက်ရာ အမေဌွေးတို့မိသားစု ဝိုင်းရယ်ကြသည်။

အတွေ့အကြုံရှိသူ နယ်ထိန်းဒုရဲအုပ်ဦးတင်ကို ဘယ်လိုသိလို့ တရားခံဖော်ထုတ်လိုက်တာလဲလို့ မေးတော့ ''ဆရာရယ် လွယ်လွယ် လေးပါ။ သူတို့ (၃)ယောက်ထိုင်နေတာ အကဲခတ်ကြည့်နေတော့

မလှဝင်းက တုန်တုန်ယင်ယင်နဲ့ ယူနီဖောင်းဝတ်ထားတဲ့ ကျွန်တော်တို့ကို ကြောက်ကြောက်ရွံ့ရွံ့နဲ့ ခိုးကြည့်နေတယ်။ အတွေ့အကြုံမရှိတဲ့ သူခိုးဟာ ကုလခြေပျက်တတ်တယ်ဆိုတာ ကျွန်တော့်အတွေ့အကြုံအရ တပ်အပ်စွပ်စွဲပြီး ဖော်ထုတ်လိုက်တာပါဆရာ။

အတွေ့အကြုံမှ အမှန်တရားကို ဖော်ထုတ်ပေးနိုင်ခဲ့ခြင်းပင်။ ဒီလိုအမှုတွေ အများကြီးပင် ရှိပါသည်။ စာဖတ်သူများ **အတတ်ပေါ** ဆရာဆိုတိုင်း ယုံသင့်မှ ယုံပါဟု။

❊ ❊ ❊ ❊ ❊

[ ၂၆ ]

# လိမ်စရာမရှိတော့လည်း ကြံမိကြံရာ ကြံမိတာပါတဲ့

လိမ်လည်မှုများအနက် အရိုးအရှင်းဆုံး လိမ်ခဲ့သော အမှုတစ်ခုအကြောင်း တင်ပြလိုပါတယ်။

ယခင်ခေတ်က ရန်ကုန်တိုင်းကို နယ်မြေများ သတ်မှတ်ခဲ့ပါတယ်။ ဗဟန်းမြို့နယ်နဲ့ ဒဂုံမြို့နယ်ကို အမှတ် (၈)နယ်မြေလို့ သတ်မှတ်ထားပါတယ်။ အဲဒီခေတ်က စာရေးသူက နယ်စီးရဲအရာရှိအဖြစ် (၈)နယ်မြေက မြို့နယ်ရဲများနှင့် ရဲစခန်းများကို ကြီးကြပ်ရပါတယ်။

တစ်ရက်တော့ ရွှေတိဂုံစေတီတော်ကြီးအနီးက ဆရာတော်ကြီးရဲ့ကျောင်းမှာ ဆွမ်းကပ်ပွဲရှိလို့ ဒကာရင်းဖြစ်တဲ့ စာရေးသူကို တိုက်အုပ်ဆရာတော်က ဖုန်းနဲ့ဆက်ပြောပါတယ်။ ဆရာတော်ကြီးက မနက်ဖြန်နံနက် (၁၀)နာရီလောက် အားရင် ကျောင်းကိုလာခဲ့ဖို့ ဆက်သွယ်နိုင်းကြောင်း သိရပါတယ်။

ကျောင်းထိုင်ဆရာတော်ကြီးနဲ့ ဆရာ ဒကာရင်းဖြစ်လို့ စာရေးသူလည်း တပည့်များနဲ့ ဆရာတော်ကို လှူဖွယ်ပစ္စည်းအချို့ ဝယ်ပြီး နောက်တစ်နေ့နံနက် (၁၀)နာရီလောက် အရောက်သွားခဲ့ကြပါတယ်။

ဆရာတော်ကြီးရဲ့ကျောင်းမှာ ဆရာတော်ရဲ့ ဒကာရင်းအချို့နဲ့ စာရေးသူတို့ပဲ ရောက်ကြပါသေးတယ်။ မွေးနေ့အလှူဒကာရှင်နဲ့ သူ့မိတ်ဆွေတွေမရောက်ကြသေးပါဘူး။ စာရေးသူအပါအဝင် အားလုံးက စောင့်မျှော်နေကြပါတယ်။

(၁၁)နာရီထိုးတော့လည်း အလှူရှင်တွေ မရောက်လာကြပါဘူး။ ဒါနဲ့ စာရေးသူနဲ့ တပည့်များကပဲ ဆရာတော်နဲ့ သံဃာတော်များအတွက် အလွယ်တကူဝယ်ရမည့် "ဒန်ပေါက်" ကို အမြန်ဝယ်ပြီး ဆွမ်းချိန်အမီ ကပ်ခဲ့ရပါတယ်။

(၁၂)နာရီကျော်သွားတယ်။ အလှူရှင်ဒကာကတော့ ပေါ်မလာပါဘူး။

ဒါနဲ့ စာရေးသူက တိုက်အုပ်ဆရာတော်ကို အလှူရှင်က ဘယ်သူဘယ်ဝါ၊ ဘယ်မှာနေလဲ စသည်ဖြင့် လျှောက်ထားကြည့်တော့ အောက်ပါအတိုင်း သိရပါတယ်။

အလှူရှင်က ဦးကျော်ခင် အသက် (၅၆)နှစ်၊ သစ်ကုန်သည် အမှတ် (....) အောင်မင်္ဂလာလမ်း၊ မင်္ဂလာတောင်ညွန့်လို့ လိပ်စာပေးပြီး သူကိုယ်တိုင် လာလျှောက်ပါတယ်။ ကျောင်းရှိသံဃာတော်များနဲ့ လူပုဂ္ဂိုလ် (၁၅၀)ခန့်ကို (၅၆)နှစ်မြောက်မွေးနေ့အဖြစ် ဆွမ်းကပ်လှူဒါန်းလိုကြောင်း လျှောက်လို့ တိုက်အုပ်ဆရာတော်က အသေးစိတ် ညှိပြီး စီစဉ်ပေးခဲ့ကြောင်း၊ ဦးကျော်ခင်က ဆွမ်းကပ်မည့်နေ့ နံနက် (၈)နာရီ အရောက် ကျောင်းကိုလာမည်ဖြစ်ကြောင်း၊ နာမည်ကြီး "ဒန်ပေါက်"

ဆိုင်ကို အထူးအော်ဒါပေးမည်ဖြစ်ကြောင်း၊ ဒန်ပေါက်ဆွမ်းကပ်ပြီးလျှင် သံပုရာဖျော်ရည်နှင့် အချိုပွဲများကပ်ရန် စီစဉ်ထားကြောင်း၊ ကျောင်းရှိ ဒန်အိုးဒန်ခွက်၊ အအေးဖျော်ဖို့ ဒန်ချိုင့်များရှိလျှင် တစ်ခါတည်း ယူသွားလိုကြောင်း လျှောက်ထားလို့ တိုက်အုပ်ဆရာတော်ကလည်း ဒန်အိုးကြီး (၃)လုံး၊ ဒန်အိုးလတ် (၅)လုံး၊ ဖျော်ရည်ထည့်ယူလာဖို့ ဟင်းချိုထည့်တဲ့ချိုင့်ကြီး (၁၀)လုံးတို့ကို ယုံကြည်စွာ ပေးလိုက်ကြောင်း၊ အလှူရှင်ဆိုသူ ဦးကျော်ခင်မှာ တိုက်ပုံအဖြူနှင့် သားသားနားနား ဝတ်ထားပြီး လက်မှာ ရွှေလက်ပတ်ကြိုးပတ်ထားသည်ကို မှတ်မိကြောင်း၊ ယခင်က ကျောင်းကိုမလာဘူး၍ မသိကြောင်း၊ ကျောင်းမှ ပစ္စည်းများကို သုံးဘီးအငှားကားကို လမ်းထိပ်မှငှားလာပြီး သယ်သွားကြောင်း တိုက်အုပ်ဆရာတော်က မိန့်ကြားခဲ့ပါတယ်။

စာရေးသူနဲ့ တပည့်များလည်း ဟိတ်ဟန်နဲ့ သားသားနားနား ဝတ်စားဆင်ရင်လာကာ သံဃာတော်ကျောင်းများကိုပါ လိမ်သွားခဲ့တဲ့ ဦးကျော်ခင်ဆိုသူကို အမြန်ရှာဖွေဖမ်းဆီးဖို့ အဖွဲ့တွေခွဲပြီး တာဝန်ပေးခဲ့ပါတယ်။

ဦးကျော်ခင် ပြောသွားတဲ့ လိပ်စာက အတုကြီးပါ။ အဲဒီ လိပ်စာဟာ ကပြားလက်ဖက်ရည်ဆိုင်တစ်ဆိုင် ဖြစ်နေပါတယ်။ ဒါပေမယ့် လမ်းထိပ်က သူငှားသွားတဲ့ သုံးဘီးကားကို စုံစမ်းရှာဖွေ တွေ့ရှိခဲ့လို့ ကျောင်းကပစ္စည်းတွေကို ပို့ပေးရတဲ့နေရာက တစ်ဆင့် ဦးကျော်ခင်ဆိုသူကို အဲဒီညမှာပဲ ဖမ်းမိခဲ့ပါတယ်။ ကျောင်းကပစ္စည်း တွေလည်း ထုခွဲရောင်းချလို့ မပြီးသေးခင်မှာပဲ ပြန်သိမ်းနိုင်ခဲ့ပါတယ်။

အမည်ရင်းက ဦးကျော်ခင်မဟုတ်ဘဲ ဦးဝင်းမောင်ဆိုသူ ဖြစ်ပါတယ်။ ရန်ကုန်အရှေ့ပိုင်း ဆင်ခြေဖုံးမှာ နေပါတယ်။ အဲဒီနေ့က အဝတ်အစားကအစ ငှားရမ်းပြီး လက်ပတ်ကြိုး အတုကြီးနဲ့

ဟန်ဆောင်ကာ လိမ်လည်သွားခြင်းဖြစ်ပါတယ်။ သူ့ကို ရဲစခန်း (၂)ခုက လိမ်လည်မှု ပုဒ်မ ၄၂၀ နဲ့ အလိုရှိနေသူလည်း ဖြစ်ပါတယ်။ အဲဒီ (၂)မှုစလုံးက အိမ်ဆောက်ပစ္စည်းထုတ်ရမယ်ဆိုတဲ့ ပါမစ်အတုတွေပြပြီး ငွေလိမ်ယူသွားခြင်းဖြစ်ကြောင်း ပေါ်လာပါတယ်။

စာရေးသူလည်း ဦးကျော်ခင် (ခ) ဦးဝင်းမောင်ကို အရေးယူထားတဲ့ ဗဟန်းရဲစခန်းကို သွားပြီး မေးကြည့်ဖြစ်ပါတယ်။ လိမ်စရာများ ရှားလို့ ဘာလို့ ဘုန်းကြီးကျောင်းသွားလိမ်ရတာလဲလို့မေးတာ။ ကျွန်တော် အပြင်မှာ လိမ်ရမဲ့လူမရှိတော့ ကြံမိကြံရာ ကြံမိပြီး အဲဒီကျောင်းကိုသွားပြီး လိမ်ခဲ့မိပါတယ်။ ရမဲ့ပစ္စည်းတွေ ထုခွဲပြီး သုံးဖို့ **ကြံမိကြံ**ရာ ကြံခဲ့ရတာပါတဲ့။

စာဖတ်သူများ သင်ခန်းစာယူနိုင်ကြပါစေ။

❋ ❋ ❋ ❋ ❋

[ ၂၇ ]

# ယုံလွယ်တော့ မှားတတ်ပါတယ်

ဒီအပတ်မှာတော့ စာရေးသူကိုယ်တိုင် ကြီးကြပ်ဖော်ထုတ်ခဲ့ရတဲ့ အမှုတစ်ခုအကြောင်း တင်ပြလိုပါတယ်။

အမှုကတော့ လိမ်လည်မှု၊ အလွဲသုံးစားမှု (ယုံကြည်အပ်နှံခြင်းကို ဖောက်ဖျက်မှု) စတဲ့အမှုတွေကို တစ်ဦးတည်း ကျူးလွန်သွားတဲ့အမှုပါ။ လိပ်စာနဲ့ အမည်တွေကိုတော့ အတိအကျ မဖော်ပြတော့ပါဘူး။

သူ့နာမည်က အောင်မြင့်၊ စိန်မင်းသားအောင်မြင့်ပါ။ ရတနာတွေရောင်းဝယ်တဲ့သူဖြစ်ပေမဲ့ စိန်ကို အလေးပေးအရောင်းအဝယ်လုပ်ကြတော့ သူ့ကို "စိန်မင်းသားအောင်မြင့်" ရယ်လို့ စိန်ရွှေရတနာရောင်းဝယ်ရေးသမားတွေ နားမည်ပေးထားကြတယ်"။

အောင်မြင့်က နေတော့လူကုံထံတွေနေတဲ့ ရပ်ကွက်က ခြံကြီး အတွင်းက နှစ်ထပ်တိုက် ခေတ်မီလှတဲ့ အဖြူရောင်တိုက်ကြီးမှာ နေပါတယ်။

ကားစီးတော့ မာစီဒီးကားအနက်ကြီး . . .

လူပုံက ခပ်ချောချော၊ တပည့် (၂)ယောက်နဲ့ အိမ်မှာနေကြတယ်။ ဇနီးနဲ့ကလေးရှိတယ်လို့တော့ ပြောတယ်၊ ဘယ်မှာထားတယ် ဆိုတာ တိတိကျကျ မပြော . . .

လူက . . . ကပြား . . .

နယ်စပ်က အရောင်းအဝယ်သမားတွေနဲ့ အဆက်အသွယ်ရှိတော့ စိန်အရောင်းအဝယ် အကောင်းဆုံးလို့ ဆိုရပါမယ်။ စိန်ရောင်းချင်တဲ့ ပိုင်ရှင်တွေ၊ ပွဲစားတွေ သူ့ဆီကိုသွားပြီး ဆက်သွယ်ကြတယ်။ သူ့ကို လာဆက်သွယ်သူတိုင်းကို ရောင်းထွက်အောင် ကူညီဆောင်ရွက်ပေးခဲ့တယ်။ သူက သတ်မှတ်တဲ့ရောင်းပေးခ (ပွဲစားခ)ကိုတော့ ယူတယ်ပေါ့။

တချို့သော စိန်ရောင်းချင်သူတွေ၊ ပွဲစားတွေက အလုအယက် သူ့ဆီကို သွားဆက်သွယ်ကြတယ်။ နယ်စပ်က ဝယ်ချင်တဲ့လူတွေ၊ အညာဘက်က ဝယ်ချင်တဲ့သူတွေလာရင် ရောင်းပေးပါဆိုပြီး အောင်မြင့်ထံ အထုပ်အထည်နဲ့ ယုံကြည်စွာ သွားအပ်ကြတယ်။

ပစ္စည်းဈေးနည်းနည်း ပွဲခကိုတော့ ရောင်းမည့်သူနဲ့ "အောင်မြင့်"တို့ ညှိနှိုင်းကြပြီး အောင်မြင့်က စနစ်တကျထုပ်ပိုး လက်ခံပါတယ်။ ပစ္စည်းတန်ဖိုးသိပ်များရင် ပြေစာတောင် ရေးပေးလိုက်ပါတယ်။

စိန်မင်းသားအောင်မြင့်က သူ့ကို ယုံကြည်စွာ ဆက်သွယ်အပ်နှံသူတွေကို တစ်ချီကောင်း၊ နှစ်ချီကောင်းလည်း ပေးလိုက်မယ်ဆိုရင်ပဲ သူ့ကို ပိုပြီးယုံကြည်သွားကြပါတယ်။ ပိုပြီး အားကိုးကြပါတယ်။

နေတော့ လူကုံထံရပ်ကွက်က ခြံကြီးနဲ့ တိုက်အိမ်ကြီး၊ စီးတော့ မာစီဒီးကားနက်ကြီး၊ လူပုံက စကားပြောကောင်း ခပ်ချောချော ဆိုတော့ စိန်အရောင်းအဝယ်လောကမှာ ရေပန်းစားလာခဲ့ပါတယ်။

တစ်ရက်တော့ မြို့လယ်က ရဲစခန်း (၄)ခုမှာ စိန်မင်းသား အောင်မြင့်ထံ ပစ္စည်းရောင်းပေးဖို့ အပ်ထားတဲ့ ပွဲစားနဲ့ ပစ္စည်းရှင် (၇)ဦးတို့ အောင်မြင့်ကို ပုဒ်မ ၄၂၀/၄၀၆ တို့နဲ့ အမှုဖွင့်တိုင်ကြားခဲ့လို့ အမှုစာရင်းတွေတိုင်း ရဲတပ်ဖွဲ့ကို ရောက်လာပါတယ်။

ပွဲစားတွေက ရောင်းပေးမယ်ဆိုပြီး ရောင်းချသူထံက ယူထားတဲ့ စိန်ထည်ပစ္စည်းတွေပါသွားတော့ ပစ္စည်းရှင်တွေက ပွဲစား တွေကို အမှုထပ်ဖွင့်ကြပါတယ်။ အမှုတွေက ဆင့်ကဲဆင့်ကဲနဲ့ များလာ တယ်ပေါ့။ ခံရသူတွေက အားကိုးအားထားပြုရမဲ့နေရာတွေကို တိုင်စာတွေ တက်ကြပြန်ပါတယ်။

ဒီအမှုဟာ လူအများစိတ်ဝင်စားပြီး အရေးကြီးတဲ့ အမှုတစ်ခု အဖြစ် ရောက်လာပါတယ်။

''စိန်မင်းသားအောင်မြင့်'' ကတော့ ပျောက်ခြင်းမလှ ပျောက်သွားပါပြီ။ တပည့်တွေလည်း ပျောက်ကုန်ပါတယ်။

သူနေတဲ့ခြံကလည်း ငှားထားတဲ့ခြံဖြစ်ပါတယ်။ ကားကြီး ကလည်း လစဉ်ငှားထားတဲ့ ကားဖြစ်နေပါတယ်။ သူပိုင်ပစ္စည်း ဘာမှ မကျန်ခဲ့ပါဘူး။

ဒီအမှုကြီးက ရဲတပ်ဖွဲ့ဝင်တွေအပေါ် ပုံကျလာတယ်။

ဒီအမှုကို မပေါ်ပေါ်အောင် ရဲတပ်ဖွဲ့ဝင်တွေ လှုပ်ရှားကြရ ပါတယ်။ အဲဒီအချိန်က စာရေးသူက စခန်းအားလုံးရဲ့ အမှုတွေကို ကြီးကြပ်ဖော်ထုတ်ရမယ့်တာဝန် ကျလာပါတယ်။

စာရေးသူလည်း အဖွဲ့တွေခွဲပြီး စိန်မင်းသားအောင်မြင့် အဆက်အသွယ်ရှိနိုင်တဲ့ သဲလွန်စကို ရှာကြရပါတယ်။ ရပ်ကွက်မှာ ဧည့်စာရင်းတိုင်ပြီး နေတဲ့သူဖြစ်တော့ သူ့မှတ်ပုံတင်က နယ်စပ်က မှတ်ပုံတင်ဖြစ်နေတယ်။ အဲဒီကိုလည်း ချက်ချင်းလိုက်ကြပါတယ်။ နောက်ဆုံးတော့ သူငှားစီးထွက်ပြေးသွားတဲ့ ကားသမားက သတင်း လာပေးတော့ နယ်စပ်တစ်နေရာက ကစားဝိုင်းတစ်ခုမှာ ဖမ်းမိခဲ့ပါတယ်။

သူလိမ်လည်ယူသွားတဲ့ စိန်ပစ္စည်းက သိန်း (၈၀၀)ဖိုးလောက် ရှိပါတယ်။ နယ်မြေအာဏာပိုင်တွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေအကူအညီနဲ့ သူ့လက်ဝယ်ရှိနေတာ၊ သူလိမ်ထားတဲ့သူတွေဆီက အားလုံးနီးပါး ပြန်သိမ်းယူနိုင်ခဲ့ပါတယ်။

ရန်ကုန်က ထွက်ပြေးသွားပြီး နယ်စပ်ရောက်တော့ အမျိုးသမီး နှစ်ယောက်ကို လူကြီးစုံရာနဲ့ လက်ထပ်ယူထားပါတယ်။ သူ့မယားကြီးနဲ့ ကလေး (၂)ယောက်လည်း သူတို့နေတဲ့ မြို့ငယ်လေးမှာ ရှိနေတယ် ဆိုတာလည်း တွေ့ရပါတယ်။

ဒီအမှုအတွက် စိန်မင်းသားနဲ့ အပေါင်းပါများ ထောင်နန်းစံ သွားကြရပါတယ်။

စာရေးသူ အမိက တင်ပြချင်တာကတော့ လူမြင်တိုင်း မယုံပါနဲ့၊ ဟိတ်ဟန်ကြီးတွေနဲ့နေတဲ့ သူတိုင်းကိုလည်း မယုံပါနဲ့၊ သူ့ရဲ့ နောက်ကြောင်း အခြေအနေတွေကို သိအောင်လုပ်ပြီး သေချာမှ ယုံကြည်ပါ။

❋ ❋ ❋ ❋ ❋

[ ၂၈ ]

# ကားအဝယ်မမှားကြရအောင်

ယခုတစ်လော ရန်ကုန်မြို့ပေါ်တွင် မော်တော်ကားအရောင်း အဝယ်ကိစ္စအရှုပ်အရှင်းများကြောင့် ရဲစခန်းများ၊ တရားရုံးများတွင် ဖြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀၊ ၄၀၆ စသည့် အမှုများဖြင့် အရေးယူ တရားစွဲခြင်းများ ဖြစ်ပွားလျက်ရှိကြောင်း သိရပါသည်။

စာရေးသူ၏အသိတစ်ယောက်သည် ကားတစ်စီးဝယ်ရာတွင် ကားလိုင်စင် စာအုပ်နှင့်အတူ အဆင့်ဆင့်လက်ပြောင်း ရောင်းဝယ် ခဲ့သော စာချုပ်များ၊ ဆီထုတ်ခွင့်စာအုပ်စသည့် အပြည့်အစုံပါလာသဖြင့် သိန်းရာချီပေးပြီး ကားကို ဝယ်စီးခဲ့ပါသည်။ ဝယ်စီးနေခဲ့ရာ (၄)လခန့် ကြာသောအခါတွင် ရဲစခန်းမှ ကားကို အမှုနှင့်လာသိမ်းခြင်းခံရပါသည်။ အဖြစ်အပျက်မှာ ပိုင်ရှင်က နိုင်ငံခြားသို့ ခေတ္တခရီးထွက်သွားသဖြင့်

ညီမအရင်းဖြစ်သူကို (Special Power)ပါပေးခဲ့ပြီး ထိန်းသိမ်းစေခဲ့သည်။ ညီမဖြစ်သူက ပထမပေါင်ထားပြီး အတိုးမပေးနိုင်သဖြင့် စာချုပ်စာတမ်းဖြင့် အပြီးအပိုင်ရောင်းချပေးလိုက်ကြောင်း သိရပါသည်။ နောက်ဆုံးဝယ်ယူသူက ကားကို (၄)လခန့်ကြာအောင်စီးနင်းနေရာမှ မူလပိုင်ရှင်အစ်ကိုဖြစ်သူ နိုင်ငံခြားမှ ပြန်ရောက်လာရာ ညီမဖြစ်သူက ၎င်းအပ်ထားသော ကားကို အလွဲသုံးစားလုပ်၍ ရောင်းစားထားကြောင်းတွေ့ရှိရ၍ ညီမကို ပုဒ်မ ၄၂၀/၄၀၆အရ အမှုတိုင်ခဲ့ပါသည်။ ကားမှာ အစ်ကိုဖြစ်သူ နိုင်ငံခြားသွားနေစဉ်ကာလအတွင်း လက်ဆင့်ကမ်းအရောင်းအဝယ် (၄)ဦးရှိခဲ့ပါသည်။ နောက်ဆုံးဝယ်ယူထားသော ပိုင်ရှင်ထံမှ အမှုနှင့် သိမ်းဆည်းခဲ့ရသဖြင့် နောက်ဆုံးဝယ်ယူထားသူမှာ နစ်နာခဲ့ရပါသည်။ ယခုအခါ အမှုရင်ဆိုင်နေဆဲဖြစ်ပါသည်။

ထိုနည်းတူစွာ ဖြစ်ပွားခဲ့ပြီးသော၊ ဖြစ်ပွားဆဲ ကားလိမ်လည်ရောင်းဝယ်မှုများကို လေ့လာသုံးသပ်ကြည့်ပါက အောက်ပါအချက် (၄)ချက်ကြောင့်ဖြစ်ပွားခဲ့ကြောင်း သုံးသပ်ရရှိနိုင်မည်ဖြစ်ပါသည်။

တစ်ချို့သူများမှာ ကားကို ငွေအသုံးလို၍ တစ်ဦးတစ်ယောက်ထံ ပေါင်ပါသည်။ ကားကိုပေါင်ရာတွင် ငွေထုတ်ပေးသူထံ ကားကိုရောင်းချကြောင်း စာချုပ်လက်မှတ်ရေးထိုးထားရပါသည်။ စာချုပ်နှင့်အတူ လိုင်စင်စာအုပ်၊ ဆီထုတ်ယူခွင့်စာအုပ်များကိုပါ ကားနှင့်အတူ ပေးအပ်ရပါသည်။ လစဉ် အတိုးသတ်မှတ်နှုန်းကို ပေါင်သူက ပေးဆပ်ရပါသည်။ ငွေထုတ်သူက ကားကို သုံးစွဲနေခွင့်ရပါသည်။ ယင်းသို့ ပေါင်းထားရာမှ အတိုးမဆပ်နိုင်သည့်အခါ ကားကို အပိုင်သိမ်းခြင်း၊ သတ်မှတ်ကာလကျော်သည်အထိ အတိုးမပေးလျှင် လက်လွှဲရောင်းချလိုက်၍ ပထမပိုင်ရှင်မှ မခံမရနိုင်ဖြစ်ကာ တရားစွဲခြင်းဖြစ်ပါသည်။

ဒုတိယအချက်မှာ ကားကို လပေးနှင့် ငှားရမ်းပေးထားရာမှ ဖြစ်တတ်ပါမည်။ ကားနှင့်အတူ ဆီစာအုပ်၊ ကားငှားစာချုပ်များကို ငှားစီးသူထံ ပေးထားရပါသည်။ ကားမှာ လိုင်စင်သက်တမ်း ကုန်ဆုံးသည့်အခါ လိုင်စင်စာအုပ်ကို လိုင်စင်အသစ်လဲရန်အတွက် ငှားစီးသူကို ပေးလိုက်စဉ် ငှားစီးသူက အလွဲသုံးစားလုပ်၍ ရောင်းချလိုက်သဖြင့် တရားစွဲဆိုခံရခြင်း ဖြစ်ပါသည်။

တတိယအချက်မှာ ယာဉ်ပိုင်ရှင်သည် လိုင်စင်သက်တမ်းတိုးရန် သက်ဆိုင်ရာများသို့ ကိုယ်တိုင်မသွားနိုင်သဖြင့် ရင်းနှီးသူ၊ ကျွမ်းကျင်သူများကို လိုင်စင်စာအုပ်၊ ဆီစာအုပ်၊ ကိုယ်စားလှယ်လွှဲစာ၊ ငွေကြေးအပြည့်အစုံပေးပြီး ဆောင်ရွက်စေခဲ့ရာ ရင်းနှီးသူ၊ ကျွမ်းကျင်သူများက အရောင်းအဝယ်စာချုပ်အရ ရောင်းချတိမ်းရှောင်သွား၍ တရားစွဲခံရခြင်းအမှု ဖြစ်ပါသည်။

စတုတ္ထအချက်မှာ ကားပိုင်ရှင်က ကားကို အမှုအဖြစ်ခံနိုင်သူတစ်ဦးကို ကားအငှားစာချုပ်၊ အရောင်းအဝယ်စာချုပ်အတုများလုပ်ကာ အတိုင်အဖောက်လုပ်၍ ပေးလိုက်ပါသည်။ ကားယူသွားသူက ကားကို ရောင်းချလိုက်ပြီး ထွက်ပြေးတိမ်းရှောင်သွားခဲ့ပါသည်။ ငွေကို ပိုင်ရှင်နှင့် ရောင်းပြေးသူ အတိုင်အဖောက်လုပ်၍ ထားသည့်အတိုင်း ခွဲယူကြပြီး ပိုင်ရှင်ကသက်ဆိုင်ရာသို့ ၄၂၀/၄၀၆ ဖြင့် သွားရောက်တိုင်တန်းခဲ့လိုက်ပါသည်။ ၎င်းပိုင်ကားကို ပြန်ရအောင် ဥပဒေအရအထောက်အထားပြ၍ ပြန်ယူပါသည်။ ရောင်းသွားသူမှာ နှစ်ခို၍ ရှောင်တိမ်းသွားခဲ့ကြောင်း တွေ့ရသော အမှုများဖြစ်ပါသည်။ အခြားအကြောင်းအချက်များလည်း ရှိနိုင်ပါသည်။

အထက်ပါ အချက်များကြောင့် ကားအရောင်းအဝယ်များယွင်းသောအမှုများဖြစ်ပွားခဲ့ကြောင်း သုံးသပ်ရရှိပါသည်။ ယနေ့ ကားအရောင်းအဝယ်လုပ်ကြရာတွင် များသောအားဖြင့် ကားလိုင်စင်တွင်

အမည်ပေါက်သူနှင့် နောက်ဆုံးဝယ်ယူသူတို့ တိုက်ရိုက်ရောင်းဝယ်ကြခြင်းမဟုတ်ဘဲ ဆင့်ကဲဆင့်ကဲ ရောင်းဝယ်သူများနှင့်သာ အရောင်းအဝယ်စာချုပ်လုပ်၍ ဝယ်ယူရခြင်းဖြစ်ပါသည်။ အဆင့်ဆင့် ရောင်းဝယ်သူများထဲမှ နောက်ဆုံးဝယ်ယူထားသူသာ အမှုနှင့် ကားကိုအသိမ်းခံရသဖြင့် နစ်နာခဲ့ကြောင်းတွေ့ရပါသည်။

စာရေးသူအနေနှင့် အကြံပြုလိုသည်မှာ ယာဉ်လိုင်စင်တွင် အမည်ပေါက်သူနှင့်သာ အရောင်းအဝယ်လုပ်လျှင် စိတ်အချရဆုံးဖြစ်ပါသည်။ ကြားလူအဆင့်ဆင့်ထံမှ အကြောင်းကြောင်းကြောင့် ဝယ်ယူခဲ့လျှင်လည်း လိုင်စင်အမည်ပေါက်သူနှင့် တိုက်ရိုက်အရောင်းအဝယ် စာချုပ်ချုပ်ရန် မဖြစ်နိုင်လျှင် အမည်ပေါက်နေသူထံသွားရောက်၍ အရှုပ်အရှင်းရှိမရှိ စုံစမ်းသင့်ပါသည်။ ထို့အပြင် အဆင့်ဆင့် ရောင်းဝယ်ခဲ့သော စာချုပ်များကိုလည်း တီးခေါက်လေ့လာစုံစမ်းသင့်ပါသည်။ အမည်ပေါက်ပိုင်ရှင်ကို နောက်ဆုံးအရောင်းအဝယ်စာချုပ်သက်သေအဖြစ် လက်မှတ်ရေးထိုးစေလျှင် ပို၍နိုင်လုံပါသည်။ ကားလက်ဝယ် ဝယ်ယူပိုင်ဆိုင်ထားသူသည် အထက်ပါအချက်များစဉ်းစားစုံစမ်းပြီး သေချာမှဝယ်ယူသင့်ပါကြောင်း အသိတရားလက်ကိုင်ထားနိုင်ကြစေရန် အကြံပြုရေးသားတင်ပြအပ်ပါသည်။

❋ ❋ ❋ ❋ ❋